# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သတိရှိစွာကျင့်ရာ၏**

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော် (ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာကျင့်ရာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၃၂၈)**


၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၆၇)


# (၆၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၇**

နောင်လာနောက်သားများ လွတ်လပ်ရေး၏တန်ဖိုးကို သိရှိတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေး အသက်ပေးကာကွယ်စောင့်ရှောက်သွားမည်ဟူသည့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုရှင်သန်တိုးတက်မြင့်မားလာစေရေးအတွက် ရည်ရွယ်၍ အာဇာနည်နေ့အခမ်းအနားအား ကျင်းပသွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ကော်မတီများအလိုက် ဆောင်ရွက်သွားရမည့်

*စာမျက်နှာ ၃ ကော်လံ ၂* ✻



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

စာမျက်နှာ-၄

# နယ်သာလန်မှ Royal Dutch KLM လေကြောင်းလိုင်း မြန်မာနိုင်ငံသို့ ပျံသန်းမည်



**သတင်း-တင်စိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-အေးကေလင်း**

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်းများက လေယာဉ်ခရီးစဉ်များ တိုးမြှင့်ပျံသန်းလျက်ရှိရာ နယ်သာလန်နိုင်ငံမှ Royal Dutch KLM လေကြောင်းမှလည်း လေယာဉ်ခရီးစဉ်များ ပျံသန်းနိုင်ရေး နှစ်နိုင်ငံကြားလေကြောင်း သဘောတူစာချုပ်တစ်ရပ်ကို ရန်ကုန်မြို့လေကြောင်းပို့ဆောင်ရေး

*စာမျက်နှာ ၃ ကော်လံ ၅* ■

## လေဖိအားနည်း ရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇွန် ၂၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

(မြန်မာ့အလင်း)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# မူးယစ်ဆေးဝါးကင်းစင်ရေးတွင် ပြည်တွင်းငြိမ်းချမ်းရေးသည်အရေးပါ

မြန်မာကြိုက် ကိုရီးယားမင်းသားတစ်ဦး မူးယစ်ဆေးဝါးများအလွန်အကျွံ သုံးစွဲကာ မိမိကိုယ်မိမိအဆုံးစီရင်သွားခဲ့သည်။ နာမည်ကျော် မင်းသား တစ်ဦးဖြစ်သည့်တိုင် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ထောင်နှစ်ခါကျခဲ့ဖူးသူ၏ ဘဝမှာ လုံးဝတစ်ခန်းရပ်သွားခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အနုပညာလောကတွင်လည်း မူးယစ်ဆေးဝါးနှင့်တစ် နည်းနည်းပတ်သက်ခဲ့မှုများကြောင့် ဥပဒေကပေးသည့်ပြစ်ဒဏ်ခံယူ ခဲ့ရသူများရှိခဲ့ဖူးသည်။ မူးယစ်ဆေးဝါးကို သုံးစွဲလိုက်ပြီဆိုသည်နှင့် သုံးစွဲ သူ၏ဦးနှောက်၊ ဗဟိုနာ့ဗ်ကြော၊ အာရုံကြောစသည့် အစိတ်အပိုင်းတို့ကို ထုံထိုင်းမူးယစ်စေကာ အထင်အမြင်အာရုံအမှားများကို ခံစားရစေသည်။ ရေရှည်တွင် ဦးနှောက်ကိုထိခိုက်ကာ ဆေးကြောင်ကြောင်သည့် အပြု အမူများဖြစ်ပေါ်စေပြီး အသက်အန္တရာယ်ထိခိုက်စေသည်အထိ မူးယစ် ဆေးဝါး၏ အန္တရာယ်က ကြီးသည်။

မူးယစ်ဆေးဝါးကို စတင်သုံးစွဲရာတွင် ဆယ်ကျော်သက်များမှသည် အသက် ၂၀ အရွယ်ခန့်အထိဖြစ်ပြီး မူးယစ်ဆေးစွဲရာတွင်မူ အသက် ၂၀ မှ ၄၀ ကြား လူငယ်လူရွယ်များဖြစ်သည်ဟု စစ်တမ်းများက ဆိုထားရာ လူ့ဘဝသက်တမ်းတွင် တက်လူဟုဆိုနိုင်သော အကောင်းဆုံးအရွယ်များ ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံအတွက်လည်း အဖိုးတန်လူသားအရင်းအမြစ်များ ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးများက လူငယ်လူရွယ်တို့ စုဝေးရာ၊ လူငယ် လူရွယ်တို့၏ပတ်ဝန်းကျင်များတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ရှိနေတတ်ကြ သည်။ ဘိန်းနှင့်ဆေးခြောက်ကဲ့သို့သော မူးယစ်ဆေးဝါးများအပြင် ယာဘ ကဲ့သို့သော ဓာတုဗေဒအခြေခံစိတ်ကြွရူးသွပ်ဆေးပြားများမှာလည်း ကျောင်းသားအရွယ်လူငယ်များရှိရာသို့ နည်းလမ်းမျိုးစုံဖြင့် ထိုးဖောက် လျက်ရှိသည်။

ဇွန် ၂၆ ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား များအတွင်း ရန်ကုန်၊ မန္တလေးနှင့်တောင်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၆၇ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၅၆ သန်း) ကျော်ဖိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့ရာ အမှုမပြီးပြတ်သေးသည့် မူးယစ်ဆေးဝါးများမပါဝင်သေးပေ။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ခေတ်အဆက်ဆက်အစိုးရများက ဆောင်ရွက်ခဲ့သော် လည်း လုံးဝပပျောက်သွားသည်အထိ ထိရောက်သော အောင်မြင်မှုကို ယခုတိုင်မရရှိသေး။

"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာကို သိသာထင်ရှားစွာ လျော့နည်းကျဆင်းအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း" ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။ မြန်မာ နိုင်ငံတွင် မူးယစ်ဆေးဝါးအဓိကထုတ်လုပ်ရာနေရာများမှာ နိုင်ငံ၏အရှေ့ မြောက်ဘက်ဒေသများတွင် အများစုတည်ရှိပြီး လက်နက်ကိုင်အဖွဲ့များ အခြေပြု လှုပ်ရှားရာဒေသများဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ယင်း ဒေသများမှ ထုတ်လုပ်လိုက်သည့် ဘိန်းနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ အပါအဝင် မူးယစ်ဆေးဝါးများမှာ ပြည်တွင်းကိုဖြတ်၍ ရန်ကုန်နှင့်အခြား ပင်လယ်ရေကြောင်း ထွက်ပေါက်များဆီသို့ သယ်ဆောင်ကြသည်။ နိုင်ငံ၏ ပြောင်းလဲလာသော မူဝါဒနှင့်အညီ ကုန်စည်ကူးသန်းရောင်းဝယ်မှု လွယ်ကူ လျင်မြန်ရေးအတွက် စစ်ဆေးရေးဂိတ်များကို ပိတ်သိမ်းဖြေလျှော့ပေးခဲ့ရာ မူးယစ်ဆေးဝါးသယ်ယူသူများအဖို့လည်း အခွင့်ကောင်း တစ်ရပ်ဖြစ်ခဲ့သည်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါး ကင်းစင်ရေးသည် ပြည်တွင်းငြိမ်းချမ်း ရေးနှင့်တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ တရားမဝင်ဘိန်းစိုက်ပျိုးမှု လျှော့ချ ရေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ ဆောင်ရွက်ပေးရန်လိုအပ်သည်။ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ ရောင်း ဝယ်မှုတို့ကို တားဆီးရန်မှာမူ သက်ဆိုင်ရာဒေသများ၊ ဌာနများချိတ်ဆက် ပေါင်းစပ်ညှိနှိုင်းကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိထိ ရောက်ရောက် ဆောင်ရွက်သွားရမည်ဟု ရှုမြင်ပါကြောင်း။ ။




## လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး

**ဒေါ့ဖုန်းယန် ဇွန် ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ တိန်းဘုရားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၆ ရက်က ကျင်းပရာ ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက လူကုန်ကူးမှု တားဆီးရေးနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ စခန်းမှူး ရဲအုပ်သက်နိုင်ထွန်းက မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများ၊ မူးယစ်ဆေး ဝါးရောင်းဝယ်သူနှင့် သုံးစွဲသူများ အတွက် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ကို လည်းကောင်း ဟောပြောခဲ့သည်။

**(မြို့နယ် ပြန် / ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

## လမ်းဖြတ်ကူးသူများ အန္တရာယ်ကင်းစေရေး လူကူးတံတားရှိ ဓာတ်လှေကားပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ် အတွင်း လူစည်ကားရာနေရာတို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေး စေရေးအတွက် နိုင်ငံတော်မှ ကျပ်သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံ၍ ခုံးကျော်တံတားများ ဆောက်လုပ်ပေးခဲ့သော်လည်း အချို့သော ခုံးတံတားများမှာ အလွန်မြင့်ပြီး ဓာတ်လှေကား မတပ်ဆင်ခြင်းတို့ကြောင့် ကျန်းမာရေးမကောင်းသော ပြည်သူအချို့မှာ အလွယ်တကူ ခုံးတံတားပေါ်မတက်နိုင်ဘဲ လမ်းဖြတ်ကူးရမှုကြောင့် ယာဉ်အန္တရာယ်များဖြစ်ပွားနိုင်သည့် အခြေအနေ ဖြစ်ပေါ်နေပါသည်။

အထူးသဖြင့် ကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ လူကူးခုံးကျော်တံတားမှာ ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ တွံတေး၊ ဒေးဒရဲ၊ ဖျာပုံ၊ ဒလစသည့် မြို့ရွာများမှ ပြည်သူများ ရန်ကုန်မြို့သို့ အလုပ်သွားကြရာတွင် အဓိကအသုံးပြုရပါသည်။ နေ့စဉ်လူဦးရေ သိန်းသောင်းချီ အသုံးပြုနေသော ခုံးကျော်တံတားရှိ ဓာတ်လှေကား ပျက်နေသည်မှာ တစ်လခွဲခန့်ကြာမြင့်ပြီဖြစ်၍ အမြန်ဆုံး ပြုပြင်ပေးစေလိုကြောင်းနှင့် ကျန်းမာရေးမကောင်းသူများအပြင် ပြည်သူများပါ ခုံးကျော်တံတားပေါ်မတက်ဘဲ အလွယ်တကူ ကားလမ်းကူးနေပါသဖြင့် ယာဉ်အန္တရာယ် ဖြစ်ပွားနိုင်ပါကြောင်း သိရသည်။

**အောင်ဇော်ထွေး**



## ဇုက္ကလိကျေးရွာ၌ သောက်သုံးရေရရှိရေး မြေသားရေသိုလှောင်ကန်တူးဖော်

**ဘီးလင်း ဇွန် ၂၇**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ပေ ၁၀၀ ပတ်လည်ရှိ ဇုက္ကလိကျေးရွာ မြေသားရေသိုလှောင်ကန် တူးဖော်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက်က မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေသိုလှောင်ကန်ပြီးစီးသွားပါက ကျေးရွာလူဦးရေ ၁၅၀၀ ကျော်အား သန့်ရှင်းသောသောက်သုံးရေရရှိစေမည်ဖြစ် သည်။

**(မြို့နယ် ပြန် / ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၆-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၉၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၄.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၃.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၀.၇၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၁၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၄၁ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၇.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး

✱ *ရှေ့စာမျက်နှာမှ*
လုပ်ငန်းပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပရေးအတွက် ကော်မတီများဖွဲ့စည်းခြင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် လုပ်ငန်းကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လုံခြုံရေးဆိုင်ရာ အစီအမံများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများထံ ဖိတ်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

(သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

■ *ရှေ့စာမျက်နှာမှ*
ညွှန်ကြားမှုဦးစီးဌာန၌ ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

"ဒီလိုစာချုပ်ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် မြန်မာနဲ့ နယ်သာလန်နှစ်နိုင်ငံအကြားမှာ လေကြောင်းခရီးစဉ် ပျံသန်းမှုတွေ မကြာခင်စတင်နိုင်တော့မှာဖြစ်ပါတယ်။ ခရီးသွား ပြည်သူတွေအတွက် သက်သာတဲ့လေကြောင်းခရီးစဉ်တွေ၊ ပိုကောင်းတဲ့ဝန်ဆောင်မှုပေးနိုင်တဲ့လေကြောင်းလိုင်းတွေကို ရွေးချယ်စီးနင်းခွင့်ရရှိစေမှာဖြစ်ပါတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးနေဝင်းက ပြောသည်။

နှစ်နိုင်ငံအကြား လေကြောင်းသဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့သဖြင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို တွန်းအားပေးရာရောက်ပြီး မြန်မာနိုင်ငံသို့ နိုင်ငံတကာလေကြောင်း ခရီးစဉ်များ ပိုမိုပျံသန်းဆိုက်ရောက်ထွက်ခွာနိုင်တော့မည်ဖြစ်သည်။ လေကြောင်းခရီးစဉ်များ ပျံသန်းမှုအတွက် လိုက်နာရမည့် စည်းကမ်းများ၊ ခံစားရမည့်အခွင့်အလမ်းများ စာချုပ်တွင် ထည့်သွင်းထားသည်။

လေကြောင်း သဘောတူစာချုပ်များကို ၁၉၅၁ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၇၇ ခုနှစ်တွင်တစ်ကြိမ် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ယခုစာချုပ်သည် တတိယအကြိမ်မြောက် လေကြောင်းသဘောတူ စာချုပ်များလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ယခုသဘောတူစာချုပ်အရ နယ်သာလန်နိုင်ငံမှ Royal Dutch KLM လေကြောင်းနှင့် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း၊ ရွှေမြန်မာလေကြောင်းတို့မှ လေယာဉ်များက နှစ်နိုင်ငံအကြားတစ်ပတ်လျှင် ခုနစ်ကြိမ်ပျံသန်းနိုင်မည်ဖြစ်သည်။ လေကြောင်းခရီးစဉ်များ ပိုမိုများပြားလာမည်ဖြစ်သည်။ လောလောဆယ်တွင် မြန်မာနိုင်ငံသို့ ပျံသန်းနေသော နိုင်ငံတကာ လေကြောင်းလိုင်း ၂၇ လိုင်း ရှိနေသည်။ မကြာမီက ထိုင်းအဲလေကြောင်းကိုလည်းပျံသန်းခွင့်ပြုခဲ့ရာ မကြာမီနယ်သာလန်မှ Royal Dutch KLM က ပျံသန်းပြေးဆွဲတော့မည်ဖြစ်သည်။

သဘောတူစာချုပ်ချုပ်ဆိုပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E.Mr.Hartosh နှင့် သံအရာရှိများ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း၊ ရွှေမြန်မာလေကြောင်းနှင့် Royal Dutch KLM လေကြောင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

# ရုပ်ရှင်လောကသား သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**သတင်း-ရီရီသန့်၊ ဓာတ်ပုံ-ဒီမို**



**ရန်ကုန် ဇွန် ၂၇**
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်အလှူ့အသီးသီးမှ ရုပ်ရှင်လောကသားများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက "ကျောင်းအပ်ချိန်ဆိုရင် ရုပ်ရှင် လောကသားတွေရဲ့ သားသမီး ကျောင်းသားကျောင်းသူတွေအတွက် လိုအပ်တဲ့ စာအုပ်၊ စာရေး ကိရိယာ၊ ထီး၊ ကျောင်းဝတ်စုံစသည်ဖြင့် ပေးအပ်လှူဒါန်းခဲ့တာ နှစ်စဉ်နှစ်တိုင်း လုပ်နေကျ အစဉ်အလာလေးတစ်ခုပါ၊ ရုပ်ရှင်အစည်းအရုံးရဲ့ ပင်မ မတည်အလှူရှင်တွေ၊ ဖောင်ဒေးရှင်းတွေရဲ့ လှူဒါန်းငွေတွေနဲ့ ထောက်ပံ့မှာဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ပညာသင်ထောက်ပံ့မှုမှာ ရုပ်ရှင်လောကသား သားသမီး ကျောင်းသား ကျောင်းသူ ၁၅၀ အတွက် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီ၊ ဗလာစာအုပ် ငါးဒါဇင်၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ တစ်စုံစီနှင့် ထီးတစ်ချောင်းစီ ထောက်ပံ့ပေးအပ်သည်။ထောက်ပံ့မှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ်နှစ်ဆယ့်တစ်သိန်း ငါးသောင်း ဖြစ်သည်။

# အာဆီယံ-တရုတ်လူငယ်များ အပြန်အလှန်လည်ပတ်ရေးအစီအစဉ် တက်ရောက်ရန် ကမ္ဘောဒီးယားသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၂၇**
ပညာရေးနှင့်ခေါင်းဆောင်မှုဆိုင်ရာ ဒုတိယအကြိမ် ASEAN-CHINA လူငယ်များ အပြန်အလှန်လည်ပတ်ရေးအစီအစဉ်အား ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်းမှ အသင်းဝင် မနိုင်အိဝေသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်အသင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့မြကန်သာပန်းခြံရှေ့၌ မြို့နယ်စည်ပင်သာယာရေးဌာန ရက် ၁၀၀ စီမံချက်အရ မြို့သာယာရေးလုပ်ငန်းအဖြစ် မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို ဇွန် ၂၇ ရက်တွင် တာဝန်ခံအင်ဂျင်နီယာက ကြီးကြပ်ဆောင်ရွက်နေစဉ်

(ခရိုင် ပြန်/ဆက်)

# ပွင့်ဖြူမြို့ မုန်းချောင်းတံတား နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ကြံ့ခိုင်မှု အားနည်းလာသောကြောင့် တိုးချဲ့တည်ဆောက်ပေးရန် ဒေသခံများလိုလား

**ပွင့်ဖြူ ဇွန် ၂၇**
မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းတံတားသည် မင်းဘူး-ပွင့်ဖြူ-စလင်း-ဆိပ်ဖြူ မြို့များကို ဆက်သွယ်သွားလာသည့် ကားလမ်းမပေါ်၌တည်ရှိပြီး ၁၉၉၈ ခုနှစ်တွင် ဘေလီသံပေါင် တစ်လမ်းသွား တံတားအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားသည် နှစ်ကြာလာသည်နှင့်အမျှ ရေတိုက်စားသဖြင့် တံတားကွန်ကရစ်တိုင်ခြေများပေါ်လာခြင်း၊ နေ့စဉ်နှင့်အမျှ တံတားအလယ်တွင် ယာဉ်နှစ်စီး ထိပ်တိုက်ဆုံမိသဖြင့် ပြဿနာဖြေရှင်းနေချိန် ခရီးသွားပြည်သူများ အခက်အခဲကြုံတွေ့ရခြင်းများကြောင့် တံတားတိုးချဲ့ ပြုပြင်တည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြ/ကျေးရွာနေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ခရီးသည်တင်ယာဉ်ကြီးများ၊ လုပ်ငန်းခွင်သုံး မော်တော်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနှင့် ခရီးသွားပြည်သူများ အဆိုပါတံတားကို အသုံးပြု ဖြတ်သန်းသွားလာလျက်ရှိပြီး တိုင်းဒေသကြီး၏ ရောဝတီမြစ်အနောက်ဘက်ခြမ်းရှိ မြို့များကို ဆက်သွယ် သွားလာရာတွင်လည်း အဓိကအသုံးဝင်လှသည့် တံတား တစ်စင်း ဖြစ်သည်။

အဆိုပါတံတားအနီး သာစည်ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက "ယခင်နှစ် မုန်းရေကြီးတုန်းကဆို တံတား မျောပါသွားမယ်ထင်တာ၊ တံတားကြီးက ယမ်းခါနေတာ၊ ရေကျချိန်မှ တံတားတိုင်ခြေတွေ ပေါ်နေတာတွေ့ရတယ်။ လူတစ်ရပ်အနက်လောက် တိုက်စားသွားတယ်။ တံတားက တစ်လမ်းသွားရှည်တော့ တံတားအလယ်ယာဉ်နှစ်စီး ထိပ်တိုက်ဆုံမိတာ နေ့စဉ်လိုပါပဲ။ စကုမန်းချောင်းတံတား တိုးချဲ့တည်ဆောက်တာ တွေ့ရတယ်။ ဒီတံတားကိုလည်း အမြန်တိုးချဲ့ တည်ဆောက်ပေးစေချင်ပါတယ်။ စက်ဘီး၊ ဆိုင်ကယ်နဲ့ ခရီးသွားပြည်သူတွေဆို ကားတွေဖြတ်သန်းချိန်မှာ အကြာကြီး ရပ်စောင့်နေရတယ်"ဟု ပြောသည်။

အဆိုပါတံတားကို ယာဉ်တစ်စီးနှင့်တစ်စီး ဖြတ်သန်းမှုလွယ်ကူစေရန် အချက်ပြမီးများထားရှိပြီး လုံခြုံရေးဝန်ထမ်းများ အချိန်ပြည့်ထားရှိ ဆောင်ရွက်ကာ ခရီးသွားပြည်သူများ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရေး သက်ဆိုင်ရာက အမြန်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် တံတားတိုးချဲ့တည်ဆောက်ရန် အမြန်လိုအပ်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာညှိခန်းမဆောင်၌ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန SIBAT(Israel MOD International Defense Cooperation Directorate) ၏ Director ဖြစ်သူ Brigadier General (Ret.) Mishel Ben Baruch အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် လျှောက်လှမ်းနေမှုအခြေအနေနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးနှင့် ပူးပေါင်းလုပ်ဆောင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများ၊ ဆက်လက်ပူးပေါင်းလုပ်ဆောင်မည့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ Brigadier General (Ret.) Mishel Ben Baruch နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

**(မြဝတီ)**

# ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျိုက်ထီးရိုးစေတီတော်ကြီးသည် မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားစေတီများတွင် တစ်ဆူအပါအဝင်ဖြစ်ကာ မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့နိုင်ငံများ၌လည်း ထင်ရှားကျော်ကြားပြီး မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ်ကောင်းသော သမိုင်းဝင်စေတီတော်ကြီးဖြစ်ကြောင်း၊ သို့ရာတွင် သတင်းဂျာနယ်များနှင့် လူမှုကွန်ရက်အသီးသီးတို့က ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့၏ ဆောင်ရွက်ချက်အားနည်းမှုများအပေါ် မကြာခဏဆိုသလို ဝေဖန်လျက်ရှိခြင်းကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဂေါပကအဖွဲ့သစ်ရွေးချယ်၍ တာဝန်ပေးအပ်ရန် သြဝါဒပေးလာကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များတည်ဆောက်ဖွင့်လှစ်နေမှု၊ တောင်တက်ကားများပြေးဆွဲနေမှုတို့နှင့် ပတ်သက်၍လည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်ထီးရိုးစေတီတော်ကြီး၌ ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းသည့်အတိုင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးစေတီတော်ကြီးရှိ သာသနိကအဆောက်အအုံများ မူလလက်ရာမပျက် ပိုမိုခိုင်ခံ့ကောင်းမွန်ရေး၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ အဆင်ပြေချောမွေ့ပြီး စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဂေါပကအဖွဲ့က စနစ်တကျ စိစစ်ကြပ်မတ်၍ ဆောင်ရွက်သွားရန် စေတီတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘက်စုံကောင်းမွန်ရေးအတွက် တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ၌ ရက်ကန်းပုံမှန်သင်တန်းများ ဖွင့်လှစ်မည်

**နေပြည်တော် ဇွန် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုံရွာ၊ ဖလမ်း၊ တောင်ကြီး၊ ပခုက္ကူ၊ မိတ္ထီလာ၊ စစ်တွေ၊ မုဒုံ၊ ရွှေတောင်၊ မြစ်ကြီးနား၊ ကျောက်မဲ၊ လှိုင်ကော်၊ မင်းတပ်၊ ဘားအံ) တို့တွင် မြန်မာ့ရိုးရာနှင့် တိုင်းရင်းသားရိုးရာ ရက်ကန်းပညာရပ်များကို ထိန်းသိမ်းရန်၊ ရက်ကန်းပညာကျွမ်းကျင်သူ လုပ်သားများမွေးထုတ်ပေးရန်နှင့် ရက်ကန်းလုပ်ငန်းတစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်းခြောက်လသင်တန်းနှင့် ရိုးရာလွန်းရာကျအချိတ် ခြောက်လသင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများသို့တက်ရောက်သည့် သင်တန်းသားများအား တစ်လလျှင် ပညာသင်ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ချီးမြှင့်၍ အဆောင်အခမဲ့နေထိုင်ခွင့်ပြုထားသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ရက်ကန်းပုံမှန်သင်တန်းများကို ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သောကြောင့် တက်ရောက်လိုပါက အဆိုပါသင်တန်းကျောင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၁၀၂၄၀၊ ၀၆၇-၄၁၀၂၇၃ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် ကုလသမဂ္ဂ(UN) ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အကျဉ်းဦးစီးဌာန(အင်းစိန်)သို့သွားရောက်၍ သိရှိလိုသည်များကို မေးမြန်းရာ အကျဉ်းဦးစီးဌာန(အင်းစိန်) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ပြန်လည်ဖြေကြားသည်။ **(အောက်ပုံ)**

ထို့နောက် မစ္စယန်ဟီလီသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ရောက်ရှိရာ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် တာဝန်ရှိသူများက ကော်မရှင်မှ ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားကြသည်။



ထိုမှတစ်ဆင့် မစ္စယန်ဟီလီသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးသို့ သွားရောက်ရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး(ခ) ဖိုးသောကြာနှင့် တာဝန်ရှိသူများက သတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းထားမှုနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မစ္စယန်ဟီလီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ သွားရောက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ (၂၁) ရာစုပင်လုံအကြို ပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ပြောင်းရွှေ့လာသည့် တိုင်းရင်းသားမိသားစုဝင်များအား ဆောက်လုပ်ပြီးနေအိမ်များ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇွန် ၂၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် သာစည်တောင်ကျေးရွာအုပ်စု ဗုဒ္ဓပါဒခြေရာတော်ဘုရား ဓမ္မာရုံခန်းမ၌ ကချင်ပြည်နယ်မှ ပြောင်းရွှေ့လာသော တိုင်းရင်းသားမိသားစုဝင်များကို ရခိုင်ပြည်နယ် အလိုတော်ပြည့်ဆရာတော်ကြီး၏ မေတ္တာရပ်ခံချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ဆောက်လုပ်ပြီးစီးသော နေအိမ် ၆၃ လုံးအား လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရခိုင်ပြည်နယ် အလိုတော်ပြည့်ဆရာတော်ကြီးက သြဝါဒစကားချီးမြှင့်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးတင်မောင်ဆွေက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ရခိုင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက အိမ်ရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အိမ်ရာများနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ရသေ့တောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကလက်ခံယူကာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ကချင်ပြည်နယ်မှ ပြောင်းရွှေ့လာသောတိုင်းရင်းသားမိသားစုဝင်များအား ဆန်အိတ် ၆၃ အိတ် လှူဒါန်းပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# လူကောင်းရုံမျှဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင် ကိုယ်ကျိုးစီးပွားအခြေမခံကြရန် လူတော်များက လူကောင်းဖြစ်ရန်လို

**ပြင်ဦးလွင် ဇွန် ၂၇**

ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုပြီး စိတ်ကောင်းစေတနာကောင်းဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်သည့် တာဝန်များကို ကြိုးစားထမ်းဆောင်ကြပါဟုတိုက်တွန်းကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။ **(အပေါ်ပုံ)**

ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီကကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက Wisdom ဟူသော ထိုးထွင်းသိပညာသည် "အမှား-အမှန်"ကို ကောင်းစွာခွဲခြားသိရှိလိုက်နာနိုင်ခြင်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်သည် "ချွန်" ရုံမျှသာ မဟုတ်ဘဲ အမှန်တကယ် "လူတော်" ဖြစ်ခဲ့ပါက "အမှန်အမှား"ကို ကောင်းစွာခွဲခြားနိုင်သည့်အပြင် လိုက်ပါကျင့်သုံးနိုင်မည်လည်းဖြစ်ကြောင်း၊ လူကောင်းရုံမျှဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ပါကြောင်း၊ ကိုယ်ကျိုးစီးပွားအခြေမခံကြရန်အတွက် လူတော်များက လူကောင်းဖြစ်ရန် လိုအပ်ပါကြောင်း၊ အခြေခံအကျဆုံးသော အရည်အချင်းမှာ မြင်သိခံယူမှု "Perception" မှန်ကန်ရန်ဖြစ်ပြီး မှန်ခြင်း၊ မှားခြင်းကိုလည်း ကောင်းစွာခွဲခြားနိုင်ကြရန် လိုသည်ဟု မြင်ပါကြောင်း၊ အခြေခံကျသော Perception ကို အမှန်တကယ် မပြောင်းလဲနိုင်ပါက Mindset တို့လည်း ပြောင်းနိုင်မည် မဟုတ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်တို့အတွက် မတရားသောအကျိုးစီးပွားကို စွန့်လွှတ်နိုင်သောစိတ်အခံကို အမှန်တကယ်ပြောင်းလဲကြပါဟု ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားချက်များမှ ဝန်ထမ်းများသည် ပြည်သူ့အတွက် ပြည်သူ့ဝန်ကိုထမ်းသည့်ပုဂ္ဂိုလ်များဆိုသည်ကို ပြည်သူများယုံကြည်နိုင်အောင် ဝန်ထမ်းများဘက်က လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် မိမိတစ်ဦးတည်းလုပ်၍မရကြောင်း၊ ပါတီအဖွဲ့အစည်းတစ်ခု၊ အစိုးရတစ်ခုတည်းလုပ်၍လည်းမရနိုင်ကြောင်းနှင့် ပြည်သူလူထုအားလုံးပါဝင်မှုဖြစ်နိုင်ကြောင်း၊ မြန်မာ့နိုင်ငံရေး၏ အပြောင်းအလဲရလဒ်သည် တည်ငြိမ်မှုမှတစ်ဆင့် ထွက်ပေါ်လာရသောရလဒ်ဖြစ်ကြောင်းကို ကောင်းစွာသတိပြုရမည်ဖြစ်ပါကြောင်း၊ Change Process တွင် Refreeze ဟုဆိုသည့် ထိန်းချုပ်နိုင်သည့် အခြေအနေဖြင့် အပြောင်းအလဲကို ကျော်ဖြတ်ပါက တည်ငြိမ်မှုကောင်းများဖြင့် ဆန္ဒရှိသော အခြေအနေတစ်ရပ်သို့ အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ အပြောင်းအလဲအား စီမံခန့်ခွဲခြင်းတွင် မျှော်မှန်းချက်၊ ကျွမ်းကျင်မှု၊ မက်လုံး၊ ရင်းမြစ်များ၊ လက်တွေ့အစီအစဉ် စသည့် အခြေခံငါးချက်နှင့်ပြည့်စုံလျှင် အောင်မြင်သော အပြောင်းအလဲတစ်ရပ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံရေးစီမံခန့်ခွဲခြင်းတွင်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးတွဲဆောင်ရွက်ခြင်း၊ အပေးအယူလုပ်ခြင်း စသည့်အခြေခံအချက်များသည် အောင်မြင်သော အပြောင်းအလဲတစ်ရပ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းများ၏ရင့်ကျက်မှု၊ အတွေ့အကြုံ၊ အရည်အသွေးပြည့်ဝမှုများကို ထိန်းသိမ်းမြှင့်တင်ပေးရန် အဓိကဦးစားပေးပြီး အရာထမ်းလောင်း အခြေခံသင်တန်းကို ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် တက်ရောက်စေပြီး ဘွဲ့လွန်ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သကဲ့သို့ ပုံမှန်ဖွင့်လှစ်နေသည့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအနေဖြင့် မသိမဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲမှု၊ ဥပဒေ၊ ပြည်သူ့အုပ်ချုပ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လာရောက်ဆွေးနွေး ပို့ချသွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများက ပညာရှင်များလည်း ပါဝင်ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အရာရှိကြီး ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် တက္ကသိုလ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်နိုင်ရန်အတွက် သင်တန်း သားများထားရှိမည့် သင်တန်းသားနှစ်ထပ်အိပ်ဆောင်များ၏ အခန်းဖွဲ့စည်းထားရှိမှုအခြေအနေများ၊ သင်တန်းသား ၂၀၀ ဆံ့ အိပ်ဆောင်များ၊ သင်ကြားပို့ချမည့် စာသင်ဆောင်များနှင့် ကွန်ပျူတာနှစ်ထပ် စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့ဂီတနေ့ အထိမ်းအမှတ်ပွဲတော် မန္တလေးမြို့၌ကျင်းပ

**မန္တလေး ဇွန် ၂၇**

မန္တလေးဂီတအစည်းအရုံးမှကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာ့ဂီတနေ့ အထိမ်းအမှတ်ပွဲတော်ကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၅ လမ်းထောင့် YMCA ရှိ ဦးဘအုန်းခန်းမ၌ကျင်းပရာ ဂီတရပ်ဝန်းနယ်ပယ်များမှ ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် မြို့မအပျော်တမ်း တူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဂီတနှင့်ပတ်သက်သည့် မြန်မာ့ဂီတနေ့အဖြစ် နေ့တစ်နေ့ကို သတ်မှတ်သင့်ကြောင်းဆုံးဖြတ်ခဲ့ရာ လွတ်လပ်ရေးမရမီခေတ်က မြန်မာနိုင်ငံလုံးဆိုင်ရာ ဒို့ဗမာအစည်းအရုံးအစည်းအဝေးပွဲကြီးတွင် YMB သခင်တင်ရေးသားစပ်ဆိုခဲ့သည့် ဒို့ "ဗမာ" သီချင်းအား ပထမဦးဆုံး စတင်သီဆိုခဲ့သည့် ဇွန် ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ၂၀၁၄ ခုနှစ် မြန်မာ့ဂီတနေ့ကျင်းပစဉ်ကရရှိခဲ့သော အလှူငွေများများကို ဘိုးဘွားရိပ်သာ၊ စစ်ကိုင်းနားမကြားသူများကျောင်း၊ ပန်းပျိုးသူတို့ စာသင်ဝိုင်းများသို့လှူဒါန်းခြင်း၊ ၂၀၁၅ ခုနှစ် မြန်မာ့ဂီတနေ့ကရရှိခဲ့သည့် အလှူငွေများကို သုခရိပ်မြုံမိဘမဲ့ကလေးများ ကျောင်းသို့ လှူဒါန်းခြင်းများဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင်ရရှိမည့် အလှူငွေများကို ဇွန် ၂၈ ရက်တွင် စတင်ဖွဲ့စည်းမည့် "ဂီတလူငယ်များ ပရဟိတအဖွဲ့" သို့ လွှဲအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယနေ့အခမ်းအနားတွင် မြို့မအပျော်တမ်းတူရိယာအဖွဲ့၊ မြန်မာမှုတေးဂီတအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များက အခမ်းအနားတက်ရောက်လာသူများကို တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

"အဖွဲ့အစည်းဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် သတ်မှတ်နေ့တစ်နေ့ရှိသင့်ကြောင်း၊ ထိုနည်းတူ အဖွဲ့အစည်းတွင်ပါဝင်သူများအတွက် သာရေး၊ နာရေးမှအစပြုပြီး ကိစ္စအရပ်ရပ်တွင် အတူတကွပူးပေါင်းဆောင်ရွက်ရန် ပရဟိတအဖွဲ့အစည်းတစ်ရပ်လည်း ရှိသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် မြန်မာ့ဂီတနေ့ဖြစ်ပေါ်လာပြီ ဖြစ်သကဲ့သို့ မန္တလေးမြို့တွင်လည်း ဂီတနယ်ပယ်မှ သူများအတွက် ဂီတလူငယ်ပရဟိတအဖွဲ့ပေါ်ပေါက်လာတော့မည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း" မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် မြို့မအပျော်တမ်းတူရိယာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က မှတ်ချက်ပြုပြောကြားသည်။

**အေးမြ(မန္တလေး)**

# ဆလိုဗက်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးမျိုးအေးအား ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ဘင်းမ်စတက်ဒေသတွင်းလွတ်လပ်သော ကုန်သွယ်မှုဇရိယာ တည်ထောင်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေစိုက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(ဘင်းမ်စတက်)၏ အတွင်းရေးမှူးချုပ် မစ္စတာ ဆူမစ်နာကန်ဒလာအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သောကုန်သွယ်မှုဇရိယာ တည်ထောင်နိုင်ရေး၊ ဘင်းမ်စတက်ဒေသတွင်း ပြည်သူများအချင်းချင်းထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံများနှင့် ဘင်းမ်စတက်အဖွဲ့အကြား ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်နိုင်ရေး စသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၂၇**

အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုအား ဇွန် ၂၇ ရက်က ဥတ္တရသီရိမြို့နယ် မင်းကုန်းအုတ်စက်လမ်းဆုံ၊ ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းနှင့် ပျဉ်းမနားမြို့နယ် ဘောဂသီရိကားကွင်းများတွင် ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာ ဌာနများတွင်ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်သားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ် ချပြရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင် ၆၅ စောင်အား ဝေငှခဲ့သည်။

**(သတင်းစဉ်)**



မန္တလေးတိုင်းဒေသကြီး အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဌာနခွဲမှ ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်/ကျေးရွာများပူးပေါင်း၍ ဇွန် ၂၇ရက်က ပြည်ကြီးတံခွန်မြို့နယ် မျိုးသိန်းဓမ္မာရုံ တံခွန်တိုင်လေးမျက်နှာဘုရား၌ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် တိုင်းရင်းသား ၄၂၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ကွင်းဆင်းပြုလုပ်ပေးအပ်စဉ်
အောင်ရဲသွင်

# ၂၀၁၆ ခုနှစ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

မောင်ခိုင်မာ(အထက်မင်းလှ)

**လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံစီးပွားရေးပြဿနာမှာ မြေယာ၊ အရင်းအနှီး၊ လုပ်အားဟူသည့် ကုန်ထုတ်အင်အားစုများ ရှားပါးမှု၊ အကန့်အသတ်ဖြင့် ရှိနေမှုဖြစ်ပါသည်။ ထိုအင်အားစုများကို အကျိုးရှိ ထိရောက်စွာအသုံးချနိုင်ရေးအတွက် မည်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်မျှထုတ်လုပ်မည်၊ မည်သို့ထုတ်လုပ်မည်၊ မည်သူတို့အတွက် ထုတ်လုပ်မည်ဟူသော အချက် သုံးချက်ဖြင့် စဉ်းစားဆောင်ရွက်ကြပါသည်။ ယင်းကို အင်အားစုခွဲဝေမှုပြဿနာ (Resource Allocatoin Problem) ဟုခေါ်ကြသည်။ ထိုအင်အားခွဲဝေမှု ပြဿနာကို ပုံစံအမျိုးမျိုးဖြင့် ဖြေရှင်းကြရာ သမဝါယမပုံစံဖြင့် ဖြေရှင်းခဲ့သည်များကိုလည်း ကမ္ဘာ့သမိုင်းစာမျက်နှာများတွင် တွေ့ရသည်။**

**သမဝါယမ၏အဓိပ္ပာယ်နှင့် ပေါ်ပေါက်လာပုံ**

သမဝါယမ (Co-operative)ဟူသည်မှာ "အတူတကွ"သို့မဟုတ် ပါဠိဘာသာဖြင့် "သမ"ဟု အဓိပ္ပာယ်ရသည့် "Co" ဟူသည့် အင်္ဂလိပ်စကားလုံးနှင့် "ဆောင်ရွက်သော"သို့မဟုတ် ပါဠိဘာသာဖြင့် "ဝါယမ"ဟု အဓိပ္ပာယ်ရသည့် "Operative" ဟူသည့် အင်္ဂလိပ်စကားလုံးနှစ်လုံးကို ပေါင်းစည်းထားခြင်း ဖြစ်ပါသည်။ ဆီလျော်စွာ ဘာသာပြန်ဆိုရပါလျှင် " အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း" ဟု အဓိပ္ပာယ်ရပါသည်။ တစ်နည်းအားဖြင့် "တစ်ဦး၏အကျိုးကို အများက၊ အများ၏အကျိုးကို တစ်ဦးချင်းစီက " (One for all, All for one) ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ကမ္ဘာနှင့် မြန်မာ သမဝါယမရေစီးကြောင်း**

ကမ္ဘာ့သမဝါယမရေစီးကြောင်းသည် ကြမ်းတစ်ခါ ပျော့တစ်လှည့် ဖြစ်ခဲ့ရသော်လည်း သမဝါယမစိတ်ဓာတ် ပြင်းထန်သူတို့၏ မလျှော့သောဇွဲလုံ့လတို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂတွင် ICA သည် Observer Status ရရှိထားပြီး ၂၀၁၂ ခုနှစ်ကို သမဝါယမနှစ်အဖြစ် အသိအမှတ်ပြုခံရသည်အထိ အောင်မြင်ခဲ့ပါသည်။ အောင်မြင်မှုရှိသော နိုင်ငံအချို့ကို တင်ပြရပါလျှင် ဘင်္ဂလားဒေ့ရှ်၌ ဒေါက်တာယူနွတ်က ၁၉၇၆ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူများအတွက် အသေးစားချေးငွေလုပ်ငန်းကို သမဝါယမဖြင့် စတင်ခဲ့ရာ ခဲ့သည်။ ထိုအက်ဥပဒေသည် အိန္ဒိယနိုင်ငံအတွင်းရှိ ပြည်နယ်အားလုံးသို့ အကျိုးသက်ရောက်သဖြင့် ထိုကာလ ကိုလိုနီခေတ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအနေဖြင့် ရပ်တည်နေရသော မြန်မာနိုင်ငံသို့လည်း အကျိုးသက်ရောက်သည်ဖြစ်၍ ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် မြင်းမူမြို့နယ်တွင် စိုက်ပျိုးရေးငွေစုငွေချေး သမဝါယမအသင်း (The First Agricultural Credit Co-operative Society)ကို မှတ်ပုံတင်၍ အသင်းသား၉၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြင့် မြန်မာ့သမဝါယမလှုပ်ရှားမှု စတင်ပေါ်ပေါက်ခဲ့ပါသည်။ အသင်းများ ငွေကြေးလိုအပ်ချက်အတွက် သမဝါယမဘဏ်တည်ထောင်ရန် ကြိုးပမ်းခဲ့ရာ ၁၉၀၉ ခုနှစ် မေလတွင် ပထမဆုံး သမဝါယမဘဏ်ကို ပခုက္ကူမြို့တွင်လည်းကောင်း၊ ဒုတိယဘဏ်ကို၁၉၁၀ ပြည့်နှစ်တွင် မန္တလေးမြို့၌ လည်းကောင်း၊ တတိယဘဏ်ကို ပဲခူးမြို့တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စားသုံးသူ သမဝါယမအသင်းအနေဖြင့် ၁၉၄၇ ခုနှစ် မေလတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆိုရန်တိုဗီလာအဆောက်အအုံ၌ စတင်ခဲ့သည့် ကွန်ကိုစီမံကိန်း (Consumer's Co-operative-Conco)အရ တစ်ရွာလျှင် တစ်သင်းကျ ထူထောင်ရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် မြန်မာ့သမဝါယမ ရေစီးကြောင်းသည် ယနေ့ထိ ခေတ်အသီးသီးကို ကျော်ဖြတ်ရပ်တည်လာခဲ့ခြင်းဖြစ်ပါသည်။ (၇-၉-၁၉၉၃) ရက်နေ့တွင် မြန်မာနိုင်ငံသည်

**● နိုင်ငံတကာတွင်ရှိသော သမဝါယမအသင်းများအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန်ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA) ကို ၁၈၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌လည်းကောင်း ဖွဲ့စည်းရုံးစိုက်ခဲ့**

ယနေ့ထိရှင်သန်ဖွံ့ဖြိုးတိုးတက်နေပါသည်။ ဆွစ်ဇာလန်နိုင်ငံသည် ဝါသနာတူသူများစုပေါင်း၍ စားသုံးသူရှိရာသို့ ဘီးတပ်လှည်းဖြင့် လှည့်လည်ရောင်းချမှုစနစ်ဖြင့် စတင်ခဲ့ရာ ယခုအခါ မိုက်ခရိုသမဝါယမအသင်းများအဖြစ် မော်တော်ကားအစီး ၁၀၀ ဖြင့် ရောင်းချလာရသည်အထိ အောင်မြင်နေပါသည်။ အမေရိကန်တွင် နိုင်ငံသားများ၏ ၄၀ ရာခိုင်နှုန်းက သမဝါယမအသင်းသားများဖြစ်နေခြင်း၊ ဂျပန်တွင်လယ်ယာလုပ်ငန်း အားလုံးကို သမဝါယမအသင်းများက ဆောင်ရွက်နေခြင်း၊ ကင်ညာနိုင်ငံတွင် ပြည်တွင်းအသားတင်ထုတ်လုပ် မှုတန်ဖိုး၏ ၅၀ ရာခိုင်နှုန်း၊ နယူးဇီလန်တွင် ၂၂ ရာခိုင်နှုန်းကို သမဝါယမအသင်းများက ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကိုလံဘီယာ၏ ၂၄ ရာခိုင်နှုန်းသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆွစ်ဇာလန်၏ ကုန်သွယ်မှု ၉၀ ရာခိုင်နှုန်းတို့ကို သမဝါယမအသင်းများက ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအတွင်း သမဝါယမစတင် အခြေကျလာသည်မှာ ၁၉၀၁ ခုနှစ် အိန္ဒိယနိုင်ငံ ငတ်မွတ်ခေါင်းပါးမှုစုံစမ်းရေးကော်မရှင်အဖွဲ့က ဂျာမနီနိုင်ငံ ရဖိုက်ဆင် သမဝါယမအသင်းပုံစံအရ ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျေးရွာဘဏ်များတည်ထောင်ရန် အစိုးရအား အကြံပေးထောက်ခံတင်ပြရာမှ ၁၉၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် သမဝါယမ ငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေပေါ်ထွက်လာ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။

**အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့**

နိုင်ငံတကာတွင်ရှိသော သမဝါယမအသင်းများအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA) ကို ၁၈၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌လည်းကောင်း ဖွဲ့စည်းရုံးစိုက်ခဲ့ပါသည်။ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၉၅ နိုင်ငံမှ သမဝါယမအဖွဲ့အစည်းပေါင်း ၂၈၀ ကျော်၊ အသင်းသားပေါင်း သန်း ၁၀၀၀ ကျော် ပါဝင်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ICA ဖွဲ့စည်းတည်ထောင်ပြီးနောက် ကမ္ဘာ့ပြည်သူများကို အလုပ်အကျွေးပြုလျက်ရှိသော သမဝါယမအသင်းများကို ဂုဏ်ပြုသောအားဖြင့် ၁၉၂၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့(ပထမပတ်စနေနေ့)မှ စတင်၍ ICAက ကြီးမှူးကျင်းပခဲ့ပါသည်။ ထို့နောက် စက်တင်ဘာလပထမပတ် တနင်္ဂနွေနေ့သို့ ပြောင်းလဲကျင်းပခဲ့ပါသေးသည်။ သို့သော် ၁၉၉၄ ခုနှစ်တွင် ကျင်းပသော (၄၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ပြန်လည်ဆုံးဖြတ်ချက်အရ အင်္ဂလန်နိုင်ငံ မန်ချက်စတာတွင်

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့



၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်
(စနေနေ့)

**"အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သမဝါယမစွမ်းအားဖြင့် ဆောင်ရွက်ပေး"**

**" Co-operatives: The power to act for a substainable future"**

၁၉၉၅ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော သမဝါယမ ရာပြည့်နှစ်မှ စတင်၍ နှစ်စဉ်ဇူလိုင်လ (ပထမပတ်စနေနေ့)တွင် ကျင်းပလာခဲ့သည်မှာ ယနေ့ထိဖြစ်ပါသည်။ ယခုနှစ် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ ဆောင်ပုဒ်များနှင့်အညီ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ကြပါသည်။ ယခုနှစ် ၂၀၁၆ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "အနာဂတ်ကာလစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ သမဝါယမ စွမ်းအားဖြင့် ဆောင်ရွက်ပေး" (Co-operative; The Power to act for a Sustainable Future) ဖြစ်ပါသည်။

**ဂုဏ်ယူဖွယ်ရာကောင်းပါသည်**

လက်ရှိအနေအားဖြင့် ယခုနှစ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်၏ လေးနက်မှုနှင့် (၁) ကမ္ဘာတစ်ဝန်း ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖော်ဆောင်ထားသည့် အလုပ်အကိုင်အခွင့်အလမ်းများထက် သမဝါယမလုပ်ငန်းများက သန်း ၁၀၀ ပိုမိုဖော်ဆောင်ပေးနိုင်သဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်၏ အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေလျက်ရှိသည်ဟု ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားခြင်း။ (၂)ကမ္ဘာ့တိုက်ကြီးအားလုံးတွင် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး Fortune-500 စာစောင်တွင် ဖော်ပြထားသော ကမ္ဘာ့အောင်မြင်တိုးတက်မှုအရှိဆုံး ကုမ္ပဏီကြီး ၅၀၀ စာရင်းတွင် သမဝါယမအသင်းများ ပါဝင်နေခြင်း။ (၃) ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အသက်ဝင်သည့် ထောင်စုနှစ်သစ်အတွက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ပန်းတိုင်များ (Sustainable Development Goals-SDGs) အဖြစ် ပန်းတိုင် (၁၇)ရပ်တွင် ပန်းတိုင်(၈)အဖြစ် "စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင် တိုးတက်ဖြစ်ပေါ်ရရှိစေရေး" (Goal 8-Promote Sustained, inclusive and sustainable economic growth, full and productive employment and decent work for all.)ဟူသည့်အချက်က သမဝါယမစနစ်ကို ညွှန်ပြနေခြင်း။ (၄)ယနေ့ကမ္ဘာတွင် ဈေးကွက်ပုံပျက်ခြင်း (Distortion)၊ ဈေးကွက်ရုတ်တရက် ပျက်စီးခြင်း၊ (Market Crash)၊ ပြင်ပ ပယောဂအကျိုးသက်ရောက် ခြင်း (External Shock) နှင့် စီးပွားရေးကျဆင်းခြင်း (Economic Depression) စသည့် အကျပ်အတည်းများကို ကြံ့ကြံ့ခံနိုင်မည်မှာ သမဝါယမစနစ်သာဖြစ်သည်ဟု ကမ္ဘာက လက်ခံယုံကြည်ခြင်း စသည့် အကြောင်းအချက်များကြောင့် သမဝါယမအသင်းများအဖို့ ဂုဏ်ယူဖွယ်ရာ ကောင်းပါသည်။ သို့သော် ကျရောက်လာသည့် သမိုင်းပေးတာဝန်ကို အောင်မြင်စွာ ထမ်းရွက်နိုင်ရန်အတွက် ကျော်ဖြတ်ရမည့်စိန်ခေါ်မှုများနှင့် ခေတ်စနစ်နှင့် လျော်ညီသော ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်သွားကြရပေဦးမည်။

**စိန်ခေါ်မှုများနှင့် Mindset ပြုပြင်ပြောင်းလဲခြင်း**

Nigeria နိုင်ငံ Ahmadu Bello University; Zaria မှ ထုတ်ဝေခဲ့သော The Role of Co-operative Society in Economic Development စာအုပ်တွင် သမဝါယမများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအဖြစ် (၁)ယဉ်ကျေးမှုဓလေ့ထုံးစံပြောင်းလဲခြင်းများ (၂)ပြိုင်ဆိုင်မှုနှင့်တိုးချဲ့မှုများ (၃)လုပ်ခနှင့် ပတ်သက်၍ မညီညွတ်မှုများ (၄) ဗဟိုချုပ်ကိုင်မှုနှင့် ပြန်လည်ဖွဲ့စည်းမှုများ (၅)ထုတ်လုပ်မှုစွမ်းရည်နှင့် ပါဝင်ဆောင်ရွက်မှု တိုးတက်ရေးအစီအစဉ်များ စသည့်အချက်များကိုဖော်ပြထားပါသည်။ အဓိကစိန်ခေါ်မှုမှာ စွမ်းရည်ရှိမှုအပိုင်းနှင့် ဒီမိုကရေစီရှိမှုအကြား ဘက်ညီအောင် ဆောင်ရွက်ပေးရေးဖြစ်သည်ဟုလည်း ပညာရှင်များက ဆိုပါသည်။

သမဝါယမလုပ်ငန်းသည် Social Business၊ Social Enterprise များ ဖြစ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ပြီး လူမှုရေးတာဝန်ကျေပွန်သော အဖွဲ့အစည်းများဖြစ်ပါသည်။ သို့အတွက် စိတ်ဓာတ် (Mindset) က အရေးကြီးပါသည်။ Mindset အဟောင်းများကို အကောင်းမြင်ဝါဒရှိသော၊ မိမိစိတ်ဓာတ်ကို မြှင့်တင်သော၊ သဘောတရားထက် လက်တွေ့ဆောင်ရွက်ခြင်းဖြင့် "တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်" ဟူသော အတွေးအခေါ် ကျင့်သုံးသော၊ အတိတ်၏ အမှားများကို သင်ခန်းစာယူတတ်သော Mindset များဆီသို့ ပြောင်းလဲရပါမည်။ သို့မှသာ သမဝါယမအသင်းများ အရည်အသွေးတောက်ပြောင်လာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရာနှုန်းပြည့်ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

**မြန်မာ့သမဝါယမ၏ ဆောင်ရွက်ချက်များ**

ယခုအခါ မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းများကို မွန်မြတ်သော တိုင်းပြုပြည်ပြုလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိနေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ် ရှစ်ရပ်တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ်လည်း ပါဝင်သည်ဖြစ်၍ သမဝါယမဝန်ကြီးဌာနအနေဖြင့် ထိုလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဦးတည်ချက်သုံးရပ်၊ ပြုပြင်ပြောင်းလဲရေးမူ လေးချက်၊ လုပ်ငန်းစဉ်(၁၀)ရပ်၊ ပုတ်ပြတ်တာဝန်လေးခု၊ ပေါင်းစပ်ဆောင်ရွက်ရမည့် အချက်ခြောက်ချက်တို့ကို ချမှတ်ထားပြီး သုတေသနပြုခြင်း (Research)၊ ပြင်ဆင်ပြောင်းလဲဆောင်ရွက်ခြင်း (Reform)၊ တီထွင်ဆောင်ရွက်ခြင်း (Innovation)တို့ကို ဆောင်ရွက်နေပါသည်။ တစ်ဖက်တွင်လည်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ တက္ကသိုလ်/ ကောလိပ်/ သင်တန်းကျောင်းများဖွင့်လှစ်ကာ လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပေးလျက်ရှိနေပါသည်။

လတ်တလောအားဖြင့် ရက်၁၀၀ စီမံချက်အတွင်း မြို့နယ် ၉၉ မြို့နယ်မှ အသင်းသားတောင်သူလယ်သမား ၁၅၀၃၀၄ ဦးအတွက် ပံ့ပိုးငွေကျပ် ၁၈ ဒသမ ၂ ဘီလီယံ ထုတ်ချေးပေးခဲ့ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်း ၅၉၁ စီး(တန်ဖိုးအားဖြင့် ကျပ် ၃ ဒသမ ၄၇ ဘီလီယံ)ကို အသင်းသားများသို့ Hire Purchase စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ China Exim Bank ချေးငွေကို ခြောက်လတစ်ကြိမ် ပုံစံဖြင့် ခြောက်ကြိမ်မြောက်အဖြစ် ကျပ် ၄၆၃ ဘီလီယံကို အသင်းသားပေါင်း ၃၁၈၀၄ ဦးက အသင်းသား၂၆ သိန်းကျော်၏ စုဆောင်းငွေ ၁၀ ရာခိုင်နှုန်း ပေါင်းထားသော ငွေကျပ်ဘီလီယံ ၅၀၀ ကျော်ကို ထုတ်ချေးသွားမှာဖြစ်ကြောင်း၊ အသင်းသားများ၏တာဝန် ကျေပွန်မှုစိတ်ဓာတ်ကောင်းမွန်မှုအပေါ် မူတည်၍ ချေးငွေနှုန်းထားအဖြစ် ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးနေကြောင်း သိရှိရပါသည်။ သဘာဝဘေးဒဏ်ခံစားကြရသည့် အသင်းသားများအတွက်လည်း သက်ဆိုင်ရာ အသင်းအဖွဲ့များက ကူညီထောက်ပံ့ဖေးမလက်တွဲလျက်ရှိနေကြောင်းကို ဝမ်းပန်းတသာတွေ့မြင်နေရသည်။

**သမဝါယမလုပ်ငန်းများအောင်မြင်သည်နှင့်အမျှ**

နိဂုံးချုပ်အားဖြင့်တင်ပြလိုပါသည်။ ယနေ့အချိန်ကာလ မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံကျသဖြင့် သမဝါယမလုပ်ငန်းများအောင်မြင်သည်နှင့်အမျှ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ဆင်းရဲမှုနှုန်းလျှော့ချရေးနှင့်ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "အနာဂတ်ကာလစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သမဝါယမစွမ်းအားဖြင့်ဆောင်ရွက်ပေး" ဟူသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါ၍ သမဝါယမအသင်းများနှင့် ပါဝင်ပတ်သက်သူအားလုံးက လက်တွဲညီညီဆောင်ရွက်ကြဖို့လိုအပ်ပါကြောင်း တိုက်တွန်းတင်ပြအပ်ပါသည်။ ။

*ကျောဖုံးမှ*

ကိစ္စရပ်တွေကို မနက်ဖြန်အစည်းအဝေးမှ သိနိုင်မယ်။ လောလောဆယ်တော့ JMC-S ပေါ့၊ မွန်နဲ့ ကရင်မှာ လုပ်ဖို့ရှိတယ်။ အခုလောလောဆယ် JMC အဖွဲ့တွေ ထပ်ဖွဲ့ဖို့ပဲရှိတယ်။ CSOs အဖွဲ့တွေကိုတော့ JMC နဲ့ပတ်သက်တာတွေ ဦးကိုကိုကြီးက ပြောပြပါလိမ့်မယ်။ လုပ်ငန်းတွေဖွဲ့စည်းဖို့၊ ရုံးအဖွဲ့ ဖွဲ့ဖို့နဲ့ ငွေရေးကြေးရေးကိစ္စတွေ ဆွေးနွေးဖြစ်တယ်။ ငွေရေးကြေးရေးက အခုထိ အဆင်ပြေတာမဟုတ်သေးဘူး။မနက်ဖြန်မှာတော့ JMC မှာ အရပ်သားအဖွဲ့က အရပ်သားပါဝင်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးမယ်''ဟု ပြောသည်။

ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည့် ဆဋ္ဌမအကြိမ်မြောက် JMC-U အစည်းအဝေးတွင် ပြည်နယ် တိုင်းအဆင့် JMC-S အား ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် JMC-S ဖွဲ့စည်းနိုင်ရန် ခရီးစဉ်ဆွေးနွေးခြင်း၊ JMC-TSC ယာယီအဖွဲ့ရုံး၏ သုံးလတာ နောက်ပိုင်းဖြစ်ပေါ်လာမည့် အခြေအနေများအပေါ် လုပ်ဆောင်ရမည့်အပိုင်းများ၊ JMC ၏ လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် သုံးနှစ်စာဘတ်ဂျက်နှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲရန် အလုပ်အဖွဲ့ဖွဲ့စည်းရေးဆွေးနွေးခြင်း၊ အရပ်သားစောင့်ကြည့်ရေးဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးခြင်း၊ JMC ဆိုင်ရာ အချက်အလက်စနစ်( database) တည်ထောင်ရန် အလုပ်အဖွဲ့ဖွဲ့စည်းရန် ဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေး(Demining) ကိစ္စအား ဆွေးနွေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက ''အစည်းအဝေးက နှစ်ရက်လုပ်မှာ။ ဒီနေ့မှာ မပြီးပြတ်သေးတာတွေကို မနက်ဖြန်လည်း ဆက်ဆွေးနွေးဦးမှာ။ မနက်ဖြန်ပြီးမှပဲ ပြောတာကောင်းတယ်။ အရပ်သားစောင့်ကြည့်ရေးဆိုင်ရာ ကိစ္စကိုတော့ မနက်ဖြန်မှ ကျွန်တော် တင်ပြမယ်။ CSOs နဲ့ JMC-U ကအရပ်သားကိုယ်စားလှယ်တွေ တွေ့တာတော့ ကျွန်တော်တွေ့ပြီးပြီ''ဟု ပြောသည်။

ပြည်နယ် တိုင်းအဆင့် JMC-S အား ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းနိုင်ရန် ခရီးစဉ်ဆွေးနွေးခြင်းနှင့် ပတ်သက်၍ **''ပြည်နယ်အဆင့် JMC-S ဖွဲ့ဖို့အတွက် အဓိက က မွန်နဲ့ကရင်ပဲ အရင်ဖြစ်မယ်ထင်တယ်။ လုပ်ဖြစ်ရင်တော့ ဇွန် ၂၉ နဲ့ ၃၀ လောက်မှာ စနိုင်မယ်ထင်တယ်။ ပဲခူးကတော့ မဖြစ်လောက်သေးဘူး''ဟု KNU/KNLA မှ စောအိုင်းဇက်ဖိုးက ပြောသည်။**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ ဆဋ္ဌမအကြိမ် ဒုတိယနေ့အစည်းအဝေးကို ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် NRPC ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရက်သတ္တပတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်ရှိ အမှတ် (၂၀) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းစိုက်ခင်း၌ ယနေ့ နံနက် ၈ နာရီက နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း ဦးဆောင်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရက်သတ္တပတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့သည်။

ဒေသအသီးသီး၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အယ်နီညိုရာသီဥတု ကျရောက်ခံစားခဲ့ကြရ၍ ပြည်သူများအနေဖြင့် အဆိုပါ သဘာဝဘေးအန္တရာယ်များ သက်သာစေရန်နှင့် တောတောင်၊ ရေမြေ၊ မြစ်ချောင်း၊ အင်း၊ အိုင်များ ရေရှည်တည်တံ့စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သစ်ပင်စိုက်ပျိုးပွဲများကို ''ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏'' ဆောင်ပုဒ်အတိုင်း စုပေါင်းစိုက်ပျိုးကြခြင်း ဖြစ်သည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ နေပြည်တော် ပညာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘသစ်၊ မြို့နယ်ပညာရေးမှူး၊ သစ်တောဦးစီးဌာနမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ကျောင်းသား ကျောင်းသူများနှင့် NGO များ တက်ရောက်၍ ရတနာတန်းဝင် တော်ဝင်ကျွန်းသစ်ပင် ၁၂၀၊ မဟော်ဂနီပင် ၁၀၀ နှင့် ရေတမာပင် ၆၀ တို့ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ဘောဂသီရိယာဉ်ရပ်နားစခန်း ဝင်ကြေးများကို ဇူလိုင် ၁ ရက်တွင် စတင်ကောက်ခံတော့မည်



**နေပြည်တော် ဇွန် ၂၇**

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိယာဉ်ရပ်နားစခန်း ဝင်ကြေးများကို လာမည့် ဇူလိုင် ၁ ရက်မှစ၍ ကောက်ခံတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝင်ကြေးကောက်ခံရာ၌ မော်တော်ဆိုင်ကယ်များကို ကောက်ခံမှုမဆောင်ရွက်သေးဘဲ မော်တော်ယာဉ်များသာ ကောက်ခံသွားမည်ဖြစ်ပြီး ၁-၇-၂၀၁၆ မှ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ကောက်ခံသွားမည်ဖြစ်သည်။

ဘောဂသီရိ ယာဉ်ရပ်နားစခန်းအတွင်းရှိ စည်ပင်သာယာရေး ကော်မတီကားကြီးဝင်းကွပ်ကဲမှုရုံး၌ ဇွန် ၂၃ ရက်က ဘောဂသီရိ ယာဉ်ရပ်နားစခန်း ဝင်ကြေးကောက်ခံမှု လေလံတင်ပွဲတစ်ရပ်ပြုလုပ်ခဲ့ရာ ဝင်ကြေးလေလံဆွဲသူရှစ်ဦး တက်ရောက်လေလံဆွဲရာ ဦးစိုင်းထွန်းဦးက တစ်နှစ်လျှင် သိန်းနှစ်ထောင့်သုံးရာ့ငါးဆယ်ဖြင့် လေလံအောင်မြင်ခဲ့ကြောင်း သိရသည်။ ''ကျွန်တော်တို့အဝေးပြေးခရီးသည် ပို့ဆောင်ရေးယာဉ်တွေကို အခုလို ဝင်ကြေးကောက်ခံမှုမှာ ယာဉ်တစ်စီးကို ဘယ်လောက်ဝင်ကြေးသတ်မှတ်မယ်ဆိုတာ မပြောသေးဘူး။ ဘာပဲပြောပြော နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဘဏ္ဍာငွေရရှိစေပါတယ်။ ကျွန်တော့်ကို ခရီးသည်တင်ယာဉ်တွေက နေပြည်တော်ရှိ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ခရီးသွားပြည်သူတွေ သွားလာရေး အဆင်ပြေချောမွေ့စေဖို့အတွက် ဘောဂသီရိကားဝင်းမှ မြို့မဈေးသို့ အကြို/အပို့ တစ်နေ့နှစ်ခေါက်မှ သုံးခေါက်အထိ ဝင်ထွက်သွားလာရပါတယ်။ ဝင်ကြေးကို ယာဉ်ဝင်တိုင်း ပေးဆောင်ရမယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ အခြားမြို့တွေမှာလို ဝင်ကြေးတစ်ကြိမ် ကောက်ခံပြီး ၂၄ နာရီအတွင်း ဝင်/ထွက်ခွင့်ရမယ်ဆိုရင် အဆင်ပြေပါတယ်''ဟု ခရီးသည်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

နေပြည်တော် ဘောဂသီရိကားဝင်းအတွင်း၌ တရားဝင်မှတ်ပုံတင်ထားသောယာဉ်လိုင်းအသင်းများမှာ နေပြည်တော်အခြေပြုယာဉ်လိုင်း ၂၃ သင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးအခြေပြုယာဉ်လိုင်း ၆၃ သင်း စုစုပေါင်း ၈၆ သင်းရှိရာ ယနေ့ယာဉ်လိုင်းပေါင်း ၇၅ သင်းမှ ယာဉ်စီးရေ ၈၀၀ နီးပါး ပြေးဆွဲနေသည့်အနက် ဘောဂသီရိကားဝင်းထဲသို့ အစီး ၂၅၀ ခန့် ဝင်ရောက်နေသည်ကို တွေ့ရှိရကြောင်း၊ ယခင် ၂၀၀၇ ခုနှစ်က တစ်ကြိမ်၊ ယာဉ်ဝင်ကြေးများကောက်ခံမှု ဆောင်ရွက်ခဲ့သော်လည်း ကားကြီးဝင်း မစည်ကားမည်စိုးရိမ်၍ ဝင်ကြေးကောက်ခံမှု ရပ်ဆိုင်းခဲ့ကြောင်း၊ ဘောဂသီရိယာဉ်ရပ်နားစခန်းမှာ အခြားမြို့ကြီးများကဲ့သို့ ယာဉ်ရပ်နားစခန်း တစ်ခုတည်းရှိနေခြင်းမဟုတ်ဘဲ ယာဉ်ပြင်အလုပ်ရုံ၊ ပွဲရုံတန်း၊ စားသောက်ခန်း၊ ရေဆေးဆီလိုက် အလုပ်ရုံအသီးသီးရှိနေကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းအတွင်း၌ ကားဂိတ်ပေါင်း ၉၆ ခန်း၊ ပွဲရုံတန်း အခန်း ၂၀၊ စားသောက်ဆိုင်ခန်းပေါင်း ၃၆ ခန်း၊ ယာဉ်ပြင်အလုပ်ရုံ ၅၉ ခန်းနှင့် ရေဆေးဆီလိုက်အလုပ်ရုံ ၁၀ ခန်းရှိကြောင်း ဘောဂသီရိကားကြီးဝင်း ကွပ်ကဲမှုရုံး စာရင်းအရ သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

*ကျောဖုံးမှ*

ပြောင်းပြီး ခရက်ဒစ်ကတ်ပေးပါမယ်။ နောက်ပြီး ကျွန်တော်တို့အနေနဲ့ ပြည်ပမှာ ဘဏ်ခွဲသွားရောက်ဖွင့်ဖို့ ဆောင်ရွက်နေပါတယ်။ ဘဏ်ခွဲမရခင်မှာ အနည်းဆုံးတော့ ရုံးခန်းဖွင့်ဖို့ အစီအစဉ်ရှိပါတယ်။ ပြင်ဆင်ထားတာ သုံးနှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့လည်း ဖွင့်လှစ်ဖို့ စောင့်နေတာကြာပါပြီ။ ဦးစားပေးအနေနဲ့ မြန်မာအများ သွားရောက်လုပ်ကိုင်၊ ပညာဆည်းပူးပြီး နှစ်နိုင်ငံစီးပွားရေးပေါင်းဖော်မှုတွေများတဲ့ အိမ်နီးချင်း ထိုင်း၊ စင်ကာပူကနဦးဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။ သူတို့နိုင်ငံရဲ့စည်းမျဉ်း၊ စည်းကမ်းအတိုင်းတွေရှိတဲ့အတွက် ဒီအပေါ်မှာ ခွင့်ပြုချက်ရဖို့ ဆောင်ရွက်နေတာပါ။ စင်ကာပူကတော့ စည်းမျဉ်း၊ စည်းကမ်းပိုကျပ်တယ်။ ထိုင်းက အရင်ရဖို့များပါတယ်''ဟု ပြည်တွင်းရောဝတီပုဂ္ဂလိကဘဏ် IT & Banking Operations ဌာနမှ Deputy Managing Director ဦးမင်းဝင့်ဦးက ပြောကြားသည်။

ရောဝတီဘဏ်သည် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပြည်တွင်း၌ ထပ်မံ၍ ဘဏ်ခွဲပေါင်း ၁၀၀ နှင့် အေတီအမ်စက်များ တိုးချဲ့သွားမည်ဖြစ်ပြီး ပြည်ပတွင်လည်း ဘဏ်ခွဲဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရောဝတီဘဏ်မှ သိရှိရသည်။ လက်ရှိတွင် ပြည်တွင်း၌ ဘဏ်ခွဲပေါင်း ၁၅၅ ခုကျော် ဖွင့်လှစ်ခဲ့ပြီး ထပ်မံ၍ တစ်နှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနှံ့ ဘဏ်ခွဲပေါင်း၁၀၀ဖွင့်လှစ်သွားရန် ဆောင်ရွက်နေပြီဖြစ်သည်။ ယင်းအပြင် အေတီအမ်စက်များကိုလည်း တစ်နှစ်တာကာလအတွင်း စုစုပေါင်း စက်အရေအတွက် ၅၅၀မှ ၆၀၀ ခန့်အထိ ထားရှိရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

''ကျွန်တော်တို့ ဘဏ်အနေနဲ့က ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက် မှာ ဘဏ်ခွဲပေါင်း ၁၅၀ ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလကနေ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀၀ ထပ်မံတိုးချဲ့ ဖွင့်လှစ်ဖို့ စီစဉ်ထားတယ်။ ၂၀၁၇ ခုနှစ် မတ်လမှာ ဆိုရင်တော့ ဘဏ်ခွဲပေါင်း ၂၅၀ ဖြစ်သွားပါမယ်။ မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့အပြားပါပဲ။ လုံးဝမဖွင့်ရသေးတဲ့ မြို့တွေမှာလည်း ဖွင့်သွားဖို့စီစဉ်ထားရှိပါတယ်''ဟု ဦးမင်းဝင့်ဦးက ဆိုသည်။

ပြည်တွင်း ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် ရောဝတီဘဏ်အနေဖြင့် ဗဟိုဘဏ်မှ ခွင့်ပြုချက်ရရှိထားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယခု လက်ရှိတွင် အကြွေးဝယ်ကတ်စနစ်ကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိရာ အသုံးပြုသူပေါင်း နှစ်ထောင်နီးပါးခန့် ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အကြွေးဝယ်ကတ်ကိုလည်း သတ်မှတ်ခွင့်ပြုချက်နှင့်အညီ ကတ်အရေအတွက် သန်းနဲ့ချီ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အကြွေးဝယ်ကတ်စနစ် ဆောင်ရွက်နေခြင်းအပြင် ပြည်ပတွင်လည်း ဘဏ်ခွဲဖွင့်လှစ်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြည်သူများအား ပြည်တွင်းဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ကူညီနေစဉ်

ရောဝတီဘဏ်အနေဖြင့် ဘဏ်၌ စုငွေလက်ခံခြင်းနှင့် အတိုးပေးခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဘဏ်ချေးငွေပြန်ချပေးခြင်းတို့အပြင် ယခုနောက်ပိုင်းတွင် ကတ်စနစ်သုံး ဘဏ်စနစ်၊ Internet Banking, Mobile Banking, International Banking များကို ဆောင်ရွက်လျက်ရှိပြီး ဗဟိုဘဏ်၏ သတ်မှတ်ချက်အတိုင်း ခွင့်ပြုချက်ပေးသည့်အပေါ် ထုတ်ကုန် အသစ်များကိုလည်း မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ရောဝတီဘဏ်အနေဖြင့် နည်းပညာပိုင်းဆိုင်ရာများကို အဓိကထား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး ဘဏ်နှင့်လက်တွဲဆောင်ရွက်နေသော အများပြည်သူများအပေါ် အလေးထားသည့် ဝန်ဆောင်မှုစနစ်ကို ဘဏ်ဝန်ထမ်းအားလုံးက တစ်နေရာတည်းတွင် အဆင်ပြေချောမွေ့စေရန် အပြီးအစီး ဝန်ဆောင်မှုပေးသည့် စနစ်တို့ကိုလည်း ပြောင်းလဲသုံးစွဲလျက်ရှိသည်ဟု သိရသည်။

လက်ရှိတွင် ရောဝတီဘဏ်သည် ရန်ကုန်ရုံးချုပ်အပါအဝင် မြန်မာနိုင်ငံ မြို့ကြီးပေါင်း ၆၃ မြို့တွင် ဘဏ်ခွဲပေါင်း ၁၅၉ ဘဏ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်နှင့်ချိတ်ဆက်ထားသည့် စတော့အိတ်ချိန်းဝန်ဆောင်မှုဖြစ်သော Securities Account ဖွင့်လှစ်ခြင်းနှင့် အာမခံဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀၀ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းခေတ်၊ ဓာတ်ပုံ - မိုးမခ**

# ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေးအသစ် (PCV) ကို ဇူလိုင်လတွင် ထည့်သွင်းထိုးနှံမည်

၂၀၁၆ ခုနှစ် ဇူလိုင်လပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် တစ်နှစ်အောက်ကလေးငယ်များအတွက် ပြင်းထန်အဆုတ်ရောင် ရောဂါပိုးကာကွယ်ဆေးအသစ် (PCV-10) ကို ဇူလိုင် ၁ ရက်တွင် ထည့်သွင်းထိုးနှံပေးမည်ဖြစ်ကြောင်း ဇွန် ၂၇ ရက်တွင် မန္တလေးမြို့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအဆင့် အသိပေးဆွေးနွေးပွဲမှ သိရသည်။



အဆိုပါဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သော ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်ထည့်သွင်းထိုးနှံခြင်းကို ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး ယခုအသုံးပြုသည့် PCV သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များအား ကူးစက်ရောဂါပိုး ၁၀ မျိုးမှ ကင်းဝေးစေရန် ကာကွယ်ပေးသွားနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။ (ဝဲပုံ)

"ဒီကာကွယ်ဆေးက တစ်နှစ်အောက်ကလေးငယ်တွေကို နှစ်လ၊ လေးလနဲ့ ခြောက်လအရွယ်တွေမှာ အစီအစဉ်အတိုင်း သုံးကြိမ်ထိုးပေးရမှာဖြစ်တဲ့အတွက် လာမယ့် ဇူလိုင် ၁ ရက်မှာ အသက်နှစ်လအရွယ် ကလေးတွေကို စတင်ထိုးပေးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ပြင်းထန်အဆုတ်ရောင်ရောဂါသည် ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါအုပ်စုတစ်မျိုးဖြစ်၍ များသောအားဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှုမြန်ခြင်း၊ အသက်ရှုခက်ခဲခြင်းစသည့် ပြင်းထန်ဆိုးရွားသော လက္ခဏာများဖြစ်ပေါ်လျက် သေဆုံးခြင်းနှင့် တစ်သက်တာ မသန်စွမ်းခြင်းများဖြစ်စေနိုင်ပြီး နှစ်နှစ်အောက်ကလေးများတွင် အန္တရာယ်အရှိဆုံးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၉ ခုနှစ် ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးတစ်သိန်းတွင် ၁၀၀ မှ ၃၀၀ အထိသည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် သေဆုံးရသည်ဟု ခန့်မှန်းထားပြီး ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းပြုလုပ်ခဲ့သော ငါးနှစ်အောက်ကလေးများ သေဆုံးမှုအကြောင်းအရင်းလေ့လာချက်အရ အသက်ရှုလမ်းကြောင်းရောဂါပိုးဝင်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုသည် ၁၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

ယခုထိုးနှံပေးမည့် ကာကွယ်ဆေးအသစ်သည် အလွန်ပင်အန္တရာယ်ကင်းသည့်အပြင် နိုင်ငံပေါင်းများစွာတွင် နှစ်ပေါင်းများစွာအသုံးပြုနေသော ကာကွယ်ဆေးဖြစ်သောကြောင့် မိဘပြည်သူများအနေဖြင့် မိမိတို့ရင်သွေးငယ်များအတွက် လာမည့် ဇူလိုင် ၁ ရက်မှစ၍ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာအလိုက် ကာကွယ်ဆေးထိုးစုရပ်များသို့ စိတ်ချယုံကြည်စွာ လာရောက်ထိုးနှံပေးကြရန် ကျန်းမာရေးဦးစီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကဏ္ဍအလိုက် လိုအပ်သည့် စာရင်းအင်းအချက်အလက်များရရှိရေး ဦးစားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လိုအပ်ချက်များကိုဖော်ပြသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များမရှိပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်ရန် အချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူကလည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း Asia-Pacific and SIDS, PARIS 21 မှ ဒေသဆိုင်ရာ အစီအစဉ်ညှိနှိုင်းရေးမှူး မစ္စ မီလီဆန့်ဂေး တက်ဂျိတ်က ပြောကြားသည်။

မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်၏ လုပ်ငန်းဆောင်တာများနှင့်စာရင်းအင်းဆိုင်ရာ စီမံအုပ်ချုပ်မှုပုံစံများ တိုးတက်ရန်၊ ပိုမိုကောင်းမွန်သော စီးပွားရေး မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် မူဝါဒချမှတ်သူများ လိုအပ်သည့်စာရင်းများကို ထုတ်လုပ်ပေးနိုင်ရန်၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုအားကောင်းစေရန်နှင့် အကဲဖြတ်မှုဘောင် အကောင်အထည်ဖော်ရန်ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ အဆိုပါဝန်ကြီးဌာနအောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့နှင့် PARIS 21 Mission အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အစည်းအဝေးတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ရရှိလာသော စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် မှန်ကန်ရန်လိုအပ်ပြီး အသုံးပြုမည့်သူများထံ အချိန်မီရောက်ရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ အချက်အလက်များမှတစ်ဆင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်သကဲ့သို့ အကောင်အထည်ဖော်နိုင်မည်လည်းဖြစ်ပါကြောင်း မစ္စ မီလီဆန့်ဂေး တက်ဂျိတ်က ဆက်လက်ပြောကြားသည်။

အလားတူ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က စာရင်းအင်းဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရန် မိမိတို့အနေဖြင့် လုပ်ဆောင်လျက်ရှိပြီး စာရင်းအင်းဆိုင်ရာဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ပါကြောင်း။ စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် အချိန်နှင့်တစ်ပြေးညီရှိသည့် အချက်အလက်များဖြစ်ရန် လိုအပ်ပါကြောင်း၊ တိကျမှန်ကန်ရန်လည်း လိုအပ်ပါကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ရရှိရေးအတွက် လက်ရှိအစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။ သို့သော် စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် အသုံးပြုမှသာ အမှန်တကယ် အသုံးဝင်သည့် အချက်အလက်များ ဖြစ်လာမည်ဖြစ်ကြောင်း အစည်းအဝေး အဖွင့်အမှာစကားတွင် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းနှင့် မေခရိုစီးပွားရေးစာရင်းအင်းများ၊ လုပ်ငန်းအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ အဆင့်မြင့်အရာရှိများ၊ အာဆီယံဆိုင်ရာ စာရင်းအင်းဌာနမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းဌာနများမှ ကိုယ်စားလှယ်များနှင့် PARIS 21 Mission အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကာ ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းဆိုင်ရာ၊ မလေးရှားနိုင်ငံ စာရင်းအင်းဆိုင်ရာ၊ ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းဆိုင်ရာနှင့် အာဆီယံစာရင်းအင်းဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍများမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

PARIS 21 Mission အဖွဲ့၏ သုံးသပ်ချက်ဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများသည် ကုလသမဂ္ဂ၏ တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံ စည်းမျဉ်းစည်းကမ်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့်အခြေခံထားကြောင်း၊ အာဆီယံအဖွဲ့သည် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်၏ ကျင့်ထုံးများကို ကုလသမဂ္ဂ၏ တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများကို အခြေခံချမှတ်ကျင့်သုံးလျက်ရှိပြီး အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်၏ ကျင့်ထုံးများကို အခြေခံထားကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

**(သတင်းစဉ်)**



## လေဘေးသင့်ဝန်ထမ်းများ ထောက်ပံ့ငွေပေးအပ်

**ရမည်းသင်း ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ရမည်းသင်းခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့မှ လေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ရမည်းသင်းခရိုင်တရားရုံး၌ ဇွန် ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလေဘေးသင့်ထောက်ပံ့ငွေများကို ရမည်းသင်းခရိုင်တရားသူကြီး ဦးလှဝင်းက ခရိုင်တရားရုံးဝန်ထမ်းငါးဦးကို ငွေကျပ် ၂၁၅၀၀၀ နှင့် မြို့နယ်တရားရုံးဝန်ထမ်းသုံးဦးကို ငွေကျပ် ၁၃၅၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၂၇**

မွန်နှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက် အစည်းအဝေးမှ ရလဒ်ကောင်းများ

**နေပြည်တော် ဇွန် ၂၇**

ကမ္ဘာ့ဘဏ်၏ အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) သည် ဝင်ငွေနည်းပါးသည့် နိုင်ငံပေါင်း ၇၇ နိုင်ငံကို ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်လည်း ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA)သည် သုံးနှစ်တစ်ကြိမ် ရန်ပုံငွေဖြည့်တင်းသည့် အစည်းအဝေးကို ပြုလုပ်လေ့ရှိပြီး (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ Kempinski Hotel ၌ ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။

"အခု မြန်မာနိုင်ငံမှာ ကျင်းပပြီးစီးသွားတဲ့ IDA ရဲ့ (၁၈)ကြိမ်မြောက် အစည်းအဝေးဟာ IDA ရန်ပုံငွေဖြည့်တင်းရေးရဲ့ ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာ ရာသီဥတုပြောင်းလဲမှုတွေ၊ ငြိမ်းချမ်းရေး ရရှိဖို့တွေ၊ ကျား မ တန်းတူ အခွင့်အရေးရရှိဖို့တွေ၊ အလုပ်အကိုင်နဲ့ စီးပွားရေးအခွင့်အလမ်း ရရှိဖို့တွေကို ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာကို ဆွေးနွေးကြတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဝင်ငွေနည်းနိုင်ငံတွေမှာ ထောက်ပံ့ပေးသွားမယ်"ဟု အစည်းအဝေးအတွင်း ဆွေးနွေးသည့် အကြောင်းအရာများအပေါ် IDA ၏ Managing Director ဖြစ်သူ မစ္စ ဆရီမူရာနီ အင်ဒရာဝါတီက ပြောကြားသည်။

အဆိုပါအစည်းအဝေးကို မြန်မာနိုင်ငံသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် ကမ္ဘာ့ဘဏ်နှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်နိုင်ခြင်း၊ ရင်းနှီးမှုပိုမိုရရှိနိုင်ခြင်း၊ IDA မှ ကူညီထောက်ပံ့မှုများ ပိုမိုရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရှိရပြီး IDA မှ မြန်မာနိုင်ငံအား ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများအပေါ် မစ္စ ဆရီမူရာနီ အင်ဒရာဝါတီက "IDA အနေနဲ့ မြန်မာနိုင်ငံမှာ လိုအပ်မှုရှိနေတဲ့ စီးပွားရေးကဏ္ဍမှာ ပိုပြီးကောင်းမွန်လာအောင်၊ ညီမျှတဲ့ ဖွံ့ဖြိုးမှုရရှိအောင်၊ လူထုဗဟိုပြုစီမံကိန်းတွေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရရှိအောင် ဆောင်ရွက်သွားမယ်။

"မြန်မာနိုင်ငံဟာ အခုအချိန်မှာဆိုရင် အလားအလာအများကြီးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်သူတွေပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်သင့်တယ်။ ဒီလိုဆောင်ရွက်သွားဖို့ အုပ်ချုပ်မှုအပိုင်း ကောင်းမွန်ဖို့နဲ့ အင်စတီကျူးရှင်းတွေ အားကောင်းဖို့ လိုအပ်တယ်။ ဒီအပိုင်းတွေအတွက် ကမ္ဘာ့ဘဏ်က ကူညီဆောင်ရွက်ပေးမှာဖြစ်သလို နည်းပညာအကူအညီတွေလည်း ပေးသွားမှာပါ။ ကမ္ဘာတစ်လွှားနိုင်ငံတွေမှာ ဘယ်လိုဆောင်ရွက်ရင် အောင်မြင်တယ်၊ ဘယ်လိုဆောင်ရွက်ရင် မအောင်မြင်ဘူး စသဖြင့် ဒီလိုအတွေ့အကြုံတွေကို မျှဝေသွားမှာဖြစ်သလို နည်းပညာအကူအညီတွေကိုလည်း ကူညီပေးသွားမှာပါ"ဟု ဆိုသည်။

မစ္စ ဆရီမူရာနီ အင်ဒရာဝါတီနှင့် အဖွဲ့သည် ဇွန် ၂၄ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ "တွေ့ဆုံမှုကနေ ကျွန်မတို့ရဲ့အမြင်တွေကို ဖလှယ်ခွင့်ရခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးလိုအပ်ချက်တွေအပေါ်မှာ အစိုးရက ဘယ်ကဏ္ဍတွေကို ဦးစားပေးဆောင်ရွက်သွားမယ်ဆိုတာကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။ ဒီလိုသိရှိခွင့်ရတာဟာ အခွင့်အရေးတစ်ခုဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

"ဘယ်လိုကဏ္ဍတွေမှာ ပံ့ပိုးကူညီနိုင်မယ်ဆိုတာကိုလည်း ဆွေးနွေးခဲ့ပြီးတော့ ဥပမာအနေနဲ့ပြောရရင် ကျေးလက်နေ ပြည်သူတွေရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ ဘယ်လိုကူညီနိုင်မယ်ဆိုတာကို ဆွေးနွေးခဲ့တယ်။ မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍက ထုတ်လုပ်မှုဟာ နည်းပါးသေးတဲ့အနေအထားမှာရှိပါတယ်။ ထုတ်လုပ်မှုတိုးတက်ဖို့၊ ကျေးလက်ဒေသရဲ့ လမ်း၊ တံတားနဲ့ လျှပ်စစ်ရရှိရေးတွေအတွက် ဘယ်လိုဆောင်ရွက်သွားမယ် ဆိုတာ ဆွေးနွေးခဲ့တယ်။

"နိုင်ငံတော် သမ္မတကလည်း အစိုးရဝန်ကြီးဌာနတွေမှာ Capacity Building အပိုင်းမှာ ပိုပြီးပူးပေါင်းဆောင်ရွက်သွားဖို့၊ စာရင်းအင်းအပိုင်းတွေမှာ အကူအညီပေးဖို့အတွက် ဆွေးနွေးပါတယ်။

"ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေး ပိုမိုအောင်မြင်လာတာနဲ့ နိုင်ငံရဲ့စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် ဒါတွေအောင်မြင်ဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲတဲ့သူနဲ့ ချမ်းသာတဲ့လူကြားကွာခြားမှု၊ လူမျိုးတစ်ခုနဲ့ တစ်ခုအကြားကွာခြားမှု၊ နေရာဒေသလိုက်ပြီး ကွာခြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ မညီမျှမှုတွေကိုလည်း ဖြေရှင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။

"ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးဟာလည်း အရေးကြီးပါတယ်။ အလုပ်အကိုင် ဖန်တီးပေးနိုင်ဖို့ ပုဂ္ဂလိကကဏ္ဍ အားကောင်းဖို့နဲ့ သင့်လျော်တဲ့ မူဝါဒတွေရှိဖို့ လိုအပ်ပါတယ်"ဟု ၎င်းက နိုင်ငံတော်သမ္မတနှင့် ဆွေးနွေးခဲ့မှုအပေါ် ပြောကြားခဲ့သည်။

**သန့်ဇင်ဝင်း-စုစည်းတင်ပြသည်**

# ယူရိုငွေ ၃ ဒသမ ၁၅ သန်း တန်ဖိုးရှိ ကျောက်မျက်အတွဲပေါင်း (၆၀) ရောင်းချရ

**နေပြည်တော် ဇွန် ၂၇**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၏ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၃၅၃ တွဲကို တင်ဒါစနစ်ဖြင့် တင်သွင်းခဲ့ကြပြီး ၃၄ တွဲကို ရောင်းချခဲ့ရသည်။

အလားတူ ကျောက်မျက်အတွဲ ၁၁၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ၂၆ တွဲကို ရောင်းချခဲ့ရသည်။ သို့ဖြစ်၍ စုစုပေါင်း ကျောက်မျက်အတွဲ ၆၀ မှ ယူရိုငွေ ၃ ဒသမ ၁၅ သန်းဖိုး ရောင်းချခဲ့ရကြောင်း သိရသည်။

ယမန်နေ့က ယူရို ၃ ဒသမ ၁၂ သန်းဖိုး ပုလဲအတွဲ ၃၁၂ တွဲကို ရောင်းချရသည်။ ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက် အထိ အခြေခံဈေးနှုန်း ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ခေတ်ဟောင်းဓာတ်ပြားများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့လှူဒါန်း

**နေပြည်တော် ဇွန် ၂၇**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့ လွိုင်လင်မြို့လယ်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယသည် ဗုဒ္ဓဝင်ဇာတ်တော်ကြီးများ အပါအဝင် ခေတ်ဟောင်းဓာတ်ပြားအချပ် ၁၅၀ ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အသုံးပြုရန်အတွက် ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် တပ်ဦးကျောင်းတိုက်တွင် လှူဒါန်းရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာက လက်ခံရယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ဆက်ကပ်သည်။

ဆရာတော် ဘဒ္ဒန္တနန္ဒိယအနေဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းရှိ ဆရာတော် သံဃာတော်များက စုပေါင်းလှူဒါန်းအပ်နှံခဲ့သည့် ဓာတ်ပြားများနှင့် မိမိကိုယ်တိုင် စုဆောင်းထားခဲ့သော ခေတ်ဟောင်းဓာတ်ပြားများကိုစုစည်း၍ ယခုကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဒါနဉပပါရမီ သွေးလှူဒါန်းပွဲများ ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၏ ဦးဆောင်မှုဖြင့် ဇွန်လအတွင်းတွင် သွေးလိုအပ်သောလူနာများ၊ ပြည်သူ့ဆေးရုံများနှင့် အထွေထွေရောဂါကုဆေးရုံကြီးများအတွက် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ **(ယာပုံ)**

ဇွန် ၁၈ ရက်တွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကမ္ဘောဇဘဏ်လီမိတက် စစ်တွေဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်း ၂၀ က လည်းကောင်း၊ ပဲခူးမြို့၌ ကမ္ဘောဇဘဏ်လီမိတက် ပဲခူးဘဏ်ခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် ဝေါဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်း ၄၂ ဦးကလည်းကောင်း၊ ဇွန် ၁၉ ရက်တွင် ထားဝယ်မြို့ ထားဝယ်ဆေးရုံကြီး၌ ကမ္ဘောဇဘဏ်လီမိတက် ထားဝယ်ဘဏ်ခွဲမှ အရာထမ်း၊ ဝန်ထမ်း ၁၅ ဦးတို့က လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ကမ္ဘောဇဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ(၄)မှ အရာထမ်း၊ ဝန်ထမ်း ၂၉၇ ဦးသည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သို့ လည်းကောင်း၊ နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကမ္ဘောဇဘဏ်လီမိတက် နေပြည်တော်ဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်း ၆၂ ဦးက လည်းကောင်း၊ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ကမ္ဘောဇဘဏ်လီမိတက် တောင်ကြီးဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်း ၁၅၀ က လည်းကောင်း။

ဇွန် ၂၁ ရက်က ဘားအံမြို့၌ ကမ္ဘောဇဘဏ်လီမိတက် ဘားအံဘဏ်ခွဲ(၁)နှင့် ဘားအံဘဏ်ခွဲ(၂)တို့မှ အရာထမ်း၊ ဝန်ထမ်း ၁၂ ဦးက လည်းကောင်း၊ ဇွန် ၂၅ ရက်က မကွေးမြို့၌ ကမ္ဘောဇဘဏ်လီမိတက် မကွေးဘဏ်ခွဲ(၁)၊ (၂) နှင့် မင်းဘူးဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်း ၃၀ က လည်းကောင်း စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ဖောင်ဒေးရှင်းသည် ရန်ကုန်မြို့ အပါအဝင် မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်၊ စစ်တွေ၊ မွန်ပြည်နယ်၊ ထားဝယ်၊ မကွေး၊ ဘားအံ၊ ဝေါ၊ ပုသိမ်နှင့် ပဲခူးမြို့တို့၌ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်းများ၊ ကမ္ဘောဇအုပ်စု ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းမှ ဝန်ထမ်းများနှင့် ကမ္ဘောဇလေကြောင်းလိုင်း မှ ဝန်ထမ်းများ စုစုပေါင်းသွေးလှူရှင် ၁၇၀၀ ကျော်တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ထို့အပြင် ဖောင်ဒေးရှင်း၏ ပထမအကြိမ် ဒါနဉပပါရမီ သွေးလှူဒါန်းပွဲကိုလည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြုလုပ်ခဲ့ရာ ဖောင်ဒေးရှင်း ဉက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ ကမ္ဘောဇအုပ်စုကုမ္ပဏီ အသီးသီးနှင့် ရန်ကုန်မြို့၊ မန္တလေးမြို့တို့ရှိ ကမ္ဘောဇဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်းများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ စုစုပေါင်းသွေးအလှူရှင် ၉၀၀ ကျော်တို့က သွေးလိုအပ်သော နေရာများ၊ လူနာများအတွက် သွေးလှူဒါန်းခဲ့ကြပြီး ဒုတိယအကြိမ် ဒါနဉပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ပထမနေ့ကို ဇွန် ၇ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာနတွင် စတင်ကျင်းပခဲ့ပြီး ဖောင်ဒေးရှင်းဉက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ အရာထမ်း၊ ဝန်ထမ်းများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ထို့အတူ သွေးလှူဒါန်းပွဲ ဒုတိယ နေ့ကို ဇွန် ၁၇ ရက်က ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်ခွဲများနှင့် ကမ္ဘောဇအုပ်စုကုမ္ပဏီအသီးသီးမှ အရာထမ်း၊ ဝန်ထမ်း ၃၀၀ ကျော်တို့က လည်းကောင်း၊ တတိယနေ့ကို ဇွန် ၂၄ ရက်က ကမ္ဘောဇဘဏ်ခွဲများနှင့် ကမ္ဘောဇအုပ်စုကုမ္ပဏီ အသီးသီးမှ အရာထမ်း၊ ဝန်ထမ်း စုစုပေါင်း ၃၀၀ ကျော်တို့က လည်းကောင်း စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

**သဲနိုင်ဦး**



# ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များသို့ ဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ဂန့်ဂေါ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် အဆက်မပြတ် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်း၊ ဆော၊ ကျောက်ထု မြို့နယ်များတွင်လည်း မကြာမီကာလ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ကျော ဓာတ်အားခွဲရုံနှင့် ဂန့်ဂေါဓာတ်အားခွဲရုံတို့မှ တစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကာ လက်ရှိ 11 KV ဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းရှိ ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့ပြင် ဝေးကွာ၍ ဓာတ်အားလိုင်း မရောက်ရှိသေးသော ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၃၅ မိုင်ရှည်လျားသည့် ဂန့်ဂေါ - နှမ်းခါး ဓာတ်အားလိုင်းနှင့် နှမ်းခါးကျေးရွာတွင် 66/11 KV ဓာတ်အားခွဲရုံကိုလည်း တည်ဆောက်လျက်ရှိသည်။



တိုင်းဒေသကြီး လျှပ်စစ်ဌာန ဒုတိယ အင်ဂျင်နီယာချုပ် ဦးအောင်သန်းသည် ဂန့်ဂေါခရိုင်သို့ ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရောက်ရှိရာ ဆော၊ ကျောက်ထု၊ ထီးလင်းမြို့နယ်တို့၌ လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်မှုများ၊ ဂန့်ဂေါမြို့နယ်တွင် ကျောဓာတ်အားခွဲရုံ နှင့် ဂန့်ဂေါဓာတ်အားခွဲရုံတို့မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးမှုများ၊ လက်ရှိ တည်ဆောက်နေသည့် မြစ်သာတမံဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားရရှိသည့်အခါ လုပ်ငန်းဆောင်ရွက်နိုင်ရန် ဂန့်ဂေါဓာတ်အားခွဲရုံတွင် Switch Bay တည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအခြေအနေ ရှိပါက ပြည်သူသို့ အသိပေးကြေညာပြီးမှ လုပ်ငန်း ဆက်လက်ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**(၁၀၁)**

## ဇွန် ၂၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇွန် ၂၇ ရက် (တနင်္လာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၂၀၀၀ |
| ၂။ | ညော်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြို့တုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၅၀၀ မှ ၃၀၀၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နှမ်းသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၂၇၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၅ မှ ၁၈၇၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ ပင်းတယ၊ မုံရွာ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၅ မှ ၆၂၅ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၂၅၀ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၉၀၀ |
| ၁၂။ | ငရုတ်ရှည် | အိန္ဒိယ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၉၀၀ |
| ၁၃။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း၊ ကျောက်စိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၃၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၁၀၃၀ |
| ၁၅။ | သရက်သီး(စိန်တစ်လုံး) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၅၀၀၀ |
| ၁၆။ | သရက်သီး(ရင်ကွဲ) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၃၀၀၀ |
| ၁၇။ | နဂါးမောက်သီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| ၁၈။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၂၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# အိုင်အက်စ်လက်မှ ဖော်လူဂျာကို ပြန်လည်သိမ်းပိုက်နိုင်ပြီ

**ဖော်လူဂျာ ဇွန် ၂၇**

အီရတ်တပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွတို့သိမ်းပိုက်ထားသော ဖော်လူဂျာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ အိုင်အက်စ် တို့ကို နှိမ်နင်းရန် အမေရိကန်ဦးဆောင်သော မဟာမိတ်များ၏ လေကြောင်းပစ်ကူထိုးစစ်များကလည်း ထိရောက်လှသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနှင့် အီရတ်ကို အစ္စလာမ့်နိုင်ငံထူထောင်မည်ဟု ကြေညာခြင်း မပြုမီခြောက်လအလို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဖော်လူဂျာကို သိမ်းယူခဲ့သည်။

ဝန်ကြီးချုပ် ဟိုင်ထာ အယ်လ်အယ်ဘာဒီက ဖော်လူဂျာသည် မိမိတို့လက်ထဲ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း၊ အိုင်အက်စ်တို့၏ တည်ရှိမှုသည် အတိတ်မှာကျန်ရစ်ခဲ့ပြီ ဖြစ်ကြောင်း ပြောခဲ့သည်။



အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် တင့်ကားတစ်စီးပေါ်မှ အီရတ်စစ်သားများကို တွေ့ရစဉ်

အစိုးရနှင့် နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီများက ထောက်ပံ့မှုများပြုလုပ်ပေးလျှင် ရွှေ့ပြောင်းမိသားစုများ နှစ်လအတွင်း နေရပ်ပြန်နိုင်လိမ့်မည်ဖြစ်ကြောင်း ဖော်လူဂျာမြို့တော်ဝန်က ကြေညာခဲ့သည်။

ဖော်လူဂျာမြို့၏ အခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရန် သိပ်မလိုလှသော်လည်း ယင်းမြို့အတွင်း အရိုးစွဲနေသော အိုင်အက်စ်စစ်သွေးကြွများ၏ အကြမ်းဖက်အစွန်းရောက်ဝါဒကို ပြန်လည်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည် ဖြစ်ကြောင်း မြို့တော်ဝန်က ပြောသည်။

ထို့အပြင် ၄င်းတို့၏ ပုံမှန်ဘဝပြန်လည်ရရှိရေးအတွက်လည်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ပံ့ပိုးမှုလိုအပ်ကြောင်း ၄င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဥရောပသမဂ္ဂကိုမနှစ်မြို့သော စပိန်ပါတီလူထုထောက်ခံမှုကျဆင်း

**မက်ဒရစ် ဇွန် ၂၇**

ဥရောပသမဂ္ဂသည် ဖိအားများပေးလွန်းသည်ဟူ၍ ဝေဖန်ထားသော လက်ဝဲယိမ်းညွန့်ပေါင်းနိုင်ငံရေးပါတီကို စပိန်မဲဆန္ဒရှင်များက ထောက်ခံမှုကျဆင်းလျက်ရှိသည်။

စပိန်နိုင်ငံသားများသည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အမတ်နေရာများအတွက် ဒုတိယအကြိမ် မဲပေးမှုကို တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သည်။

လွန်ခဲ့သောဒီဇင်ဘာလက အထွေထွေရွေး ကောက်ပွဲအတွင်း မည်သည့်ပါတီကမျှ အပြတ်အသတ် အနိုင်မရရှိခဲ့ပေ။ ယခုတစ်ကြိမ်ရလဒ်မှာလည်း ထူးမခြားနားပင်ဖြစ်သည်။

အောက်လွှတ်တော်မှ မဲများကို ရေတွက်ပြီးနောက် ဝန်ကြီးချုပ် မာရီယာနိုရာဂျိုင်း၏ ပါတီက အမတ် ၃၅၀ အနက် ၁၃၇ နေရာကိုအနိုင်ရရှိခဲ့ သည်ဟု ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။ အတိုက်အခံ ဆိုရှယ်လစ်ပါတီက ၈၅ နေရာ အနိုင်ရရှိခဲ့သည်။ လက်ဝဲယိမ်းညွန့်ပေါင်း ပါတီက ၇၁ နေရာသာ အနိုင်ရရှိခဲ့သည်။

နိုင်ငံရေးလေ့လာသုံးသပ်သူများက လက်ဝဲယိမ်းညွန့်ပေါင်းပါတီက စုဆောင်းရရှိခဲ့သော မဲများကို အနီးကပ်လေ့လာ စောင့်ကြည့်ခဲ့ကြသည်။

စပိန်မဲဆန္ဒရှင်များ၏ မဲပေးမှုများအရ လက်ဝဲယိမ်းပါတီမှာ အောက်လွှတ်တော်၌ တတိယနေရာ၌ ရပ်တည်လျက်ရှိနေခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# စင်ကာပူလေကြောင်းလိုင်း လေယာဉ်တစ်စင်း၏ အင်ဂျင်မီးလောင်

**စင်ကာပူ ဇွန် ၂၇**

အီတလီမြို့တော် မီလန်သို့ဦးတည်ပျံသန်းသည့် စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် တနင်္လာနေ့အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဇွန် ၂၇ ရက်က ဖော်ပြသည်။

လေကြောင်းလိုင်းအရာရှိများက လေယာဉ်ဝန်ထမ်း ၁၉ဦးအပါအဝင် လေယာဉ်ပေါ်ပါရှိသူ လူ ၂၄၁ဦးလုံး မည်သည့်ဒဏ်ရာမှမရရှိခဲ့ကြောင်း ပြောခဲ့သည်။

လေယာဉ်ဝန်ထမ်းများက အင်ဂျင်ဆီသတိပေးမှုသိရှိပြီးနောက် ခရီးသည်တင်ဘိုးရင်း ၇၇၇ လေယာဉ်သည် စင်ကာပူချန်ဂီလေဆိပ်သို့ နံနက် ခုနစ်နာရီတွင် ပြန်လည်ဆင်းသက်ခဲ့သည်။

လက်ယာဘက်အင်ဂျင်မီးလောင်ခဲ့ခြင်းဖြစ်ပြီး တောင်ပံတစ်စိတ်တစ်ပိုင်း ပျက်စီးပြီးနောက် မီးငြိမ်းသတ်နိုင်ခဲ့သည်။

လေယာဉ်ထွက်ခွာပျံသန်းပြီးနှစ်နာရီကြာပြီးနောက် အင်ဂျင်ပြဿနာရှိကြောင်း လေယာဉ်မှူးက ထိန်းချုပ်ရေးဌာန (Control Centre)သို့ ပြောခဲ့သည်ဟု စင်ကာပူမီဒီယာများကသတင်းဖော်ပြခဲ့ သည်။

"ယင်းလေယာဉ်မှ လေယာဉ်မှူးက မှန်ကန်တဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ဆောင်ခဲ့ပါတယ်။ မီးလောင်မှုဖြစ်ပွားရတဲ့အကြောင်း စုံစမ်းဆဲပါ"ဟု ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ထရန့် ထောက်ခံမှုကျဆင်း


**ဝါရှင်တန် ဇွန် ၂၇**

နောက်ဆုံးကောက်ခံရရှိထားသည့် မဲများအရ ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်က ရီပတ်ဘလစ်ကန်ဘက်မှ ဒေါ်နယ်ထရန့် ကို ဦးဆောင်လျက်ရှိကြောင်း ပြသလျက်ရှိသည်။

အေဘီစီသတင်းဌာနနှင့် ဝါရှင်တန်ပို့စ်က ကောက်ခံထားသော မဲများအရ ဟီလာရီ ကလင်တန်က ၅၁-၃၉ ဖြင့် ဦးဆောင်နေသည်။ လွန်ခဲ့သောလကစ၍ ဒီမိုကရက်တစ်ဘက်မှ ၇ မှတ်တိုးလာပြီး ရီပတ်ဘလစ်ကန်ဘက်မှ ၇ မှတ် ကျဆင်းသွားသည်။

၆၆ ရာခိုင်နှုန်းခန့်က ထရန့်၏ ပြောကြားချက်များကိုကြည့်လျှင် အမျိုးသမီးများ၊ လူနည်းစုများ နှင့် မွတ်ဆလင်တို့အပေါ် ဆန့်ကျင်ရာရောက် ကြောင်း ပြောကြားသည်။ ၆၄ ရာခိုင်နှုန်းမှာမူ ဘီလျံနာ စီးပွားရေးလုပ်ငန်းရှင် သမ္မတသစ်သည် တိုင်းပြည်ကို ဦးဆောင်ရန် အရည်အချင်းပြည့်မီသည်ဟု မယုံကြည်ကြောင်း ပြောသည်။

ဝေါစထရိဂျာနယ်၏ မဲကောက်ခံမှုများ အရလည်း ဟီလာရီက ထောက်ခံမှုပိုရလာကြောင်း တွေ့ရသည်။ ၄၆ ရာခိုင်နှုန်းသည် ဟီလာရီကို နှစ်သက်ကြပြီး ၄၁ ရာခိုင်နှုန်းကမူ ထရန့်ကို ထောက်ခံသည်။




ထရန့်သည် ယခုအခါ ၎င်း၏ ခွဲခြားဆက်ဆံမှုမှတ်ချက်များနှင့် ပါတီအတွင်း ထောက်ခံမှုကို မစုစည်းနိုင်ခြင်းတို့ကြောင့် ထောက်ခံမှုကျဆင်းလျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# ပနားမားတူးမြောင်းမှ ကန်ဒေါ်လာ နှစ်ဘီလီယံရရှိနိုင်

**ပနားမားစီးတီး ဇွန် ၂၇**

တိုးချဲ့ထားသော ပနားမားတူးမြောင်းမှ ၂၀၂၁ အထိ နှစ်စဉ်ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိရန် ပနားမားအာဏာပိုင် အဖွဲ့အစည်းက မျှော်လင့်ထားကြောင်း နိုင်ငံပိုင် ပနားမားသတင်းအေဂျင်စီက ဇွန် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ရောမကုန်သင်္ဘောကြီးများ သွားလာနိုင်သည့် အသစ်တိုးချဲ့ထားသော တူးမြောင်း လမ်းကြောင်းသစ်ကို ဇွန် ၂၆ရက်က အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ပြီး ချဲ့ထွင်လိုက်သော ရေလမ်းကြောင်းတွင် ပထမဆုံးသမိုင်းဝင် စတင်ခုတ်မောင်းမည့်တရုတ်ပင်လယ်ကူးသင်္ဘောကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် ပနားမားပြည်သူထောင်ပေါင်းများစွာတို့ တက်ရောက်ခဲ့ကြသည်။




ဖွင့်ပွဲအခမ်းအနားတွင် ပနားမားသမ္မတ ယွန်ကာလို့စ်ဗာရီလာက တရုတ်ပင်လယ်ကူးသင်္ဘော ကုမ္ပဏီကို သမိုင်းဝင်အထိမ်းအမှတ်အဖြစ် ဆုချီးမြှင့်ခဲ့ပြီး တရုတ်ရေယာဉ် ပုံစံငယ်တစ်ခုကို ပြန်လည်လက်ခံခဲ့သည်။

၂၀၀၆ခုနှစ်တွင် တူးမြောင်းတိုးချဲ့ခြင်းကို စတင်ခဲ့သော်လည်း ဘဏ္ဍာရေးအခက်အခဲများကြောင့် ၂၀၀၉ခုနှစ်အထိ နှစ်နှစ်ကျော်ကြာမြင့်ခဲ့သည်။ တိုးချဲ့တူးမြောင်း၏ စုစုပေါင်းကုန်ကျစရိတ်မှာ အနည်းဆုံး ၅ ဒသမ ၅ဘီလီယံဒေါ်လာ ကုန်ကျခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

**(ဆင်ဟွာ)**

# သရုပ်ဆောင် ကင်ဆွန်မင်း ကိုယ်တွင်းအင်္ဂါများကို လှူဒါန်းမည်

**ဆိုးလ် ဇွန် ၂၇**



အသက် ၄၃ နှစ်ရှိ တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင် ကင်ဆွန်မင်း၏ ဦးနှောက်အလုပ်မလုပ်ဘဲ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုပြီးနောက် ၄င်း၏ မိသားစုက ကင်၏ ကိုယ်တွင်းအင်္ဂါများကို လှူဒါန်းမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောခဲ့သည်။

သောကြာနေ့က သရုပ်ဆောင်ကင်သည် ၄င်း၏ဇနီးနှင့် စကားများပြီး ၄င်း၏နေအိမ်ရေချိုးခန်းအတွင်း မူးယစ်ဆေးအလွန်အကျွံသုံးစွဲကာ သတ်သေရန်ကြိုးစားခဲ့သည်။ နှလုံးရပ်တန့်ပြီး သတိမေ့နေသော ကင်အား ဆေးရုံသို့ အရေးပေါ်တင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဦးနှောက်အလုပ် မလုပ်တော့ဘဲ သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။

ကင်သည် သရုပ်ဆောင်လောကတွင် အမ်ဘီစီ ၂၀၀၂ ရေသူမလေး အခန်းဆက်ဇာတ်လမ်းတွဲဖြင့် နာမည်ကြီးခဲ့သူဖြစ်သော်လည်း ၂၀၁၁ခုနှစ်တွင် ဆေးမှုဖြင့် နှစ်နှစ်ခွဲထောင်ကျခဲ့သောကြောင့် ၄င်း၏ ပရိသတ်များကို အံ့ဩမှင်တက်မှုများဖြစ်ပေါ်စေခဲ့သည်။

**(ယွန်ဟပ်)**

# လူခြောက်ဦး သေဆုံးခဲ့သော လက်ဘနွန်ရွာ တိုက်ခိုက်ခံရ

**လက်ဘနွန် ဇွန် ၂၇**

အသေခံဗုံးခွဲသမားလေးဦးသည် အင်္ဂါနေ့က ဆီးရီးယားနယ်စပ် လက်ဘနွန်ရွာတစ်ရွာတွင် တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူခြောက်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိသွားကြောင်း လုံခြုံရေးသတင်းရင်းမြစ်များအရ သိရသည်။ နယ်စပ်မှကီလိုမီတာ အနည်းငယ်ကွာဝေးသော ခရစ်ယာန်အများစု နေထိုင်သည့် ကွားရွာလေးကို ဦးတည်ပြီး နံနက် ၄ နာရီက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများထဲတွင် လက်ဘနွန်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်က ပြောသည်။ သေဆုံးသူအားလုံးမှာ အရပ်သားများဖြစ်ကြောင်း ကွားမြို့တော်ဝန် ဘက်ရှာမတ်တာက လက်ဘနွန်ရေဒီယိုသို့ ပြောခဲ့သည်။ မည်သူ၏ လက်ချက်ဖြစ်ကြောင်း မသိရသေးသော်လည်း အိုင်အက်စ်စစ်သွေးကြွအုပ်စု၏ လက်ချက်ဖြစ်ကြောင်း ဟစ်ဘိုလာ အယ်လ်မနာ ရုပ်သံက ပြောကြားသည်။ အိမ်နီးချင်းဆီးရီးယားတွင် ငါးနှစ်ကြာစစ်ပွဲဖြစ်ပွားမှုနှင့် ဆက်စပ်သော စစ်သွေးကြွတိုက်ခိုက်မှုများသည် လက်ဘနွန်တွင် ဂယက်ရိုက်လျက်ရှိသည်။

**(ရိုက်တာ)**

**ဇွန်** ၂၃ ရက်မှာ ဗြိတိန်နိုင်ငံတစ်ဝန်းလုံးမှ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဥရောပသမဂ္ဂ(အီးယူ)မှ ခွဲထွက်ရေးနဲ့ ဆက်လက်တည်ရှိရေးတို့ကို ဆန္ဒမဲပေးခဲ့ကြပါတယ်။ ဒီလိုဆန္ဒမဲပေးကြရာမှာ ခွဲထွက်လိုတဲ့ဘက်က ၅၁ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆက်လက်ကျန်ရှိလိုတဲ့ ဘက်ကတော့ ၄၈ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ လူပေါင်း သန်း ၃၀ က ဆန္ဒမဲပေးခဲ့ကြတာပါ။ အဲဒီပမာဏဟာ ၁၉၉၂ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး ဗြိတိန်နိုင်ငံရဲ့ သမိုင်းမှာ အများဆုံးပမာဏပဲဖြစ်ပါတယ်။ လန်ဒန်၊ စကော့တလန်နဲ့ မြောက်အိုင်ယာလန်တို့က ခွဲထွက်လိုခြင်းမရှိပေမယ့် နောက်ဆုံးမဲဆန္ဒအရေအတွက်ကြောင့် လက်လျှော့လိုက်ရပါတယ်။ ဗြိတိန်နိုင်ငံကတော့ အီးယူကနေ ခွဲထွက်တော့မယ်။ ဗြိတိန်လိုပဲ အခြားသောနိုင်ငံတွေကကော အီးယူကထွက်ခွာဖို့ဆန္ဒရှိနေလား၊ မရှိဘူးလားဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။

# Brexit ကနေ Grexit သို့ ဦးတည်လာမည်ကို စိုးရိမ်နေတဲ့ ဂရိနိုင်ငံ

**ခြူးစန္ဒီနွေး**

ဗြိတိန် ဥရောပသမဂ္ဂမှ ထွက်ခွာလိုတဲ့ အကြောင်းအရင်းတွေထက် ဂရိနိုင်ငံဥရောပသမဂ္ဂမှ ထွက်လိုတဲ့အကြောင်းက ပိုများပါတယ်။ ဥရောပသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ကပေးတဲ့ ဝန်ထုပ်ဝန်ပိုးနဲ့ ဖိအားတွေကို ဂရိပြည်သူတွေ ခံစားရပြီး ယင်းအချက်တွေကြောင့်ပဲ ဂရိပြည်သူနဲ့ ဂရိအစိုးရကို ခါးသီးမှုတွေ နှီးဆွပေးသလိုဖြစ်နေတယ်။ ဂရိမှာ ကြုံတွေ့နေရတဲ့ ငွေကြေးအကျပ်အတည်းကြောင့် နှစ်ပေါင်းများစွာ စီးပွားရေးကျဆင်းမှုကိုဖြစ်စေပြီး အလုပ်လက်မဲ့ဦးရေဟာလည်း အဆမတန် မြင့်တက်လာတယ်။ ဂရိနိုင်ငံရဲ့စီးပွားရေး လဲပြိုမသွားအောင် ငွေကြေးအထောက်အကူရပေမယ့် ဂရိကြွေးမြီ ဝန်ထုပ်ကြီးရဲ့ အနည်းငယ်ကိုပဲ လျှော့ချပေးနိုင်ခဲ့ပါတယ်။

ဒုက္ခသည် အကျပ်အတည်းမှာလည်း ဂရိနိုင်ငံဟာ ရှေ့တန်းကနေပါဝင်ခဲ့ရပြန်ပါတယ်။ ဘရပ်ဆဲလ်နဲ့ အီးယူအဖွဲ့ဝင်နိုင်ငံတွေက ဒုက္ခသည် ပြဿနာမှာ ဂရိကို စိတ်ပျက်စေခဲ့ပါတယ်။ လွန်ခဲ့ တဲ့ ၁၈ လအတွင်း ဂရိကမ်းခြေကို ရောက်လာတဲ့ ဒုက္ခသည်တစ်သန်းကျော်ရဲ့အရေးကို ဖြေရှင်းနိုင်ဖို့ ဂရိအစိုးရဟာ ရုန်းကန်မှုတွေအများကြီး လုပ်ခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဂရိဟာ အီးယူကို အခဲမကျေပါဘူး။

ယခုလအတွင်း ပြုံး သုတေသနစင်တာရဲ့ ဥရောပတစ်ခွင်လုံး စစ်တမ်းကောက်ယူချက်တွေအရ အီးယူကို မကျေမနပ် ဖြစ်နေတဲ့ နိုင်ငံများဇယားမှာ ဂရိကထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဥပမာပြောရမယ်ဆိုရင် အီးယူကို အမြင်မကြည်ဖြစ်နေတဲ့ ဂရိနိုင်ငံသား အရေအတွက်ဟာ ၇၁ ရာခိုင်နှုန်းရှိနေပြီး ဒီအရေအတွက်ဟာဆိုရင် အီးယူကနုတ်ထွက်လိုတဲ့ ဗြိတိန်ရဲ့အရေအတွက်ထက်ပိုပါတယ်။ ၉၀ ရာခိုင်နှုန်းကျော်ဟာ အီးယူရဲ့ စီးပွားရေးဆိုင်ရာကိစ္စတွေနဲ့ ဒုက္ခသည်အရေးကိုင်တွယ်ဖြေရှင်းပုံတို့ကို မကျေနပ်ကြပါဘူး။ ဒီအခြေအနေတွေကြားထဲမှာပဲ ဗြိတိန်ဟာ အီးယူကနေ ပထမဦးဆုံး ခွဲထွက်ဖို့ ကြိုးစားတဲ့ နိုင်ငံဖြစ်လာခဲ့ပါတယ်။

အခုအချိန်မှာ ဂရိနိုင်ငံဟာ ခြောက်လှန့်မှုတစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကတော့ ဗြိတိန် အီးယူကနေ ထွက်ခွာပြီးနောက် ဒုတိယထွက်ခွာမယ့်နိုင်ငံဟာ ဂရိဖြစ်လာမှာလားဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ဂရိနိုင်ငံ အေသင်မြို့ရဲ့လမ်းမထက်မှာ ဗြိတိန် အီးယူကနေ ထွက်ခွာဖို့ မဲပေးတဲ့အပေါ်မှာ ကျေနပ်ဝမ်းသာနေကြတဲ့လူတွေဆိုတာ အပြည့်ပါပဲ။ “ဗြိတိန်ဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချလိုက်နိုင်တာပဲ” လို့ ဂရိနိုင်ငံသားတစ်ဦးဖြစ်သူ အီယွန်နာကော့လာက ပြောတယ်။ “ကျွန်တော်တို့နိုင်ငံအပါအဝင် အခြားနိုင်ငံတွေဟာလည်း ဒီလိုပဲ လိုက်လုပ်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေတွေက သည်းခံစရာမှ မကောင်းတာ၊ အလုပ်အကိုင်ကလည်း မရှိ။ နေစရာကလည်း ခက်ခဲလာ။ ကျွန်တော်တို့ အခြေအနေအရပ်ရပ်ကနေ ရင်းနှီးမြှုပ်နှံမှုတွေကို ပြန်လည်ရုပ်သိမ်းနေကြတယ်။ “တကယ့်ကို အကျပ်အတည်းနဲ့ တွေ့နေရတာပါပဲ။ ဂရိဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလိုအပ်တယ်” လို့ စတော့အရောင်းအဝယ် ပွဲစားတစ်ဦးဖြစ်သူ နီကို့(စ်)က ပြောတယ်။ အဓိကပြဿနာကတော့ ဂရိဘဏ်လုပ်ငန်းကဏ္ဍနဲ့ စတော့ဈေးကွက်မှာ ပြင်းထန်တဲ့ ရိုက်ခတ်မှုတွေဖြစ်နေတာပါပဲ။ စတော့အိတ်ချိန်းနဲ့ ဘဏ်စနစ်ကို ပြန်ပြီးထူထောင်လာအောင်မလုပ်နိုင်ရင် စီးပွားရေးအကျပ်အတည်းက ရှိနေဦးမှာပဲလို့လည်း မွန်းကျပ်နေတော့တာပါပဲ” လို့ သူ့ရဲ့ထင်မြင်ယူဆချက်တွေကို ပြောပြပါတယ်။

ဒါပေမယ့် ဒီအချက်တွေဟာ သာမန်ကြုံတွေ့နေရတဲ့ အကျပ်အတည်းအခက်အခဲတွေပါပဲ။ ဂရိအစိုးရအပါအဝင် ဂရိပြည်သူအများစုကတော့ အီးယူရဲ့အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်နေရတာကို နှစ်သက်ဆဲပါ။ ဗြိတိန်အီးယူကနေ လျင်လျင်မြန်မြန်ကြီးထွက်ခွာဖို့ ဆုံးဖြတ်လိုက်ခြင်းဟာ ဂရိနိုင်ငံအနေနဲ့ ဥရောပဇုန်ကနေ ခွဲထွက်ဖို့ဆိုတဲ့ အချက်ကို ဆက်လက်တည်ရှိစေပါတယ်။ ဗြိတိန်မှာ လူထုဆန္ဒခံယူပွဲကျင်းပပြီး ရလဒ်များကို သောကြာနေ့က ကြေညာခဲ့အပြီးမှာတော့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ စတော့ဈေးကွက်တွေ တစ်ဟုန်ထိုးကျဆင်းသွားသလို ပေါင်တန်ဖိုးဟာလည်း ကျဆင်းသွားပါတယ်။ အေသင်မြို့က စတော့အိတ်ချိန်းကိုလည်း ရိုက်ခတ်လာပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအချို့ဟာလည်း ထိခိုက်မှုများနိုင်တယ်လို့ ယူဆရတဲ့။ ဂရိနိုင်ငံမှာရှိတဲ့ သူတို့ရဲ့



လက်ဝဲယိမ်း ဂရိဝန်ကြီးချုပ် Alexis Tsipras

သူကဆက်ပြောတယ်။

အဓိက စိုးရိမ်ရမယ့်ကိစ္စကတော့ ဂရိအစိုးရဟာ သူတို့လိုအပ်တဲ့ ငွေကြေးကို ချေးယူဖို့ဆိုရင် ကြီးမြင့်တဲ့ ဈေးနှုန်းနဲ့ ချေးယူရတော့မှာပါပဲ။ ဒါ့အပြင် ပေါင်တန်ဖိုးကျဆင်းလာခြင်းရဲ့ အကျိုးဆက်ဟာ ဂရိနိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ခရီးသွားလုပ်ငန်းကို လာပြီးသက်ရောက်မှုရှိနိုင်ပါတယ်။

ပေါင်တန်ဖိုး ကျဆင်းလာတဲ့အတွက် ဗြိတိန်ကလာတဲ့ အပန်းဖြေအနားယူသူတွေဟာ ဂရိနိုင်ငံထဲကို လာရောက်လည်ပတ်တော့မယ်ဆိုရင် ကုန်ကျစရိတ်ပိုကျလာတော့မှာပါ။ ဒါကြောင့် ဗြိတိန်ခရီးသွားတွေဟာ ဂရိနိုင်ငံထဲကို လာရောက်လည်ပတ်မယ့် ခရီးစဉ်တွေကို ဖျက်သိမ်းပစ်နိုင်တယ်လို့လည်း အကြီးတန်းအရာရှိတစ်ဦးက သတိပေးထားပါတယ်။ နှစ်စဉ် ဗြိတိန်နိုင်ငံသား နှစ်သန်းခန့်ဟာ ဂရိနိုင်ငံထဲကို အလည်အပတ်ခရီးလာရောက်ကြပါတယ်။ ဂရိနိုင်ငံဟာ အစကတည်းကမှ ကြွေးမြီပြဿနာတွေ၊ စီးပွားရေးအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့တိုင်းပြည်ပါ။ ဂရိနိုင်ငံရဲ့ စီးပွားရေးဟာ ယိုင်နဲ့နေပါတယ်။ တီဗွီအစီအစဉ်နဲ့ ရေဒီယိုကနေ ဝေဖန်သုံးသပ်ကြသူအချို့ကတော့ အကောင်းမြင်ခြင်းဆိုတာထက် အဆိုးမြင်တဲ့ဘက်ကို ယိမ်းပြီး ဝေဖန်ထားကြပါတယ်။

ဂျာနယ်လစ်နဲ့ စာရေးဆရာတစ်ဦးဖြစ်သူ ယန်နစ်ပါလိုင်အိုလိုဂို(စ်)ကတော့ “ဂရိနိုင်ငံဟာ အီးယူအဖွဲ့ထဲကိုဝင်ဖို့ လက်မှတ်ထိုးပြီးကတည်းက အကျပ်အတည်းပေါင်းစုံနဲ့ ရင်ဆိုင်ရတော့တာပါပဲ။ ဆင်းရဲတွင်းလည်း ပိုပြီးနက်လာတယ်။ ဒါ့ကြောင့်လည်း ဥရောပဇုန်ကနေ ထွက်ခွာကောင်းထွက်ခွာနိုင်တယ်” လို့ ဝေဖန်ထားတယ်။ စတော့ပွဲစားတစ်ဦးဖြစ်သူ နီကို့(စ်)ကတော့ အခုအခြေအနေလေးကိုပဲကြည့်ပြီး ဆုံးဖြတ်ချက်တွေချဖို့က စောလွန်းသေးတယ်လို့ ပြောပါတယ်။ ဗြိတိန် အီးယူကနေ ထွက်ခွာခြင်းနဲ့ အခြားနိုင်ငံတွေလည်း ထွက်ခွာနိုင်တယ်ဆိုတာနဲ့ပတ်သက်လို့တော့ အငြင်းအခုံဖြစ်စရာပါပဲ။ အခုအချိန်အခါမှာ ဘရပ်ဆဲလ်ဟာ ကုန်သွယ်မှုတွေပိုပြီး လိုအပ်လာနိုင်ပါတယ်။

ဂရိနိုင်ငံလက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ပတ်သက်ပြီး အဖြေရှာဖို့ကတော့ မလွယ်ကူသေးပါဘူး။ ပြဿနာအားလုံးကို ဖြေရှင်းနိုင်ဖို့ဆိုတာထက် ဂရိနိုင်ငံရဲ့ ဝန်ထုပ်ဝန်ပိုးအနည်းငယ်ကို လျှော့ချနိုင်မယ်ဆိုရင်ပဲ သက်သာလှပြီလို့ ပြောရမှာပါ။ ဂရိအစိုးရနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကတော့ ဆက်လက်ရှင်သန်ဆဲပါ။

**ကိုးကား-ဘီဘီစီ (26-6-2016)**

**ပေါင်တန်ဖိုး ကျဆင်းလာတဲ့အတွက် ဗြိတိန်ကလာတဲ့ အပန်းဖြေအနားယူသူတွေဟာ ဂရိနိုင်ငံထဲကို လာရောက်လည်ပတ်တော့မယ်ဆိုရင် ကုန်ကျစရိတ်ပိုကျလာတော့မှာပါ။ ဒါကြောင့် ဗြိတိန်ခရီးသွားတွေဟာ ဂရိနိုင်ငံထဲကို လာရောက်လည်ပတ်မယ့် ခရီးစဉ်တွေကို ဖျက်သိမ်းပစ်နိုင်တယ်လို့ . . .**




အလုပ်နေရာများနှင့် သက်သာချောင်ချိရေး ရန်ပုံငွေများ ဖြတ်တောက်ခံရသည့်အတွက် ဂရိအလုပ်သမားသမဂ္ဂမှ စုဝေးဆန္ဒပြစဉ်

## စကော့တလန်တွင် ရိုလာကိုစတာတစ်စီး မတော်တဆဖြစ်၊ လူ ၁၀ ဦး ဒဏ်ရာရ

**စကော့တလန် ဇွန် ၂၇**

စကော့တလန်အပန်းဖြေဥယျာဉ်တစ်ခုတွင် သည်းထိတ်ရင်ဖိုရထား (ရိုလာကိုစတာ) တစ်စီးမတော်တဆဖြစ်မှုတွင် လူ ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း ဂါးဒီးယန်းသတင်းတွင် ဇွန် ၂၇ ရက်က ဖော်ပြခဲ့သည်။

အပန်းဖြေဥယျာဉ်တွင်ရောက်နေသော လာရောက်လည်ပတ်သူများသည် လူများဝိုင်းအုံနေသော ရိုလာကိုစတာကို လူမှုမီဒီယာများတွင် လွှင့်တင်ခဲ့ကြသည်။

ဒဏ်ရာရရှိသူများတွင် ကလေးငယ်ရှစ်ဦးနှင့် လူကြီးနှစ်ဦးပါဝင်သည်။ မတော်တဆဖြစ်ပြီးနောက် ၎င်းတို့ကို ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ကြသည်။

“အစုလိုက်အပြုံလိုက်သေပြီလို့ထင်တာ။ ဆူနာမီရိုလာကိုစတာက လမ်းချော်သွားပြီး မှောက်သွားတာ။ အဲဒီမှာလူတွေပါတယ်။ အပြည့်ပဲ။ ၁၀ယောက်လောက်ရှိမယ်လို့ထင်တယ်”ဟု ကလေးများနှင့်အတူပန်းခြံထဲတွင် ရှိနေသော ဂဗင်က ကြေးမုံ (the Mirror) သို့ ပြောကြားခဲ့သည်။ အဆိုပါလမ်းချော်သွားသော ရိုလာကိုစတာသည် ကလေးစီးကားများပေါ်သို့ အရှိန်ဖြင့် ပိနေသော်လည်း ကံကောင်းထောက်မစွာဖြင့် မည်သူမှ သေဆုံးသူမရှိခဲ့ပေ။ စကော့တလန်ရဲဌာနတာဝန်ရှိသူတစ်ဦးက အခင်းဖြစ်ပွားသောနေရာတွင် အရေးပေါ်ကူညီရေးတွေလုပ်ဆောင်နေကြောင်း ပြောခဲ့သည်။

(ဂါးဒီးယန်း)

# သင်္ဃန်းကျွန်းခြောက်ထပ် စံပြဆေးရုံသစ်ကြီး နှစ်ကုန်ပိုင်းပြီးစီးမည်



**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်သင်္ဃန်းကျွန်း စံပြဆေးရုံကြီးသည် ဆေးရုံလူနာများတိုးတက်များပြားလာသည့်အလျောက် ခြောက်ထပ်အဆောက်အအုံဆေးရုံသစ်ကြီးကိုလည်း တည်ဆောက်လျက်ရှိရာ ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးရန်လျာထားကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။

"အသစ်ဆောက်နေတာကတော့ ခြောက်ထပ်ဆောင်ပါ။ အဲဒါပြီးသွားရင်တော့ လောလောဆယ်လူနာဆောင်လျာထားပါတယ်။ ဆောက်ပြီးရင်တော့ ကျပ်နေတဲ့လူနာတွေအတွက် အဆင်ပြေသွားမှာပါ။ ဒီခြောက်ထပ်ဆေးရုံသစ်ကြီးကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းလောက်က ဆောက်ခဲ့တာပါ။ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ပြီးစီးဖို့လျာထားပါတယ်။ အတွင်းပိုင်း Additional Work လေးတွေ ဖြည့်စရာရှိနေပါတယ်။ ဘယ်အထပ်မှာ ဘာတွေလုပ်မယ်၊ ဘာတွေထားမယ်ဆိုတာကို လုပ်နေပါတယ်။အဲဒီဘက်မှာလည်း သုံးထပ်ဆောင်တစ်ခု တည်ဆောက်နေပါတယ်။ ပြီးသလောက်ရှိနေပါပြီ"ဟု ဆေးရုံအုပ်ဒေါက်တာ ဒေါ်နွယ်လှမြင့်က ပြောသည်။

သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသည် ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးဖြစ်သော်လည်း လူနာတက်ရောက်ကုသမှုများပြားသည့်အတွက် ခုတင် ၈၀၀ ဆံ့ဆေးရုံကြီးအဖြစ် ရရှိရန် တင်ပြတောင်းခံထားကြောင်း သိရသည်။

"တက်ရောက်လူနာက နေ့စဉ် ၈၀၀ခန့်ရှိပါတယ်။ တစ်ခါတစ်ရံမှာ လူနာက ၉၀၀ လောက်အထိ တက်ရောက်တာလည်းရှိပါတယ်။ ဒီမှာက ခုတင် ၅၀၀ ဆေးရုံဆိုပေမယ့် တက်ရောက်တဲ့ လူနာက များပြားနေတာတွေ့ရပါတယ်။ ဒီကနေ့ဆိုရင် ၇၁၅ ဦးလောက်တက်ပါတယ်။ ဒီထက်လျော့သွားတာမရှိသလောက်ပါပဲ"ဟု သူနာပြုအုပ်ကြီး ဒေါ်လှမေက ရှင်းပြသည်။

သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသည် နေ့စဉ် လူနာတက်ရောက်မှုများပြားလာသည့်အလျောက် ဆေးရုံသန့်ရှင်းရေးကို ဆေးရုံဝန်ထမ်းသန့်ရှင်းရေးအလုပ်သမားများနှင့် ဆောင်ရွက်နေသည့်အပြင် ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းများလည်းပါဝင်၍ အခါအားလျော်စွာ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အသစ်တည်ဆောက်နေသည့် ခြောက်ထပ်ဆောင်နှင့် သုံးထပ်ဆောင်ဆေးရုံများ ပြီးစီးသွားပါက ဆေးရုံတက်လူနာများအနေဖြင့် သက်သောင့်သက်သာ အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ ရှင်းလင်း

**သီပေါ ဇွန် ၂၇**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအရောင်းဆိုင်များ ဥပဒေနှင့်အညီရောင်းချခြင်းမရှိပါက အရေးယူဆောင်ရွက်မည့်အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန်လ စတုတ္ထပတ် မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်အေးက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအရောင်းဆိုင်များအား အသိပညာပေးရှင်းလင်းဆွေးနွေးရခြင်း ၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံဒေါ်ခင်မြင့်နွယ်က ဓာတ်မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်သီးနှံ ကာကွယ်ရေးတာဝန်ခံဒေါ်ချောစုထွေးက ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ကို ဇွန် ၂၇ ရက် နံနက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိနယ်မြေ မီးသတ်စခန်းသင်တန်းခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ ခရိုင်/မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် စခန်းတာဝန်ခံများ တက်ရောက်ပြီး သင်တန်းသို့ နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင် ၇၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၂၇ ရက်မှ ဇူလိုင် ၈ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ်အဖြစ် ဗဟို/ ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဗဟိုအဆင့် ကွန်ပျူတာ ပန်းချီ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



edexcel
Approved Center No: 93081
M.E.S Affiliated Centre

CHINDWIN COLLEGE

PEARSON
BTEC

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်



အကြောင်းကြောင်းကြောင့် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရတဲ့ တောင်ကြီး ချင်းတွင်းကောလိပ် သင်တန်းတွေကို စတင် ဖွင့်လှစ်ပါတော့မယ်။

Civil Engineering နဲ့ Business Foundation ကို စတင် ဖွင့်လှစ် မှာ ဖြစ်ပြီး Mechanical, Electrical နဲ့ Hospitality Foundation တွေ၊ Higher National Diploma တန်းတွေလဲ ဖွင့်လှစ်သွားဖို့ ရှိပါတယ်။

၁၀တန်းအောင်ပြီးသူတွေက Foundation တန်းတွေ စတင်တက်ရောက်နိုင်ပြီး Foundation တန်း ပြီးဆုံးရင်ဖြစ်စေ၊ တက္ကသိုလ် ပထမနှစ် တက်ရောက်နေရင်ဖြစ်စေ HND တန်းကို တက်ရောက်နိုင်ပါတယ်။

အကြောင်းကြောင်းကြောင့် တက္ကသိုလ်ဝင်တန်း ကျရှုံးခဲ့ရသူတွေအတွက် တက္ကသိုလ်ဝင်တန်းကို ပြန်လည်ဖြေဆိုစရာမလိုဘဲ Foundation တန်းကို တက်ရောက်ခွင့် ရနိုင်စေမဲ့ Pearson Level 2 Certificate သင်တန်းတွေကိုလဲ ဖွင့်လှစ်သွားဖို့ ရှိပါတယ်။

စိတ်ပါဝင်စားသူတွေ တောင်ကြီးချင်းတွင်းကောလိပ်၊ အမှတ် ၅၇/၂၆၊ မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်မှာ စုံစမ်းနိုင်သလို Center Manager ခွန်ဟိန်းဇေအောင်လတ် (Ph 09780129610) ကိုလဲ ဆက်သွယ် မေးမြန်းနိုင်ပါတယ်။

ဇွန်လ ၂၈ရက်နေ့ နေ့လည်မှာ သင်တန်းတွေနဲ့ ပတ်သက်ပြီး Orientation ပြုလုပ်ပေးပြီး စတင် သင်ကြားမှာ ဖြစ်ပါတယ်။ ပုံမှန် သင်တန်းတွေကတော့ အပတ်စဉ် စနေ၊ တနင်္ဂနွေမှာ ဖြစ်ပါတယ်။

Launching promotion အဖြစ် ပထမ ၂ပတ်အတွင်း စာရင်းသွင်း တက်ရောက်သူတွေကို discount 20% ပေးမှာ ဖြစ်တဲ့အတွက် အချိန်မီ စာရင်းပေးသွင်းကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

Phone: Yangon 01 - 298 137, 297 673
Mandalay 02 - 741 79, 682 49
Taunggyi 09 7 840 38 995, 09 7 840 38 996

# စမ်းချောင်း ခတ္တာလမ်းအတွင်း အမျိုးသမီးတစ်ဦးထံမှ ရွှေ၊ ငွေနှင့်ဖုန်း ဓားထောက်လုယူ



**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း(တံတားအနီး)တွင် ဇွန် ၂၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုး၊ ငွေနှင့် လက်ကိုင်ဖုန်းတို့ကို ဓားထောက်ခြိမ်းခြောက်လုယူမှု ဖြစ်ပွားခဲ့သည်။

စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်းအတွင်းနေထိုင်သူ ဒေါ်ခိုင်(၃၇ နှစ်)သည် ရပ်ကွက်အတွင်းရှိ ခတ္တာလမ်းမှ Royal Khattar ဟိုတယ်သို့ လမ်းလျှောက်လာစဉ် တံတားအနီး ခတ္တာလမ်းထိပ်သို့ ရောက်စဉ် အမျိုးသားတစ်ဦး (ပြန်မြင်လျှင် မှတ်မိသူ)က ဓားထောက်ခြိမ်းခြောက်၍ လက်အတွင်းမှ ဖုန်း၊ လည်ပင်း၌ ဆွဲထားသည့် လော့ကတ်သီးပါ ရွှေဆွဲကြိုးတို့အပြင် ငွေကျပ်လေးသိန်းခန့်ကိုပါ လုယူပြီး ထွက်ပြေးသွားမှုဖြစ်သည်။ လုယူသူထွက်ပြေးသွားပြီးနောက် ဒေါ်ခိုင်က အနီးရှိ ယခင်ရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်း ဦးတင်စိုးအား အကူအညီတောင်း၍ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်လွင်ထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။

ခတ္တာလမ်း(ယခင် ရှောလမ်း)မှာ ခြံဝင်းကြီးများဖြင့် သီးသီးသန့်သန့် နေထိုင်ကြသော ဆိတ်ငြိမ်လမ်းဖြစ်ပြီး လူရှင်းမှုကို အခွင့်ကောင်းယူ၍ လုယက်မှုများမကြာခဏဖြစ်ပွားနေသော လမ်းတစ်လမ်းဖြစ်သည်။ ပြီးခဲ့သော မေ ၂၉ ရက် နံနက် ၁ နာရီခန့်က အငှားယာဉ်တစ်စီးကို အပြင်မှ ငှားလာရာ ယင်းလမ်းအတွင်းမှာပင် ဓားထောက်လုယက်မှုဖြစ်ခဲ့ပြီး ဇွန် ၂၁ ရက် နံနက် ၁ နာရီခန့်တွင် နောက်ထပ်အငှားယာဉ်တစ်စီးကို ဓားထောက်ငွေတောင်းမှုဖြစ်ခဲ့သည်။

အုပ်ချုပ်ရေးမှူးဟောင်း ဦးတင်စိုး၏ အဆိုအရ လမ်းအတွင်းအငှားယာဉ်များကို ခေါ်ဆောင်လာပြီး လုယက်မှုမှာ သုံးလေးကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ ထို့အတွက် ခတ္တာလမ်းထိပ် တံတားအနီးတွင် ရဲကင်းတစ်ခုထားသင့်ကြောင်း အကြံပေးခဲ့သည်။

ယင်းလမ်းအတွင်းမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက "အလွန်ဆိတ်ငြိမ်ပြီး နေထိုင်လို့ အလွန်ကောင်းတဲ့လမ်းလေးပါ။ ဒါပေမယ့် အခုနောက်ပိုင်း ဆိတ်ငြိမ်မှုကို အခွင့်ကောင်းယူပြီး လုယက်မှုတွေ ခဏ ခဏ ဖြစ်လာတယ်။ ရပ်ကွက်နေပြည်သူတွေရော ခရီးသွားတွေပါ လုံခြုံမှုမရှိတော့တဲ့ အနေအထားဖြစ်လာပါပြီ။ နောက်ဆို အိမ်တွေထဲအထိ အတင့်ရဲဝင်လာတော့မယ်။ တာဝန်ရှိသူတွေအနေနဲ့ တစ်ခုခုစီစဉ်ဖို့ကောင်းပြီ" ဟု သုံးသပ်ပြောကြားခဲ့သည်။

အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်လွင်က "အခု ကျွန်တော်တို့ ရပ်မိရပ်ဖတွေ၊ ရပ်ကွက်အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီးပါပြီ။ မကြာမီ စီစီတီဗွီတွေ လမ်းအတွင်းမှာ တပ်ဖို့ စီစဉ်နေပါတယ်" ဟု ပြောသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာမှ တရားမဝင်ကျွန်းသစ်များဖမ်းမိ



**ဒိုက်ဦး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အုန်းရှစ်ကုန်းကျေးရွာအနီး ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး၌ ဇွန် ၂၆ ရက် ညနေ ၆ နာရီခွဲခန့်က ယာဉ်တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် အုန်းရှစ်ကုန်းကျေးရွာ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၆၅/၄ နှင့် ၆၅/၅ ကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ်ကျော်စိန်နှင့် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော စူပါကတ်စတန် နက်ပြာရောင် 8L/--- ယာဉ်သည် မြေသားလမ်းပေါ်တွင် တိမ်းမှောက်လျက်တွေ့ရှိပြီး ယာဉ်ပေါ်၌ လူတစ်စုံတစ်ဦးမျှမတွေ့ရဘဲ ကျွန်းသစ်တစ်တန်ခန့်ကို တွေ့ရှိခဲ့ရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး အုန်းရှစ်ကုန်း အမြန်လမ်းရဲစခန်းက အမှုဖွင့် ထားပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်၊ တစ်ဦးသေဆုံး

**မော်လမြိုင် ဇွန် ၂၇**

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် ပုလဲလမ်း အမှတ် ၃၄ နေ ဒေါ်စန်းစန်းဝင်း (၅၀နှစ်)၏နေအိမ် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးအားမြှင့်စက်အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ၎င်း၏တူဖြစ်သူ ဇော်နိုင်ဝင်း(ခ)သားကြီး (၃၅ နှစ်)သည် မွေးရာပါပိုလီယိုရောဂါကြောင့် နေအိမ်နောက်ဖေးခုတင်ပေါ်၌ ရှိနေချိန် မီးလောင်ကျွမ်းမှုကြောင့် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး မြို့မရဲစခန်းက ဒေါ်စန်းစန်းဝင်းကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **တင်ထွဋ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ မိုင်းဖြတ်၌ တိမ်းမှောက်သွားသော ယာဉ်ပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိသတင်းတွင် ကော်လံ(၁)၌ RTC ဟီးနိုးကား (**အစား**) ဟီးနိုးကားဟု ပြင်ဆင်ဖတ်ရှုပါရန်။ **မြင့်မိုရ်(တာချီလိတ်)**


## စစ်ကိုင်းတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် လိုအပ်သော အငယ်တန်း အင်ဂျင်နီယာ-၃ (လစာနှုန်း ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) ဝန်ထမ်းများ (၁၆)နေရာ ခန့်ထားနိုင်ရန် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

၃။ အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးအတွက် အစိုးရနည်းပညာတက္ကသိုလ်တစ်ခုခုမှ အနည်းဆုံး(B.E Civil) ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာခေါ်ယူသည့်ရက်တွင် အသက်(၂၈)နှစ်ထက်မကျော်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မည်သည့်မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့တွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၆။ ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူ လိုအပ်သည့် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) နိုင်ငံရေးကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ မြို့နယ်ရဲစခန်းထောက်ခံချက်မူရင်း၊

(ဂ) ကျန်းမာကြောင်း ဒေသန္တရဆေးစစ်ချက်မူရင်း၊

(ဃ) လွန်ခဲ့သော တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ လေးပုံ၊

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(စ) ဖော်ပြပါရာထူးနေရာ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်အတွက် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၁၀)သိန်းတိတိပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၈။ လျှောက်လွှာများကို ၁-၇-၂၀၁၆ ရက် နံနက် ၀၉:၀၀ နာရီမှ စတင်၍ ရောင်းချသွားမည်ဖြစ်ပါသည်။

၉။ လျှောက်လွှာများကို ၂၉-၇-၂၀၁၆ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့သို့ စာရင်းပေးသွင်းလျှောက်ထားနိုင်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲကို ၃-၈-၂၀၁၆ ရက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၌ အင်္ဂလိပ်စာ၊ အင်ဂျင်နီယာဘာသာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်တို့ကို တစ်ဘာသာလျှင် တစ်နာရီဖြင့် သုံးနာရီ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများ ကွန်ပျူတာဘာသာရပ်အား လက်တွေ့ဖြေဆိုရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၁-၂၂၈၈၆၊ ၂၂၈၇၁၊ ၂၂၂၄၈ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**မုံရွာမြို့**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက နဝမတန်း(E)မှ မောင်နေမျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးလှဌေး ၇/ဝမန(နိုင်)၀၄၈၉၅၀ ဖြစ်ပါသည်။

## အမည်မှန်

မြင်းခြံမြို့၊ (၈)ရပ်ကွက်၊ အမှတ်(၁၈၉)နေ ဦးသန်းထွန်း ၉/မခန(နိုင်)၀၂၇၄၂၄၏ သား မြင်းခြံမြို့ အထက (၄) နဝမတန်းမှ ဦးကျော်မောင်မောင်ထွန်း၏ အမည်မှန်မှာ မောင်ကောင်းပြည့်ထွန်းဖြစ်ပါကြောင်း။

**မောင်ကောင်းပြည့်ထွန်း**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | FM Transmitter Spare Parts(Gates Air) | 5 Items |
| (ခ) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 6 Items |
| (ဂ) | တူရိယာ ဂီတပစ္စည်းများ | 9 Items |
| (ဃ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 10 Items |
| (င) | ပိန္နဲတောင်ရုပ်သံစက်ရုံတွင် 11 KV ဓာတ်အားလိုင်း (၄)မိုင်တည်ဆောက်ခြင်း၊ 2 Pole Structure နှင့် 200 KVA Transformer(11/0.4 KV)Substation တည်ဆောက်ခြင်း | 1 Lot |
| (စ) | ငွေဆောင်ရုပ်သံစက်ရုံတွင် 11 KV ဓာတ်အားလိုင်း ၀ဒသမ၅မိုင် တည်ဆောက်ခြင်း၊ 2 Pole Structure နှင့် 100 KVA Transformer(11/0.4 KV)Substation တည်ဆောက်ခြင်း | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၆-၂၀၁၆ရက်မှ ၂၈-၇-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၇-၂၀၁၆ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၀၃၅၊ ၀၆၇-၇၉၄၁၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ပရီမီယံဒီဇယ်ဆီ | (၁၀၀၀၀၀)ဂါလန် |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၄-၇-၂၀၁၆ရက် ညနေ ၄နာရီ ဖြစ်ပြီး တင်ဒါ ပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၈-၆-၂၀၁၆ရက်တွင် ကျရောက်သော မေကြီး ဒေါ်ဖြူဖြူညွန့်၏ မွေးနေ့ရက်မြတ်မှသည် နှစ်(၁၀၀) တိုင်တိုင် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပြီး မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းအား အတူတကွ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဖေကြီး၊ မစု၊ အေး၊ သားထက်**
**လှိုင်ရတနာမွန်အိမ်ရာ၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

၁၃၇၈ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော မင်းသုံးဆက် တည်ထားကိုးကွယ်တော်မူခဲ့သည့် ဂေဇက်ဝင်မြောင်မြို့ ရွှေပေါ်ကျွန်းမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်) မှ လပြည့်ကျော် ၈ ရက်အထိ ဘုရားကြီးဝတ္တက နယ်မြေပေါ်တွင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ အခြားပျော်ပွဲရွှင်ပွဲများ၊ ကုန်ရောင်းကုန်ဝယ်ဈေးပွဲများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ယင်းသတ်မှတ်ကာလအတွင်း အောက်ပါလုပ်ငန်းများ လုပ်ကိုင်လိုသူများအနေဖြင့် ၆-၇- ၂၀၁၆ရက် ရွှေပေါ်ကျွန်းဘုရားကြီးအာရုံခံတွင် မွန်းတည့် ၁၂ နာရီ လာရောက်ဆွဲဝယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ဆွဲဝယ်သူများသည် မြောင်မြို့နယ်တွင် နေထိုင်သူများ ဖြစ်ရပါမည်။

### ရောင်းချပေးမည့်လုပ်ငန်းများ

**၁။ ပွဲဈေးကွင်း ပုံကျဈေးကောက်လုပ်ငန်း**
**၂။ ကျောင်းကွင်းပုံကျဈေးကောက်လုပ်ငန်း**
**၃။ ကိုယ်လက်သန့်စင်ရေးအကောက်လုပ်ငန်း**
**၄။ ယာဉ်ရပ်နားစခန်းအကောက်လုပ်ငန်း**
**၅။ ဓာတ်ရုံ ဓာတ်ပြခွင့်လုပ်ငန်း**

**ဂေါပကအဖွဲ့**
**ရွှေပေါ်ကျွန်းဘုရားကြီး**
**မြောင်မြို့**

## အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းစံပြကျေးရွာ(မြောက်ပိုင်း)နေ ဦးထွန်းရီ ၁၂/ကမန(နိုင်)၀၀၆၉၂၅-ဒေါ်ရီဌေး ၁၂/ကမန(နိုင်)၀၀၆၉၂၆တို့၏ သားဖြစ်သူ မောင်ထက်ဝေလျှံထွန်း ၁၂/ကမန(နိုင်)၁၁၆၉၁၅ သည် မိဘအုပ်ထိန်းသူများ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘဂုဏ်သိက္ခာညှိုးနွမ်းစေ၍ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ငွေကြေးများကိုလည်း လိမ်လည်ယူဆောင်သွားပါသဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ယနေ့မှစ၍ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေး စသည့် မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးထွန်းရီ-ဒေါ်ရီဌေး**
**နတ်စင်ကုန်းစံပြကျေးရွာ၊ ကော့မှူးမြို့နယ်**

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်နေထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖိုးသင် ၁၀/သဖရ(နိုင်) ၀၃၂၅၄၆ဖြစ်ပါကြောင်း။

**ဦးဖိုးသင် ၁၀/သဖရ(နိုင်) ၀၃၂၅၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/8015 Nissan Wingroad,S/W(4x2)®ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ညွန့် ၉/မရမ(နိုင်)၀၆၅၇၈၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၂၂၆၈ Kenbo-110, M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနုခိုင် ၉/အမဇ(နိုင်)၀၃၃၉၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# IAAF ပြေးခုန်ပစ်နည်းပြသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၇**

ရက် ၁၀၀ စီမံချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် IAAF Coaches Education and Certification System Level - I Athletics Coaching Course ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ Mr.Mohd Nanang (အင်ဒိုနီးရှား) က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းသင်တန်းကို ဇွန် ၇ ရက်မှ ဇူလိုင် ၈ ရက်အထိ နေပြည်တော်၌ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိသည်။ သင်တန်းနည်းပြအဖြစ် အင်ဒိုနီးရှားနိုင်ငံသားက ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဦးကျော်ကျော်ဝင်းက တွဲဖက်နည်းပြအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - ချစ်ကိုကို**



*✻ ကျောဖုံးမှ*

ရာပြည့်ဖလားနှင့်အတူ နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။

နာမည်ကျော်ကစားသမား မက်ဆီသည် ကလပ်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း နိုင်ငံပွဲများတွင်မူ အောင်မြင်မှုရလဒ် မကောင်းခဲ့ပေ။ မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ဗိုလ်လုပွဲကို သုံးနှစ်ဆက်တိုက်ကျရှုံးခဲ့သည်။ ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဂျာမနီအသင်းကို ကျရှုံးခဲ့သလို ၂၀၁၅-၂၀၁၆ ကိုပါအမေရိကဖလားတွင် ချီလီအသင်းကို ကျရှုံးခဲ့သည်။ အာဂျင်တီးနားအသင်းသည် ယခုပွဲသာ အနိုင်



**အကောင်းဆုံးကစားသမား ရွှေဘောလုံးဆုရ ချီလီမှ ဆန်ချက်ဇ်**

ရရှိခဲ့မည်ဆိုလျှင် အအောင်မြင်ဆုံးအသင်းဖြစ်သော ဥရုဂွေးအသင်းနှင့် ဖလားရရှိမှု ၁၅ ကြိမ် တူညီနိုင်မည်ဖြစ်ရာ နှစ် ၁၀၀ ပြည့် ဖလားကြီးအား ဆုံးရှုံးလိုက်ရသည်။

ချီလီသည် ကိုပါအမေရိက ရွှေရောင်ဖလားကြီးကို နှစ်နှစ်ဆက်တိုက်ရရှိခဲ့သလို ချီလီအသင်းသား သုံးဦးလည်း အကောင်းဆုံးဆုများ ရရှိခဲ့သည်။ ဂိုးသွင်းအများဆုံးဆုကို ခြောက်ဂိုးသွင်းယူထားသော တိုက်စစ်မှူး ဗားဂတ်စ်၊ အကောင်းဆုံး ကစားသမား ရွှေဘောလုံးဆုကို ဆန်ချက်ဇ်နှင့် ရွှေလက်အိတ်ဆုအဖြစ် ဂိုးသမား ဘရာဗိုက ရရှိခဲ့ပြီး အသန့်ရှင်းဆုံး အသင်းဆုအဖြစ် အာဂျင်တီးနားကို ပေးအပ်ခဲ့သည်။

ယခု ကိုပါပွဲအပြီးတွင် မက်ဆီ အနေဖြင့် နိုင်ငံလက်ရွေးစင် ကစားသမားအဖြစ်မှ အနားယူပြီဖြစ်ကြောင်း မီဒီယာများကို ပြောကြားခဲ့သည်။

## ယူရို ၂၀၁၆ ရှုံး/ထွက် ပွဲစဉ် ဘယ်လ်ဂျီယံတို့ ဟန်ဂေရီကို ဂိုးပြတ်နိုင်

ယူရို ၂၀၁၆ ရှုံး/ထွက် ၁၆ အသင်း အဆင့် ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံက ဟန်ဂေရီကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ဟန်ဂေရီနှင့် ဘယ်လ်ဂျီယံပွဲစဉ်ကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့ပြီး ဘယ်လ်ဂျီယံအတွက်ဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် အယ်ဒါဝိုင်ယာ၊ ၇၈ မိနစ်တွင် ဘတ်ချူရီ၊ မိနစ် ၈၀ တွင် ဟာဇက်၊ မိနစ် ၉၀ တွင် ကာရက်စ်ကိုတို့က သွင်းယူခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ပွဲစဉ်တစ်လျှောက် လေးဂိုးပြတ် သွင်းယူနိုင်သော ပထမဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

ဘယ်လ်ဂျီယံနှင့် ဝေးလ်တို့ ဇူလိုင် ၂ ရက် နံနက် ၁ နာရီခွဲတွင် ကွာတားဖိုင်နယ် ကစားရမည်ဖြစ်သည်။

ဇွန် ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဂျာမနီနှင့် ဆလိုဗက်ကီးယားပွဲတွင် ဂျာမနီအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဂျာမနီအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ဘိုတန်၊ ၄၃ မိနစ်တွင် ဂိုမက်စ်၊ ၆၃ မိနစ်တွင် ဒရက်ဇ်လာတို့က သွင်းယူခဲ့သည်။

ဂျာမနီအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၃ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အီတလီနှင့် စပိန် ရှုံးထွက်ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

■ **သီဟ**


ခရီးသွားမယ်ဆို၊ စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

TYY Group Of Companies ၏ Director မဖြူဖြူကို၏ ၂၈-၆-၂၀၁၆ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်ချစ်သော မိသားစုနှင့်အတူ ဘဝခရီးလမ်းကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေ။

TYY Group Of Companies မှဝန်ထမ်းများ
Fashion Paris မှဝန်ထမ်းများ

HAPPY BIRTHDAY KU KUE

ချစ်သမီးငယ် ကူးကူး (ခ) ဖြူဖြူကို ၏ ၂၈-၆-၂၀၁၆ ရက်တွင်ကျရောက်သော မွေးနေ့ရက်မှသည် နောင်နှစ် (၁၂၀) တိုင် ချစ်သောမိသားစုနှင့် အတူ ဘာသာသာသနာ အကျိုးကို သယ်ပိုးနိုင်သူဖြစ်ပါစေ၊ အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

မေမေကြီး - ဒေါ်နုနုသိန်း
ဖေဖေ - သုခမ္မမဏိဇောတဓရ ဦးသက်ဆွေ - မေမေ - ဒေါ်ယမင်းကိုကို
ချစ်မမ - မိုမိုကို


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
### ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)
### ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့်ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ | (၁) နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ) | (၂) နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ခန္ဓာသန်စွမ်းမှုနည်းပညာ) | (၂) နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) | (၂) နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) သက်ဆိုင်ရာဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။
(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက် (၁)နှစ် ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဗေယျ)၊ (သို့မဟုတ်)အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်)အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း(သို့မဟုတ်)အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)သို့ ပေးပို့လျှောက်ထားရမည်။

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။
ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၁-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၏ မြန်မာ့စီးပွားရေးဘဏ်အင်းစိန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၆၇၀သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-၀၁၁၆၇၀သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။(သို့မဟုတ်) ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)၏ Web Site(www.umty.gov.mm)သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မုဒိတာတန်ဖိုးနည်းအိမ်ရာ(၂)ရှိ အမှတ်(2A/514) လေးလွှာ၊(၁၂½ပေ×၅၅ပေ) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းစိုးလွင် ၁၂/ဗတထ(နိုင်)၀၁၀၀၃၂ထံမှ ကျွန်ုပ်ဒေါ်သက်သက်ဝင်း ၇/ရတန(နိုင်)၀၇၆၉၁၂သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချမည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားအပြည့်အစုံမူရင်းဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်ဝင်း**
**ဖုန်း-၀၉-၇၉၆၆၀၅၉၆၃၊ ၀၉-၄၃၁၇၂၉၈၇**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း (၂၀)၊ အမှတ်(၁၄၂) ဒေါ်ကြည်ကြည်အေး အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဖေတင် ၁၂/ဥကတ(နိုင်)၀၅၈၈၄၈ ထံမှ ကျွန်ုပ်မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီနိုင်ဦး ၉/ခအဇ(နိုင်)၀၀၄၃၆၉**
**ဖုန်း-၀၉-၂၅၀၄၃၆၈၇၂၊ ၀၉-၇၇၀၀၉၁၂၂၇**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/4304 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနဥပထ္ထမ္ဘကအဖွဲ့ ဖွဲ့စည်း



**နေပြည်တော် ဇွန် ၂၇**

ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနဥပထ္ထမ္ဘကအဖွဲ့ ဖွဲ့စည်း ခြင်းအခမ်းအနားကို ဇွန်လတတိယပတ်က ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မဝိဇိတဗိမာန်တော်ကြီးအတွင်း ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်သာသနာရေးမှူးနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြို့နယ်သံဃမဟာနာယက ဥက္ကဋ္ဌ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒက အဖွင့်သြဝါဒကထာ ချီးမြှင့်၍ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ အရှင်သူမြတ်က ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနဥပထ္ထမ္ဘကအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားသည်။

ထို့နောက် ရှားတောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်က မြို့နယ်သံဃနာယကအဖွဲ့များကိုယ်စား ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနဥပထ္ထမ္ဘကအဖွဲ့ လျာထားဖွဲ့စည်းမှု အခြေအနေကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အသင်းအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒ က နိဂုံးချုပ်သြဝါဒကထာ ချီးမြှင့်၍ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ဘလူ၌ ကျေးရွာချင်းဆက်လမ်း၊ တံတားများပြုပြင်ပြီးစီး



**ကန့်ဘလူ ဇွန် ၂၇**

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ အတွင်းပြုပြင်ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက်လမ်း၊ တံတားများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် မြေသားလမ်း၊ ဂျင်းလမ်း၊ သစ်သားတံတား၊ Box Culvert နှင့် လက်တူးတွင်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကန့်ဘလူ-ကျွန်းလှကတ္တရာလမ်းမှ သင်ပန်းတောကျေးရွာအဝင် မြေသားလမ်းပြုပြင်ခြင်း၊ ကန့်ဘလူ - ဆိပ်ဖူးမြောင် - ဝါးရုံဘုတ်လမ်း ဂျင်းခင်းပြုပြင်ခြင်း၊ ဆားကျင်း-နှောကုန်းလမ်း မြေသားလမ်းပြုပြင်ခြင်း၊ ကန့်ဘလူ-ထန်းကုန်း-ကာဘိုးလမ်းပေါ်ရှိ Box Culvert (၂၀ × ၈×၅)ပေ ပြုပြင်ခြင်း၊ ဆိပ်ဖူးမြောင်-ဝါးရုံဘုတ်လမ်းပေါ်ရှိ သစ်သားတံတား(၁၅ ×၁၄) ပေ ပြုပြင်ခြင်း၊ ဆားကျင်း-လှည်းပွဲလမ်း Box Culvert (၂၀ ×၈ ×၅) ပေ ပြုပြင်ခြင်းနှင့် ပင့်သာကြီးကျေးရွာရှိ လက်တူးတွင် ပြုပြုခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အထွက်နှုန်းကောင်းမွန်ရေး SRI နည်းဖြင့် စိုက်ပျိုးသည့်စပါးခင်းများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၈၇) ၌ SRI နည်းစနစ်ဖြင့်စိုက်ပျိုးထားသည့် ဧက ၄၀ ကွင်းပိတ်လယ်စိုက်ခင်းများကို ဇွန် ၂၄ ရက်က တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမြင့်၊ တောင်ငူခရိုင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ နည်းစနစ်မှာ တစ်ဧကမျိုးစေ့ ကုန်ကျမှုသက်သာခြင်း၊ ပျိုးသက်နုဖြင့် စိုက်ပျိုးနိုင်ခြင်းကြောင့် အထွက်နှုန်းကောင်းမွန်ခြင်းအပြင် ဘေးထွက်ဆိုးကျိုးမရှိသော သဘာဝမြေဆီသြဇာများကိုသာ သုံးစွဲသည့်အတွက် စားသုံးရာ၌ ဘေးအန္တရာယ်ကင်းရှင်းသည့်အတွက် စိုက်ပျိုးနိုင်ရန် ပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



**ရှမ်းပြည်နယ် လင်းခေးခရိုင် ဟိုမိန်းမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်း ရက် ၁၀၀ စီမံချက်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို ဇွန် ၂၄ ရက်က ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ သွားရောက် ဖြန့်ဝေခြင်း၊ ဟိုမိန်းမြို့မဈေးနှင့် အမှတ် (၂)ရပ်ကွက်တို့တွင် အိမ်တိုင်ရာရောက် လိုက်လံဝေငှခြင်းတို့ကို မြို့နယ် ပြန်/ဆက်ဝန်ထမ်းများက ဆောင်ရွက်စဉ်**

ရဲနောင် (ဟိုမိန်း)

# လောင်းလုံးမြို့နယ်၌ စပါးပျိုးထောင်နည်းစနစ် သရုပ်ပြ

**လောင်းလုံး ဇွန် ၂၇**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သာယာကုန်းကျေးရွာ ကွင်းအမှတ် ၁၈၁၊ ဦးပိုင် ၇၄ တောင်သူ ဦးဖေကြီးလယ်မြေတွင် ဇွန် ၂၄ ရက်က စပါးပျိုးထောင်နည်းစနစ်သရုပ်ပြပွဲကျင်းပရာ ရေပျိုးထောင်နည်း၊ GAP ပျိုးထောင်နည်း၊ ပျိုးဖျာလိပ်ပျိုးထောင်နည်း၊ ကောက်စိုက် စက်ပျိုးထောင်နည်း၊ ဆန်ခါပိုက်ပျိုးထောင်နည်းများ သရုပ်ပြသသည်။

ထိုသို့ ပျိုးထောင်နည်းစနစ်သရုပ်သပြခြင်းဖြင့် စပါးပျိုးပင်များလေလွင့်မှုနည်းပါးစေရေး၊ သီးနှံအထွက်တိုးစေရေး၊ တောင်သူများနည်းစနစ်မှန်ကန်စွာပျိုးထောင်ပါကပျိုးပင်များနုတ်ယူစိုက်ပျိုးရာတွင် လွယ်ကူ မြန်ဆန်စေရေးအတွက်သရုပ်ပြသခြင်းဖြစ်ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## သတင်းတိုများ

### မြေငှားဂရန်ထုတ်ပေးရေး ဆွေးနွေး

တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု သာယာကုန်း ကျေးရွာနေပြည်သူများအား ရက် ၁၀၀ စီမံချက်အတွင်း ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဇွန်လဒုတိယပတ်က ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်စိုးမိုး၊ မြို့နယ်မြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ကွင်းဆင်းကွက်စိပ်တိုင်းတာမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ကျေးရွာနေ ပြည်သူများနှင့်တွေ့ဆုံကာ မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### မူးယစ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြပွဲကျင်းပ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက်က အထက(၂) လယ်ဝေး ဝင်းသီရိခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးအောင်လွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မူးယစ်ဥပဒေများ၊ မူးယစ်ကြောင့်ဖြစ်ပွားတတ်သော မှုခင်းများအကြောင်း ၊ မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့် ဆိုးကျိုးများအကြောင်း၊ ကျောင်းသားနှင့် မူးယစ်အန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက်သတင်းစကား လက်ကမ်းစာစောင်တွင်ပါဝင်သည့် အချက်အလက်များကို ကျောင်းသား ကျောင်းသူ ၅၀ က ယှဉ်ပြိုင်ဖြေဆိုခဲ့ကြကာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

### လောက်ကိုင်မြို့၌ မြို့နယ်သာယာလှပရေးဆောင်ရွက်

လောက်ကိုင်ခရိုင် လောက်ကိုင်မြို့တွင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးကော်မတီမှ ရက် ၁၀၀ စီမံချက်အရမြို့နယ်အတွင်း စည်ပင်သာယာလှပရေး၊ မြို့သန့်ရှင်းသပ်ရပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးဦးစီးဌာန တာဝန်ရှိသူများက ဦးဆောင်ကာ ဇွန်လဒုတိယပတ်က ရပ်ကွက်(၁)တုံချိန်ကျောက်တိုင်အဝိုင်းပတ်လည်တွင် ချုံနွယ်များရှင်းလင်းခြင်း၊ ပန်းအလှပင်များပုံသွင်းခြင်း၊ မြို့တွင်းလမ်းမကြီးများတွင် လမ်းလယ်ကျွန်းများရှိ သစ်ပင်များလဲလှယ်စိုက်ပျိုးခြင်း၊ မြက်ပင်များ ထပ်မံစိုက်ပျိုးခြင်း၊ ပလက်ဖောင်းကပ်တုံးများ သစ်လွင်လှပရေး လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် မိုးညိုမြို့နယ် လဖျော်ပင်ကျေးရွာတွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်က အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်လုပ်ငန်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်က ငါးမျိုးမပြုန်းတီးရေး၊ ပြည်သူများအား လက်ဆင့်ကမ်းပြန်လည်သင်ကြားပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။ သင်တန်းကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တာပို့ချခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### လျှပ်စစ်အန္တရာယ်ကင်းဝေးရေးပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ အထကတွင် ဇွန် ၂၃ ရက်က ကျေးရွာမီးလင်းရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲနှင့် မိုးရာသီကာလ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်က ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပြောကြားခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ဟံသာမြို့ဟောင်း သာလျောင်းသုံးဆူ

**မောင်သာ(ရှေးဟောင်းသုတေသန)**

လျောင်းထိုင်ရပ်သွား ဣရိယာပုတ်လေးပါးအနက် ဗုဒ္ဓဘုရားရှင်ဆင်းတုရုပ်ပွားတော်များအား ထိုင်တော်မူပုံကို အများဆုံးထုလုပ်လေ့ရှိကြသည်။ အများအားဖြင့် ဗုဒ္ဓဘာသာဝင်များသည် မိမိတို့အိမ်များတွင် ထိုင်တော်မူဆင်းတုတော်များကို ပူဇော်လေ့ရှိကြပြီး စေတီ၊ ပုထိုး၊ ကျောင်းကန်များတွင် ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်များကို မုဒြာမျိုးစုံ၊ အာသနမျိုးစုံ ဖူးမြော်နိုင်ကြသည့်အပြင် ရပ်တော်မူနှင့် လျောင်းတော်မူရုပ်ပွားတော်များကိုလည်း ဖူးတွေ့နိုင်ကြသည်။ သွားတော်မူ ပုံများကိုမူ သီးသန့်ထုလုပ်မှု နည်းပါးကာ ဘုရားရှင်ကြွချီတော်မူလာပုံနှင့် စင်္ကြံလျှောက်တော်မူပုံများကို ရပ်တော်မူပုံများအတိုင်း ထုလုပ်ပူဇော်လေ့ရှိသည်။

မြန်မာနိုင်ငံရှိ ဗုဒ္ဓလျောင်းတော်မူရုပ်ပွားတော်များအနက် မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရရှိ လျောင်းတော်မူရုပ်ပွားတော်ကို အကြီးဆုံးဟု ဆိုကြသည်။ ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံမြို့ကြီးများတွင် တည်ထားသည့် လျောင်းတော်မူရုပ်ပွားတော်များအနက် ပဲခူးမြို့ရှိ လျောင်းတော်မူရုပ်ပွားတော်သုံးဆူသည် အကြီးမားဆုံးရုပ်ပွားဆင်းတုတော်များ မဟုတ်ကြသော်လည်း သမိုင်းဝင်ရုပ်ပွားတော်များအဖြစ် အလွန်ထင်ရှားကြပြီး နေ့စဉ် လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားနေလေ့ရှိသည်။

ပဲခူးမြို့သည် ဟံသာဝတီဟုထင်ရှားခဲ့သည့် ရာမညဒေသတွင် မွန်ဘုရင်များအုပ်စိုးခဲ့သော မင်းနေပြည်ဖြစ်ခဲ့သကဲ့သို့ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင့်နောင်ကျော်ထင်နော်ရထာ နန်းစိုက်ခဲ့သည့် နေပြည်တော်လည်းဖြစ်သည်။ ဟံသာဝတီ ပထမခေတ်(ခရစ်နှစ် ၈၂၅-၁၀၆၇)တွင် သမလမင်းမှ တိဿရာဇာအထိ မင်း ၁၇ ဆက် စိုးစံခဲ့သည်။ သို့သော် သမလမင်းထူထောင်ခဲ့သည့် ဟံသာဝတီနေပြည်တော်သည် ယခုပဲခူးနေရာမဟုတ်ကြောင်း ဆိုကြသည်။ ဟံသာဝတီ ဒုတိယခေတ်(ခရစ်နှစ် ၁၃၆၉-၁၅၃၈)ကို ဗညားဦးက ယခုပဲခူးနေရာတွင် ဟံသာဝတီကို ရှင်းလင်းကာ မြို့သစ်၊နန်းသစ် ထူထောင်ခဲ့သည်။ ဟံသာဝတီ ဒုတိယခေတ်တွင် ဗညားဦးမှ သုရှင်တကာရွတ်ပိအထိ မင်း ၁၁ပါး အုပ်စိုးခဲ့သည်။ ဗညားဦးသည် ဟံသာဝတီ ပထမခေတ် နောက်ဆုံးဘုရင် တိဿရာဇာ ထူထောင်ခဲ့သော ဟံသာဝတီမြို့ဟောင်းနေရာမှာပင် ဟံသာဝတီမြို့သစ်ကို တည်ထောင်ခဲ့သည်။



ခရစ်နှစ် ၁၅၃၈ ခုနှစ်တွင် ကေတုမတီ တောင်ငူဘုရင် တပင်ရွှေထီးသည် ပဲခူးကိုအောင်နိုင်ခဲ့ကာ တောင်ငူမှ ပဲခူးသို့ ပြောင်းရွှေ့နန်းစံခဲ့သည်။ ခရစ်နှစ် ၁၅၅၁ ခုနှစ်တွင် ဘုရင့်နောင်က ပဲခူးထီးနန်းကို ဆက်ခံခဲ့ကာ ၁၅၅၃ ခုနှစ်တွင် ကမ္ဘောဇသာဒီနန်းတော်ကြီးကို ဆောက်လုပ်ခဲ့သည်။ ဘုရင့်နောင်မင်းကြီးသည် ဥဿာပဲခူးကို အခြေတည်ကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည်။

ပဲခူးမြို့သည် ရန်ကုန်မြို့၏ အရှေ့မြောက်ဘက် ၄၇ မိုင်အကွာတွင် ပဲခူးမြစ်ကိုခွလျက်တည်ရှိနေသည်။ မြေပုံအညွှန်းအရ လက်ရှိ ပဲခူးမြို့၏တည်နေရာသည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၃ မိနစ်မှ ၁၇ ဒီဂရီ ၅၉ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် မှ ၉၆ ဒီဂရီ ၃၈ မိနစ်အကြားဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၁ ပေ မြင့်သည်။ ပဲခူးသည် ပုဂံခေတ် စောလူးမင်းလက်ထက်တွင် အထိန်းတော်သား ငရမန်ကန်းစားခဲ့သော မြို့ဖြစ်သကဲ့သို့ မုတ္တမဘုရင်မဂဒူး၏သားမက် တရဖျားစားခဲ့သောမြို့လည်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ဗညားဦးလက်ထက် ခရစ်နှစ် ၁၃၄၉ ခုနှစ်တွင် ထောင့် ၁၆ ထောင့်ရှိသော မြို့ရိုးကြီးတည်ဆောက်လျက် ဟံသာဝတီနေပြည်တော်ဟု မှည့်ခေါ်ခဲ့သည်။ ယင်းမြို့ရိုးမြို့ရာများသည် ယခုတိုင် ကြွင်းကျန်လျက်ရှိပြီး မြေသားမြို့ရိုးကုန်းတန်းကို နေရာများစွာတွင် မြင်တွေ့နိုင်သည်။

**ပဲခူး၊ ဥဿာ၊ ဟံသာဝတီ**

ပဲခူးသည် ဥဿာနှင့် ဟံသာဝတီဟုလည်း ထင်ရှားကာ ပဲခူးကို ရှေးအခါက မဓဝါဟုလည်း ခေါ်ခဲ့ကြသေးသည်။ ပဲခူးသည် ဝမ်းဘဲ ဟင်္သာများ ဖြတ်ကျော်ပျံသန်းသောနေရာဖြစ်သောကြောင့် ဝမ်းဘဲကူးမှ ဝမ်းပဲကူး၊ ပဲကူး၊ ပဲခူးဟု အဆင့်ဆင့်ပြောင်းလဲခေါ်ဆိုခဲ့သည်ဟု ဆိုကြသည်။ အိန္ဒိယနိုင်ငံမှ ကုန်သည်များသည် ပဲခူးသို့ကုန်ကူးသန်းရောင်းဝယ်ရန် ရောက်ရှိခဲ့ကြချိန်တွင် ပဲခူးသည် အိန္ဒိယနိုင်ငံ ဩရိသ (Orissa)ဒေသနှင့် တူသဖြင့် ဩရိသဟု ခေါ်ဆိုသုံးနှုန်းရာမှ အသံဖလှယ်ရာတွင် ဥဿာဟု ပြောင်းလဲခဲ့ကြောင်း ဖတ်ရှုခဲ့ရဖူးပါသည်။ ဟံသာဝတီဟူသည့်အမည်သည် ရှေးယခင်ကာလရှည်ကြာခဲ့စဉ်က ပဲခူးနေရာသည် ရေပြင်ကျယ်ကြီးဖြစ်ခဲ့ပြီး ထိုရေပြင်ကျယ်ကြီးကို ဟင်္သာဖိုမမောင်နှံ ဖြတ်ကျော်ပျံသန်းခဲ့ရာမှ စတင်ခဲ့သည်။ ဟင်္သာမောင်နှံသည် အတောင်ညောင်းသဖြင့် ရေပြင်ကျယ်အတွင်းမှ ကုန်းမြေကွက်လပ်ငယ်လေးတွင် နားခိုခဲ့ကြသည်။ ထိုကုန်းမြေငယ်လေးသည် တဖြည်းဖြည်း ပဲခူးမြို့ကိုတည်ထားနိုင်ခဲ့သည့် ကုန်းမြေဖြစ်လာခဲ့ပြီး ဟင်္သာဖိုမနားခိုခဲ့သည့်နေရာသည် ယခု ဟင်္သာကုန်းနေရာဟု အစဉ်အဆက် လက်ခံထားကြသည်။ ဝမ်းဘဲကို မွန်လူမျိုးများက ဟင်္သာဟုခေါ်ဆိုပြီး ဟင်္သာမောင်နှံနားခဲ့သည့် ကုန်းမြေဖြစ်ခဲ့သောနေရာသည် ဟင်္သာကျွန်း၊ ဟင်္သာကုန်းမှ ဟံသာဝတီဟု အမည်တွင်ခဲ့သည်။

ပဲခူးသည် ဘုရင့်နောင်မင်းတရားလက်ထက်တွင် အခမ်းနားဆုံးဖြစ်ခဲ့ပြီး ကုန်းဘောင်ခေတ်အရောက် ခရစ်နှစ် ၁၇၅၇ ခုနှစ်တွင် အလောင်းမင်းတရားက ဟံသာဝတီကိုသိမ်းပိုက်ခဲ့ပြီးနောက် ပဲခူးသည် မှေးမှိန်သွားခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖတ်ရှုရသည်။ ယခု ပဲခူးမြို့လယ်ရှိ သုဒဿနကုန်းခေါ် မြင်းသီတကုန်းပေါ်တွင် သာသနာနှစ် ၂၃၇ ခုနှစ်ကတည်ထားခဲ့သည့် ရွှေမော်ဓောစေတီတော်ကြီးကို ဖူးတွေ့နိုင်သည်။ ရွှေမော်ဓောစေတီတော်သည် မူလက ၂၇ တောင်သာ မြင့်ခဲ့သော်လည်း ယခုအခါတွင် ဉာဏ်တော် ၂၁၄ တောင်(၃၁၁ ပေ)ရှိသည်။ ရွှေမော်ဓောသည် ပဲခူးမြို့၏ ကျက်သရေဆောင်စေတီတော်ကြီးတစ်ဆူ ဖြစ်သကဲ့သို့ လျောင်းတော်မူသုံးဆူဖြစ်သည့် ရွှေသာလျောင်း၊ မြသာလျောင်းနှင့် စိန်သာလျောင်းတို့သည်လည်း ပဲခူးမြို့၏ ထင်ရှားသော ကြည်ညိုဖွယ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများ ဖြစ်ကြသည်။ ရွှေသာလျောင်းနှင့် မြသာလျောင်းသည် ပဲခူးမြို့၏ အနောက်ဘက်တွင်တည်ရှိပြီး စိန်သာလျောင်းက မြို့၏အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။

**ရွှေသာလျောင်း**

ရွှေသာလျောင်းရုပ်ပွားတော်ကြီးသည် ပဲခူးမြို့အတွင်းမှ မဟာစေတီသို့သွားသည့် လမ်းပေါ်တွင် ရှိသည်။ ရန်ကုန်မြို့မှလာလျှင် ပဲခူးမီးရထားခုံးတံတားသို့မရောက်မီ လက်ဝဲဘက်သို့ချိုးဝင်လာပါက ရွှေသာလျောင်းရုပ်ပွားတော် သီတင်းသုံးနေသည့် နေရာသို့ ရောက်ရှိသည်။ ရွှေသာလျောင်းရုပ်ပွားတော်သည် အလျား ၅၅ မီတာ(ပေ ၁၈၀)နှင့် အမြင့် ၁၆ မီတာ(၅၂ ပေ) ရှိသည်။ ရုပ်ပွားတော်ကြီးကို မွန်ဘုရင် မဂ္ဂဒီပက သက္ကရာဇ် ၉၉၄ ခုနှစ်တွင် တည်ထားခဲ့ပြီး နှစ်ကာလရှည်ကြာစွာ ချုံနွယ်ပိတ်ပေါင်းများအကြားတွင် ပျောက်ကွယ်နေရာမှ ၁၈၈၀ ပြည့်နှစ်တွင် ရထားလမ်းဖောက်လုပ်ရန် ရှင်းလင်းခဲ့စဉ် ပြန်လည်တွေ့ရှိခဲ့သည်။ ရုပ်ပွားတော်ကြီးကို ၁၈၈၁ ခုနှစ်တွင် ပြုပြင်မွမ်းမံခဲ့ပြီး ခေါင်းအုံးတော်လက်ဝဲဘက်ခြမ်းအား ထပ်မံတည်ဆောက်ခဲ့သည်။ ရုပ်ပွားတော်အပေါ်နှင့် ဘေးတွင် အမိုးအကာများ ဆောက်လုပ်ခဲ့ရာ ၁၉၃၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ရုပ်ပွားတော်သီတင်းသုံးနေသည့် ကျောင်းဆောင်တော်ပေါ်တွင် ရေးသားထားသော မှတ်တမ်းစာအရ ရွှေသာလျောင်းရုပ်ပွားတော်ကြီးသည် အလျားပေ ၁၈၀၊ အမြင့် ၅၂ ပေ ခြောက်လက်မ၊ မျက်နှာတော် ၂၂ပေ၊ နားရွက်တော် ၁၅ပေ၊ မျက်လုံးတော် ၃ ဒသမ ၉ ပေ၊ မျက်ခုံးတော်၊ မျက်ရစ်တော်၊ နှာခေါင်းတော်၊ လည်တိုင်နှင့် နှုတ်ခမ်းတော်များသည် ၇ ဒသမ ၆ ပေစီ ရှိသည်။ ရုပ်ပွားတော်သည် ပခုံးမှ ခါးအထိ၊ ခါးမှ ဒူးအထိ၊ ဒူးမှ ခြေဖဝါးအထိ ၄၇ ဒသမ ခြောက်ပေစီရှိကာ တံတောင်ဆစ်မှ လက်ထိပ်ဖျားအထိ ၄၅ ပေရှိသည်။ လက်သန်းတော်တစ်ချောင်းတည်းပင်လျှင် ၁၀ ပေခန့်ရှည်လျားပြီး ခြေဖဝါး ၂၅ ပေ၊ ခြေမ ခြောက်ပေ၊ လက်ဖဝါး ၂၂ ပေ ရှိသည်။

ရွှေသာလျောင်း ရုပ်ပွားတော်ကြီး၏ အလှူရှင်သည် မွန်ဘုရင် မဂ္ဂဒီပဟု အစဉ်အဆက် လက်ခံထားကြသော်လည်း ဘုရင့်နောင်မင်းတရားကြီး၏ ကုသိုလ်တော်ဟု ယူဆမှုများလည်းရှိသည်။ လျောင်းတော်မူကိုယ်တော်ကြီးတွင် ခတ်တော်မွေတော်နှင့် ဘုရားဆင်းတုများစွာကို ဌာပနာခဲ့ပြီး နဖူးသင်းကျစ်တွင် ပတ္တမြားအစစ်ကို မြှုပ်နှံပူဇော်ခဲ့သည်။ သက်န်းတော်ကို ရွှေပိန်းချကာ ဘွဲ့တော်ကို နိဗ္ဗာန်ဆင်းတုဟု သမုတ်ခဲ့ကြောင်း 'ဟံသာဝတီ(ပဲခူး)တစ်ခွင်မှ သမိုင်းဝင်လေ့လာစရာများ' စာအုပ်တွင် ရေးသားဖော်ပြထားသည်။



**မြသာလျောင်း**

မြသာလျောင်းသည် ရွှေသာလျောင်းရုပ်ပွားတော်အနီးတွင် တည်ရှိပြီး ရွှေသာလျောင်းရုပ်ပွားတော်ထက် ပိုမိုကြီးမားသည်။ မြသာလျောင်းရုပ်ပွားတော်သည် မူလကုန်းတော်ဟောင်းပေါ်တွင် အသစ်ပြန်လည်ထုလုပ်ထားသည့် ရုပ်ပွားတော်ကြီးဖြစ်သည်။ မြသာလျောင်း၏ မူလဘွဲ့တော်သည် နောင်တော်ကြီးရုပ်ပွားတော်ဖြစ်ပြီး ရွှေသာလျောင်းရုပ်ပွားတော်၏ ခေါင်းရင်းဘက်တွင်တည်ရှိကာ ရွှေသာလျောင်းရုပ်ပွားတော်ထက်လည်း အရွယ်အစားပိုမိုကြီးမားသဖြင့် ရသေ့ကြီး ဦးခန္တီက နောင်တော်ကြီးဟု ဘွဲ့မည်ပေးခဲ့သည်။

ရသေ့ကြီးဦးခန္တီသည် ပဲခူးတွင် သာသနိကအဆောက်အအုံများကို တည်ဆောက်လှူဒါန်းခဲ့ရာ ဟင်္သာကုန်းဘုရားနှင့် ဟင်္သာကုန်းမှ ရွှေမော်ဓောသို့ဆက်သွယ်သည့် သံတန်ဆောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရသေ့ကြီးသည် ပဲခူးတွင်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်စဉ် ချုံနွယ်များလွှမ်းမိုးနေသည့် လျောင်းတော်မူကုန်းရိုးတန်းကို တွေ့ရှိခဲ့ကာ ပြန်လည်ဖော်ထုတ် ပြုပြင်ခဲ့သည်။ လက်ရှိ မြသာလျောင်းရုပ်ပွားတော်ကြီး သီတင်းသုံးနေသည့် ကုန်းဟောင်းပရိဝုဏ်သည် မူလက အုတ်တံတိုင်းရှိခဲ့ဟန်တူကာ ပြိုပျက်ပြီး သစ်ပင်ချုံနွယ်များဖြင့် ပိတ်ဖုံးနေခဲ့သည်။ မြသာလျောင်း ပရိဝုဏ်ဝင်ပေါက်သည် ဂဝံတုံးကြီးများခံလျက် ရွှံ့မီးဖုတ်အုတ်များဖြင့် တံခါးပေါက်ပြုလုပ်ထားသဖြင့် ရှေးမွန်ယဉ်ကျေးမှုလက်ရာဟု ခန့်မှန်းကြသည်။

မြသာလျောင်းရုပ်ပွားတော်အနီးတွင် တွေ့ရှိရသည့် အုတ်ချပ်ဟောင်းများသည် မွန်ယဉ်ကျေးမှုအထောက်အထားများဖြစ်သဖြင့် ဓမ္မစေတီခေတ်လက်ရာဟု ယူဆမှုများရှိသည်။ မြသာလျောင်းရုပ်ပွားတော်ကြီးကို ပြန်လည်ပြုပြင်ချိန်တွင်ရရှိခဲ့သည့် ဆင်းတုဟောင်းများ၊ အုတ်ချပ်များ၊ စဥ့်သုတ်အုတ်ကျိုးများကို မြသာလျောင်းပရိဝုဏ်အတွင်းရှိ တန်ဆောင်းတွင် ပြသထားသည်ကို လေ့လာနိုင်ကြပေသည်။ ဓမ္မစေတီမင်းကြီးသည် ကျိုက်ပွန်လေးမျက်နှာဘုရားကို တည်ထားခဲ့ပြီးနောက် ကျိုက်သလွန်ဟု ဘွဲ့မည်တွင်သော လျောင်းတော်မူရုပ်ပွားတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြောင်း မှတ်တမ်းတစ်ခုတွင်ဖတ်ရှုခဲ့ရကြောင်း ဟံသာဝတီ(ပဲခူး)တစ်ခွင်မှ လေ့လာစရာများစာအုပ်တွင် ဖော်ပြထားသည်။ မြသလွန်ရုပ်ပွားတော်တည်ထားသည့် ကုန်းသည် ကျိုက်ပွန်ဘုရားကြီးနှင့် မဝေးကွာသော်လည်း မြသာလျောင်းရုပ်ပွားတော်တည်လုပ်ခဲ့သည့် ကျောက်စာမှတ်တမ်းများကို မတွေ့ရှိရသေးသဖြင့် ဓမ္မစေတီမင်းကြီး၏ကောင်းမှုတော် ကျိုက်သလွန်သည် မြသာလျောင်းခေါ် နောင်တော်ကြီးမူလရုပ်ပွားတော်ကြီးဟုတ်မဟုတ် တိကျစွာ မဆုံးဖြတ်နိုင်သေးချေ။

**စိန်သာလျောင်း**

စိန်သာလျောင်းရုပ်ပွားတော်ကြီး သီတင်းသုံးရာနေရာသို့ ပဲခူးမြို့အထွက်၊ ပဲခူးသနပ်ပင်ကားလမ်း၏ လက်ယာဘက်လမ်းခွဲအတိုင်း သွားရောက်နိုင်သည်။ စိန်သာလျောင်းသည် ဓမ္မစေတီမင်းကြီးမတိုင်မီကပင် ရှိနေခဲ့သည့် ရုပ်ပွားတော်ကြီးဖြစ်ပြီး စိန်သာလျောင်းရုပ်ပွားတော်၏ မူလဘွဲ့တော်သည် ဗုဒ္ဓရူပဖြစ်သည်။ ဉာဏ်တော်မှာ အတောင် ၁၀၀ ရှိသည်။

ဟံသာဝတီပထမခေတ်တွင် မိဂါဒိပ္ပအမည်ဖြင့် ဘုရင်နှစ်ပါးရှိခဲ့ရာ မိဂါဒိပ္ပကြီးက ခရစ်နှစ် ၉၁၇ ခုနှစ်မှ ၉၃၂ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပြီး မိဂါဒိပ္ပငယ်က ခရစ်နှစ် ၉၉၄ ခုနှစ်မှ ၁၀၀၄ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည်။ စိန်သာလျောင်းရုပ်ပွားတော်ကြီးကို ဟံသာဝတီ ပထမခေတ် ၁၃ ဆက်မြောက်ဘုရင် မိဂါဒိပ္ပငယ်က တည်ထားခဲ့သည်။ မူလက ရှင်ပင်ပေါင်းလုဟု ဘွဲ့မည်တွင်ခဲ့ပြီး ကလျာဏီကျောက်စာတွင် ပါဠိဘာသာဖြင့် မဟာဗုဒ္ဓရူပဟု ရေးထိုးခဲ့သည်။

ဟံသာဝတီသမိုင်းတွင် ခေတ်သုံးခေတ်ရှိခဲ့ကာ သမလမင်းမှသည် တိဿရာဇာအထိ ပထမခေတ်၊ ဗညားဦးမှ သုရှင်တကာရွတ်ပိအထိ ဒုတိယခေတ်နှင့် တပင်ရွှေထီးမှ နန္ဒဘုရင်အထိ တတိယခေတ်ဟုဆိုနိုင်ပြီး ခရစ်နှစ် ၈၂၅ ခုနှစ်မှ ၁၅၉၉ ခုနှစ်အထိ နှစ်ပေါင်း ၇၇၄ နှစ် ရှည်ကြာခဲ့သည်။ ရှည်လျားသောသမိုင်းတစ်လျှောက် ထင်ရှားသော ရှေးဟောင်းအမွေအနှစ်များ များစွာကျန်ရှိခဲ့သည့် ပဲခူး၊ ဥဿာ၊ ဟံသာဝတီရှိ လျောင်းတော်မူရုပ်ပွားတော်ကြီးသုံးဆူသည် ငလျင်ဒဏ်၊ စစ်ဘေးစစ်ဒဏ်နှင့် မသမာသူများ၏ ဒဏ်များကို အကြိမ်ကြိမ်ခံခဲ့ရသည့်တိုင် ပဲခူးမြို့တွင် ယနေ့တိုင် ထင်ရှားစွာ တည်ရှိနေပေရာ ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကရုပ်ဝတ္ထုများအဖြစ်သာမက ရှေးဟောင်းအမွေအနှစ်များအဖြစ်ပါ ပြည်တွင်းပြည်ပခရီးသည်များ လာရောက်ဖူးမြော်လေ့လာလျက် ရှိနေပေသည်။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)**

**ပဲခူးမြို့တစ်ခွင်မှ သမိုင်းဝင်လေ့လာစရာများ(မောင်ယဉ်လှိုင်၊ပျဉ်းမမြိုင်)**

## မီးသဂြိုဟ်စက်သစ်အတွက် ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် ဇွန် ၂၇**
ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမိုးနီသုသာန်၌ ဒေသခံပြည်သူများ၏ နာရေးကိစ္စများဆောင်ရွက်ပေးရာတွင် အခက်အခဲမရှိ ဆောင်ရွက်ပေးနိုင်ရန်အတွက် မီးသဂြိုဟ်စက်အသစ်တစ်လုံးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့သူမြို့သားများနှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် တည်ဆောက်ခဲ့သော သန်လျင်အမိုးနီသုသာန်သည် နှစ်နှစ်တာကာလအတွင်း ပြည်သူများ၏ နာရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့ကာ ယခုအခါ များပြားလာသော မြို့၏ လူဦးရေအရ နာရေးကိစ္စဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန်အတွက် မီးသဂြိုဟ်စက်အသစ်တစ်လုံးနှင့် ခေါင်းတိုင်တစ်လုံးတို့ကို အသစ်ထပ်မံတည်ဆောက်နေခြင်းဖြစ်သည်။

မီးသဂြိုဟ်စက်သစ်အတွက် ကုန်ကျစရိတ်အဖြစ် ကျပ်သိန်း ၅၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်းနှင့် အလှူငွေများလည်း လိုအပ်လျက်ရှိကာ ပါဝင်လှူဒါန်းလိုသော ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များအနေဖြင့် အမိုးနီသုသာန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ (မြို့မိမြို့ဖ) ဦးတင်ဝင်း ဖုန်း-၀၉၄၂၁၀၃၀၉၅၅၊ အတွင်းရေးမှူး ဦးမောင်မောင်တိုး (ရာဇသောက်ရေသန့်) ဖုန်း- ၀၉၅၀၁၁၇၀၇ နှင့် ဘဏ္ဍာရေးမှူး ဦးဌေးဝင်း (နီလာမင်းရွှေဆိုင်) ဖုန်း- ၀၉၅၀၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



## မကွေးမြို့တွင်း လမ်းမကြီးကို နိုင်လွန်ကတ္တရာခင်းကျင်း

**မကွေး ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော မကွေးမြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန် ပြောင်းလဲမှုတစ်ခုအဖြစ် မြို့တွင်းလမ်းမကြီးဖြစ်သည့် ဗိုလ်ချုပ်လမ်းကို နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းနေပြီဖြစ်ကြောင်း သိရသည်။

မကွေးမြို့တွင်းလမ်းများမှာ နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှုအားနည်းခဲ့သည့်အတွက် လမ်းများမှာလည်း ကြံ့ခိုင်မှု အားနည်းခဲ့ရာ ယခု အစိုးရသစ်လက်ထက်တွင် မကွေးမြို့တွင်း ဗိုလ်ချုပ်လမ်းမကြီး အကျယ် ၄၈ ပေ၊ အရှည် ၁ မိုင် ၁ ဖာလုံကို နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းနေခြင်းဖြစ်သည်။

နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် လိုအပ်သော စက်/ ယာဉ်ယန္တရားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပံ့ပိုးပေးထားခြင်းဖြစ်ပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာနသို့ ခွဲဝေပေးထားသော တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်း ၇၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၁)က တာဝန်ယူခင်းကျင်းလျက်ရှိကြောင်း သိရသည်။



လမ်းအဆင့်မြှင့်တင်ခင်းကျင်းနေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများက လာရောက်ကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်လမ်းမကြီးအပြင် မကွေးမြို့တွင်းရှိ အခြားလမ်းများကိုလည်း နှစ်စဉ်ရန်ပုံငွေများ တင်ပြတောင်းခံပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ သိရသည်။ **သန်းနိုင်ဦး(ဇဖ)**

## ကျောင်းသားကျောင်းသူများ မိုးရာသီသွားလာမှုလွယ်ကူစေရန် ကွန်ကရစ်လမ်းခင်းရန်လိုအပ်နေ

**ရန်ကုန် ဇွန် ၂၇**
လှိုင်သာယာ ငွေပင်လယ်စက်မှုဇုန်အနီးရှိ အလယ်ကျေးရွာမှ ကျောင်းသား ကျောင်းသူလေးများအနေဖြင့် မိုးရာသီကာလအတွင်း နေ့စဉ် ရွာမှစာသင်ကျောင်းသို့ သွားလာရာ၌ ရေဝပ်နေသောကွင်းကို ဖြတ်သန်းသွားလာနေရပြီး ယခုအခါ သဲအိတ်ခင်းပြုပြင်ထားပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ သွားလာရေးလွယ်ကူလာသော်လည်း အချိန်မရွေးသွားလာနိုင်ရန် အဆိုပါလမ်းတွင် ကွန်ကရစ်ခင်းရန် လိုအပ်နေကြောင်း သိရသည်။

အဆိုပါ ကျောင်းသွားလမ်းကို ရပ်မိရပ်ဖများ၏ မတည်ငွေဖြင့် ဇွန် ၂၅ ရက်က သဲအိတ်များခင်းခဲ့သဖြင့် မူလတန်းကျောင်းသားများနှင့် ကျေးရွာနေပြည်သူများအတွက် ပို၍ အဆင်ပြေလာစေသော်လည်း အဆင့်မြင့် ကွန်ကရစ်လမ်း ခင်းနိုင်ပါမှ ရာသီမရွေးသွားလာမှု အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ကျေးရွာနေပြည်သူများက ပြောသည်။

“ဒီအမက(၁)ကျောင်းလေးက နာဂစ်ဖြစ်လို့ ရွာပြင်မှာ အသစ်ဆောက်ခဲ့တဲ့ ကျောင်းလေးပါ။ ကလေးတွေ ကျောင်းသွားရင် ဒီကွင်းကိုပတ်ပြီး ကားလမ်းတိုးဂိတ်ကနေ သွားနေရတယ်။ အခုလို မိုးရွာရင် ရေပြည့်နေတဲ့ကွင်းကို သဲအိတ်ခင်းလိုက်တဲ့အတွက် ကားလမ်းကပ်ပြီး သွားစရာမလိုတော့ဘဲ ကလေးတွေသွားလာမှု စိတ်ချရပါပြီ။ အဆင့်မြင့်ကျောက်လမ်းခင်းမယ်ဆိုရင်လည်း ပါဝင်ကူညီဖို့အဆင်သင့်ပါ”ဟု သဲအိတ်အလှူရှင်တစ်ဦးဖြစ်သည့် ရွာခံဦးသန်းမြင့်က ပြောသည်။

အဆိုပါအမှတ်(၁)မူလတန်းကျောင်းတွင် ကျောင်းသား ၃၂၀ ခန့် ပညာသင်ကြားလျက်ရှိကြောင်း၊ အလယ်ရွာ ကားလမ်းနံဘေးရှိ လယ်ကွက်များတွင် မြေကွက်များဝယ်ယူကာ အုတ်ခြံစည်းရိုးများ ခတ်ထားကြသည့်အတွက် လှိုင်မြစ်အတွင်းစီးဆင်းသည့် ကားလမ်းဘေးရေမြောင်းများပိတ်နေ၍ စာသင်ကျောင်းနှင့်ရွာအတွင်း ရေမြုပ်လေ့ရှိပြီး သွားလာရေးအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် ကျောင်းသားများ သွားလာရေးအဆင်ပြေစေရန် ရွာကျောင်းဆရာတော်က ကွင်းကိုပိုင်သည့်ပိုင်ရှင်အား အကူအညီတောင်းခံခဲ့ရာ ကွင်းကိုဖြတ်ရန် ခြောက်ပေခန့်ကျယ်သော လူသွားလမ်းကို ခွင့်ပြုပေးသဖြင့် သဲအိတ်ခင်းပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၆၄)

## မူးယစ်ဆေးဝါးတားဆီးကာကွယ်တိုက်ဖျက်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ကျင်းပ

**အင်းတော် ဇွန် ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သဲချောင်းကျေးရွာ၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်တိုက်ဖျက်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။



“ကျွန်တော်တို့ သဲချောင်းကျေးရွာဟာ မြို့နဲ့လည်း အလှမ်းဝေးပါတယ်။ ဒီလို မူးယစ်ဆေးဝါးသုံးစွဲမှုရဲ့ ဆိုးကျိုးဓာတ်ပုံတွေကို တစ်ခါမှမမြင်ဖူးကြဘူးဗျ။ အခုလို သက်ဆိုင်ရာက လာရောက်ပြသပေးတော့ ကျွန်တော်တို့ ရွာသူ၊ ရွာသားတွေအနေနဲ့ အသိပညာဗဟုသုတရရှိပြီး ဆင်ခြင်သင့်တာတွေကို ဆင်ခြင်နိုင်တာပေါ့။ လမ်းခရီး ခက်ခက်ခဲခဲနဲ့ အခုလို လာရောက်ပြသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”ဟု သဲချောင်းကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

ပြပွဲတွင် ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါး အန္တရာယ်များနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ဒေသခံပြည်သူများက စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်းနှင့် ပြပွဲများကို အခြားကျေးရွာများသို့လည်း ဆက်လက်သွားရောက်၍ ပြသသွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။ **ကျော်မြိုင်**

### သတင်းတိုများ

## မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု အသိပညာပေးဟောပြော

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲကို ဇွန်လစတုတ္ထပတ်က ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာညွန့်စိုးက အမှာစကားပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဝင်းနိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၇) ပြည်မှ ဒုတိယရဲမှူး ရွှေသာထွန်းက မူးယစ်ဆေးဝါးအကြောင်းအရာနှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ် ကျော်နိုင်ဦးက လူကုန်ကူး၊ လူမှောင်ခိုဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းခွဲအသင်းအတွင်းရေးမှူး ဦးရဲထွဋ်က မူးယစ်ဆေးဝါးနှင့် ဆေးလိပ်သောက်သုံးခြင်း၊ ဆေးရွက်ကြီးထွက်ကုန်ပစ္စည်း စားသုံးခြင်း အန္တရာယ်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။
**မောင်ရွှေဝင်း ( ပြည် )**

## မြို့တွင်းအမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ရက် ၁၀၀စီမံချက်အရ မြို့တွင်းအမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့ပေါ်ရပ်ကွက် လေးခုတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇွန် ၂၅ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသီဟမောင်မောင်နှင့် ဝန်ထမ်းများက ရပ်ကွက်များအတွင်းလှည့်လည်ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကာ ဆက်လက်၍လည်း သန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ်တိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ယဉ်ကျေးလိမ္မာဆန်းစစ်စာမေးပွဲကျင်းပနိုင်ရေးညှိနှိုင်းစည်းဝေး

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့မှ ဓမ္မစကူးလ်သင်တန်းခွဲများ၏ တတိယအကြိမ် ယဉ်ကျေးလိမ္မာ ဆန်းစစ်စာမေးပွဲကျင်းပနိုင်ရေးနှင့် အကျိုးဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို လှိုင်းဘွဲ့မြို့အထကကျောင်းခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့ပြီး လှိုင်းဘွဲ့မြို့မကျောင်း ဆရာတော်က သြဝါဒစကားချီးမြှင့်ကာ ဆန်းစစ်စာမေးပွဲကျင်းပနိုင်ရေးအတွက် နေ့ရက်၊ အချိန်များကို ဆွေးနွေးရွေးချယ်ခဲ့ကြပြီး အကျိုးဆောင်အဖွဲ့များ အသစ်ပြန်လည်ဖွဲ့စည်းရန်အတွက်လည်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စိုက်ပျိုးရေးပညာပေးသင်တန်းဖွင့်လှစ်ပြီး မျိုးစပါးနှင့် ဓာတ်မြေဩဇာများပေးအပ်

**တောင်ပြိုလက်ဝဲ ဇွန် ၂၇**
စိုက်ပျိုးရေးပညာပေးသင်တန်းနှင့် ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသာကျော်က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းဌေးက မြေအသုံးချမှုအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူးက ဒေသခံတောင်သူများအား မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ဗီယက်နမ်စပ်မျိုးစပါး၏ အထွက်နှုန်းနှင့် စိုက်ပျိုးရန်နည်းလမ်းများ၊ ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ဆောင်ရမည့်နည်းလမ်းများ၊ မျိုးစေ့သိုလှောင်ရာတွင် ဆောင်ရွက်ရမည့်အချက်အလက်များ၊ ရောဂါပိုးမွှားကာကွယ်ရေးနှင့် မြေဩဇာသုံးစွဲရန်နည်းလမ်းများ စသည့်ကိစ္စရပ်များကိုဆွေးနွေး ပို့ချခဲ့သည်။ ထို့နောက် ဟောပြောပွဲတက်ရောက်သည့် ဒေသခံတောင်သူများအား နေ့တွက်စရိတ်များ၊ မျိုးစပါးနှင့် ဓာတ်မြေဩဇာများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ **ကျော်ဆန်းဝင်း(ပြန်/ဆက်)**

# ကျေးရွာရေလှောင်ကန်များ မိုးရာသီအမီ တူးဖော်ပေးနေ

**မြင်းခြံ ဇွန် ၂၇**
အညာဒေသ မိုးနည်းရပ်ဝန်းတွင်ပါဝင်သည့် မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့နယ် ငါန်းဇွန်မြို့နယ်နှင့် ညောင်ဦး/ငါ့သရောက်မြို့နယ်ခွဲများမှ ကျေးရွာများတွင် ရေလှောင်ကန်များကို ဆည်မြောင်းဝန်ကြီးဌာန မြင်းခြံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်အရ တူးဖော်ပေးနေပြီး မိုးရာသီအမီ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်တွင် တုတ်ကန်၊ ငါးဇွန်မြို့နယ်တွင် စီထိန်းကန်နှင့် ညောင်ချင်းကန်၊ ညောင်ဦး/ငါ့သရောက်မြို့နယ်ခွဲတွင် အင်းတိုက်ကန်၊ ကန်ငယ်ကြီးကန်နှင့် ပြေားဆည်တို့ကို တူးဖော်ပေးနေခြင်းဖြစ်ပြီး မိုးရာသီအမီ အမြန်ဆုံးပြီးစီးရန် စက်ယန္တရားကြီးများဖြင့် တူးဖော်လျက်ရှိသည်။

ငါန်းဇွန်းမြို့နယ် တမာပင်ကျေးရွာအုပ်စုတွင် ပါဝင်သည့် ညောင်ချင်းကျေးရွာအနီးရှိ ညောင်ချင်းကန်သည် မူလက ကန်အလျားမှာ ပေ ၉၀၊ အနံပေ ၆၀ သာရှိပြီး ရေဂါလန်မှာ ၀ ဒသမ ၂၄ သန်းသာဆံ့ရာ ညောင်ချင်းကန် ရေပိုမိုသိုလှောင်ရေးအတွက် အလျားပေ ၁၁၀၊ အနံပေ ၁၂၀ အထိ တိုးချဲ့၍ တူးဖော်နေပြီး ပြီးစီးပါက အလျားပေ ၂၀၀၊ အနံပေ ၁၈၀၊ အမြင့် ၁၅ ပေ ရှိလာမည်ဖြစ်ကာ သောက်သုံးရေသိုလှောင်နိုင်သည့် ပမာဏမှာလည်း ၁ ဒသမ ၉ သန်း ရှိလာမည်ဖြစ်၍ ကျေးရွာမှ အိမ်ထောင်စု ၁၅၀ အတွက် သောက်သုံးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။



ထို့အတူ ငါန်းဇွန်မြို့နယ် တမာပင်ကြီးကျေးရွာအုပ်စုရှိ စီထိန်းကျေးရွာမှာ အိမ်ထောင်စု ၁၄၀ ကျော်၊ လူဦးရေ ၈၀၀ ကျော်နေထိုင်ကြသော်လည်း သောက်ရေကန်မရှိ၍ နွေရာသီတွင် ရေအခက်အခဲများဖြင့် ရင်ဆိုင်နေကြရသဖြင့် စီထိန်းရွာ သောက်သုံးရေရရှိရေးအတွက် စီထိန်းကန်သစ်ကို ကန်ပေါင်အလျားပေ ၁၉၀၊ ကန်ပေါင်အနံ ပေ ၁၆၀၊ ကန်ပေါင်အမြင့် ၁၀ ပေအထိ စက်ယန္တရားကြီးများဖြင့် တူးဖော်လျက်ရှိကာ ပြီးစီးပါက ရေဂါလန် ၁ ဒသမ ၅၂ သန်းအထိ သိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ်အတွင်းမှ အဆိုပါ ညောင်ချင်းကန်နှင့် စီထိန်းကန်များ တူးဖော်နေသည့် လုပ်ငန်းများကို ရက် ၁၀၀ အတွင်း ပြီးစီးရန်အတွက် မြင်းခြံခရိုင် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်နှင့် တာဝန်ရှိသူများက ဇွန် ၂၄ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# လူထုစက်ဘီးစီးနင်းပွဲ၏ ပထမလစက်ဘီးစီးပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂၇**
ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် လစဉ်လူထုစက်ဘီးစီးနင်းပွဲ၏ ပထမလစက်ဘီးစီးပွဲကို ဇွန် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

လူထုစက်ဘီးစီးနင်းပွဲတွင် စက်ဘီးဝါသနာရှင် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များသာမက မသန်စွမ်းသူများပါ ပါဝင်ခဲ့ပြီး စုစုပေါင်းစက်ဘီးအစီးရေ ၄၅၀ ကျော်ဖြင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှေ့မှ စတင်တာထွက်ကြကာ သုမင်္ဂလာလမ်း၊ ပါရမီလမ်း၊ ပြည်ထောင်စုလမ်း၊ လေးဒေါင့်ကန်လမ်း၊ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းအတိုင်း စုစုပေါင်းခရီး ၁၂ မိုင်ခန့်ကို စီးနင်းကြပြီး စတင်ထွက်ခွာသော ပဒေသာအားကစားကွင်းသို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။ လူထုစက်ဘီးစီးနင်းပွဲကို လစဉ်လတိုင်း နောက်ဆုံးပတ် တနင်္ဂနွေနေ့များတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကာ လစဉ်လူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် စီးနင်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# ကျိုင်းတုံမြို့၌ လူကုန်ကူးမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**ကျိုင်းတုံ ဇွန် ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ လူကုန်ကူးမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ကျိုင်းတုံမြို့အမှတ်(၁)ရပ်ကွက် RCM ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပခဲ့သည့် အဆိုပါဟောပြောပွဲတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်စု(၁၈) ကျိုင်းတုံမြို့မှ ရဲအုပ်အောင်ကျော်ဇင်က မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများအကြောင်း၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်ဒဏ်များ၊ အမျိုးသမီးများအကြမ်းဖက်ခံရမှု ကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့ကာ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ကျောင်းသားကျောင်းသူများအား ဖြန့်ဝေပေးခဲ့သည်။

**ခိုင်ဇာ(ယောမြေ)**

# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မူဆယ် ဇွန် ၂၇**
ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းထိုက်က ဖတ်ကြားခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံး၊ ပန်းချီ၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**



ရက် ၁၀၀ စီမံချက်အနေဖြင့် ပြည်ခရိုင်အတွင်း မိုးစပါး ဧက ၂၀၀ ကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဖြစ်ရာ ပြည်မြို့နယ် တောင်သူ ဦးထိုင်ထိုင်၏ မိုးစပါး နှစ်ဧက ပြည်မြို့နယ် အမှတ် (၃၀) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် တောင်သူပညာပေးလုပ်ငန်း ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်က တောင်သူများ၊ ဌာနဆိုင်ရာများနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ တာဝန်ရှိသူများအား ဇွန် ၂၆ ရက်က ရှင်းလင်းပြောကြားနေစဉ် (ခရိုင် ပြန်/ဆက်)

## သတင်းတိုများ

### ကျေးရွာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကူရှည်ကျေးရွာအုပ်စု မြောက်တော-အလယ်စုကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။ ကျောင်းအဆိုပါ ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းအောင်နှင့် ဒေါ်သက်မွန်ထွေး၊ ပခုက္ကူခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။ ထို့နောက် ဩစတြေးလျနိုင်ငံ ဒါဝန်မြို့မှ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဆရာတော် ဦးသောဘဏက ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၇၀ နှင့် စာရေးကိရိယာ ၁၂ ဒါဇင်ကို ပေးအပ်လှူဒါန်းခဲ့သည်။ မြောက်တော-အလယ်စုကျေးရွာအလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းအဆင့် ကျောင်းသား ၂၂၃ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ၁၃၆ ဦး စုစုပေါင်း ၃၅၉ ဦး ရှိကြောင်း သိရသည်။
**စိုးလင်းနိုင်(iprd)**

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးက အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်က ဖတ်ကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော ဗဟိုအဆင့်၊တိုင်းအဆင့်နှင့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **သန့်ဇင်(ပဲခူး)**

### အမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မြသန်းတန်စေတီပတ်ဝန်းကျင်၌ အမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးချမ်းက သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းသိန်းက စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျွန်းပင် ၂၅၀၊ မန်ကျည်းပင် ၁၀၀၊ မဟော်ဂနီပင် ၁၅၀ နှင့် ယူကလစ်ပင် ၁၅၀၊ စုစုပေါင်း ပျိုးပင် ၆၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ဝင်းကျော်မြင့်**

### သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

ထားဝယ်မြို့နယ် ရွှေဝယ်ဈေးသမဝါယမဈေးလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ထားဝယ်မြို့ စည်ပင်သာယာဈေးအုပ်ချုပ်ရေးရုံး၌ ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့ပြီး အသင်းအလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းကို အသင်းတာဝန်ရှိသူများက ဖတ်ကြားကာ အသင်းသားများက ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**



# မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပ

**သထုံ ဇွန် ၂၇**
ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မွန်ပြည်နယ် သထုံမြို့နယ် ဓနုကျေးရွာအုပ်စု ဓနု-ညာခဝယ် အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ဓနု-ညာခဝယ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် သထုံမြို့နယ် သစ်တောဦးစီးဌာနက ပျိုးထောင်ထားသော အရိပ်ရသစ်ပင် ပျိုးပင်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*ယမန်နေ့မှအဆက်*

(ဍ) မျိုးဆက်သစ်လူငယ်များကို သက်ကြီးရွယ်အို ဘဝအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသော အစီအမံများကို မိတ်ဆက်ပေးခြင်း၊ သင့်လျော်သော လူမှုဖူလုံရေးအစီအစဉ်များကို စတင်ဆောင်ရွက်ခြင်းနှင့် ၎င်းအစီအစဉ်များတွင် လူငယ်များပါဝင်လာရေးအတွက် တိုက်တွန်းအားပေးမှုပြုလုပ်ခြင်း၊

(ဎ) မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလိုပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့၏ ရုံးလုပ်ငန်းတာဝန်များကိုဆောင်ရွက်ပေးရမည်။

၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ နိုင်ငံ့ဝန်ထမ်းမဟုတ်သောအဖွဲ့ဝင်များသည် ဝန်ကြီးဌာနကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေအရအသုံး ငွေစာရင်းမှ ကျခံရမည်။

### အခန်း (၄)
### ဒေသဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာစီမံကိန်းကို မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုစီမံကိန်းကို စောင့်ကြည့်ကွပ်ကဲနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဆင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် ၁၅ ဦးထက်မပိုသော သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ သင့်လျော်သည့် ၉ ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီများကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ဒေသဆိုင်ရာကော်မတီများသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် -

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းနှင့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဒေသ၏ ဓလေ့ထုံးတမ်း၊ လူမှုအဖွဲ့အစည်း ကျင့်စဉ်များနှင့် လိုက်လျောညီထွေရှိစေမည့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး အစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

(ခ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ လူမှုဝန်ထမ်း ဦးစီးဌာနရုံးများက ဆောင်ရွက်ပေးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဒေသဆိုင်ရာကော်မတီများ၏ အဖွဲ့ဝင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၄။ ဒေသဆိုင်ရာကော်မတီများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံး ငွေစာရင်းမှ ကျခံရမည်။

### အခန်း(၅)
### သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ

၁၅။ သက်ကြီးရွယ်အိုတိုင်းသည် ဤဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရှိစေရမည်။

၁၆။ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများတွင် အောက်ပါတို့ပါဝင်သည် -

(က) အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုခံယူရေးတို့တွင်သင့်လျော်သော အထောက်အပံ့ရရှိခွင့်၊

(ခ) ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ဆောက်တည်ခွင့်၊

(ဂ) တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်၊ မိမိဘဝအတွက် ဆုံးဖြတ်ချက်များချမှတ်ရန် ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်နှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခွင့်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လူမှုအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်မှုများအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊

(င) သက်ကြီးရွယ်အိုဘဝ၌ သင့်တင့်သော ဝင်ငွေပုံမှန်ရရှိရေးနှင့် နေထိုင်မှုအဆင့်အတန်းရှိရေးတို့အတွက် အထောက်အပံ့ရယူခွင့်၊

(စ) တည်ဆဲဥပဒေများ၊ ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်၊

(ဆ) စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီးနှင့် မြေးများထံမှ စရိတ်ထောက်ပံ့မှု ရပိုင်ခွင့်၊

(ဇ) နိုင်ငံတော်နှင့်စေတနာရှင်များက ကူညီထောက်ပံ့သော သက်ကြီးရွယ်အိုထောက်ပံ့ငွေကို ရခွင့်၊

(ဈ) နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာသွားလာနိုင်ခွင့်နှင့် သင့်လျော်သော ယာဉ်စီးခလျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်၊

(ည) ၎င်းတို့၏ရပ်ရွာအတွင်း၌ ဂုဏ်သိက္ခာရှိစွာဖြင့် မိသားစု စောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုဆိုင်ရာ အထောက်အကူများ ရပိုင်ခွင့်၊

(ဋ) ခွဲခြားဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်းနှင့် အမြတ်ထုတ်ခြင်း စသည့်အချက်များမှ အကာအကွယ်ပေးမှုရရှိခွင့်၊

(ဌ) နာရေးကိစ္စ ဖြစ်ပေါ်သည့်အခါ မိမိတို့ကိုးကွယ်ရာဘာသာ ဓလေ့ထုံးစံအရ သင်္ဂြိုဟ်ခွင့်နှင့် သင်္ဂြိုဟ်စရိတ် ကျခံရန်အခက်အခဲရှိသူ ဘိုးဘွားများအတွက် စရိတ်ကင်းလွတ်ခွင့်၊

(ဍ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ခွင့်ပြုသော သက်ကြီးရွယ်အိုဆိုင်ရာ အခြားအခွင့်အရေးများ ရရှိခွင့်၊

(ဎ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများပါ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးများ ရရှိခံစားခွင့်။

### အခန်း(၆)
### မိဘ ဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီး မြေးတို့၏ တာဝန်များ

၁၇။ အရွယ်ရောက်သော မိသားစုဝင် သားသမီးနှင့်မြေးများသည် မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သောငွေကြေးနှင့်ပစ္စည်းများရှိလျှင် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိလျှင် -

(က) မိဘဘိုးဘွားများအား ၎င်းတို့၏ လိုအပ်သော စားဝတ်နေရေးနှင့် မိသားစုစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် သားသမီးနှင့် မြေးများ၏ဝတ္တရားနှင့်အညီ စရိတ်ထောက်ပံ့ရန်နှင့် ပုံမှန်ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ခ) မိဘ ဘိုးဘွားများအား စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်း မရှိသည့် စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘ ဘိုးဘွားများအားသတ်မှတ်ချက်များနှင့်အညီ လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်။

၁၈။ သားသမီးနှင့် မြေးတို့က စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားကဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုး မိတ်ဆွေကဖြစ်စေ၊ ၎င်းတို့၏ကိုယ်စား ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်ကဖြစ်စေ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိသည့် အရွယ်ရောက်သော သားသမီး သို့မဟုတ် မြေးများက လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် ယင်းတို့အပေါ် သက်ဆိုင်ရာတရားရုံးတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ လျှောက်ထားမှုတွင် လျှောက်ထားခံရသူ သားသမီး သို့မဟုတ် မြေးသည် မိဘဘိုးဘွားကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိသော လျှောက်ထားခံရသူ မိမိအပြင် အခြား သားသမီးများ၊ မြေးများရှိပါက ယင်းတို့ကို ပူးတွဲလျှောက်ထားခံရသူအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တောင်းဆိုခွင့်ရှိသည်။

၂၀။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၁၉ အရ စရိတ် ထောက်ပံ့ရန် လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားခံရသူက လုံလောက်သောအကြောင်းမရှိဘဲ စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား လစဉ် သို့မဟုတ် တစ်လုံးတည်းစရိတ်ထောက်ပံ့ရန် ပျက်ကွက်ကြောင်း သက်သေခံအထောက်အထား အထင်အရှားတွေ့ရှိပါက လျှောက်ထားခံရသူကို မိဘ ဘိုးဘွားတစ်ဦးလျှင် လစဉ် ကျပ် ၅၀၀၀၀ ထက်မပိုသော စရိတ်သို့မဟုတ် တစ်လုံးတည်းစရိတ်ကို ပေးစေရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ ချမှတ်သည့်စရိတ်ကို ပေးဆောင်ရန် ပျက်ကွက်ပါက ရာဇဝတ် ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင် ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ငွေဒဏ်အရ ကောက်ခံခြင်းတို့ စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့် ချမှတ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ လျှောက်ထားခံရသူက ၎င်း၏ ဝင်ငွေလျော့နည်းလာကြောင်း သို့မဟုတ် ဝင်ငွေမရှိကြောင်းခိုင်လုံသော အထောက်အထားများဖြင့်တင်ပြပြီး စရိတ်လျှော့ပေါ့ခွင့်ပြုရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာပါက သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်၍ ချမှတ်နိုင်သည်။

၂၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သားသမီးနှင့်မြေးတို့က စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများမရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်းမရှိသည့်ကိစ္စတွင် လည်းကောင်း၊ စရိတ်ထောက်ပံ့မည့် သားသမီးနှင့်မြေးများ မရှိသည့်ကိစ္စတွင် လည်းကောင်း ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ အကူအညီပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

### အခန်း(၇)
### သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျ တာဝန်ဝတ္တရားများ

၂၂။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည် -

(က) ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများကို အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုပေးရေးအတွက် ယေဘုယျအားဖြင့် တာဝန်ဝတ္တရားများရှိကြသည်။

(ခ) သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတက်ကြွရေးအတွက် ဝိုင်းဝန်းအားပေးပြီး ကြည့်ရှုစောင့်ရှောက်မှုပေးရမည်။

(ဂ) စရိတ်ထောက်ပံ့မှုလိုအပ်သော သက်ကြီးရွယ်အိုများအား မိမိတို့ တတ်စွမ်းနိုင်သမျှ စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ ပြုရမည်။

(ဃ) သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လူမှုရေးလှုပ်ရှားမှုအသွင်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(င) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအားကာကွယ်ရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရေးအတွက် လူမှုရေးအသိစိတ်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(စ) သက်ကြီးရွယ်အိုဆုံးပါးသွားသောအခါ၌ ၎င်း၏ရျာပနအား စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်သည့် ဖြစ်စဉ်မှတစ်ဆင့် သက်ကြီးရွယ်အိုများ၏ အမြင်များကို သိရှိအောင်ဆောင်ရွက်ပြီး သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် လေးစားခြင်းတည်းဟူသော လူမှုတန်ဖိုးထားမှုများကို ကျောင်းများအပါအဝင် အများပြည်သူအား အသိပညာပေးမှုမြှင့်တင် ဆောင်ရွက်ရမည်။

(ဇ) သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်းဝန်ဆောင်မှုများကို အားပေးကူညီရမည်။

(ဈ) အိမ်နီးချင်း အပြန်အလှန်ကူညီသော ရိုးရာအစဉ်အလာစေတနာ့ဝန်ထမ်းစိတ်ဓာတ်အားမြှင့်တင်ရန်နှင့် အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရန်အတွက် သက်ကြီးရွယ်အိုများ၏ အိမ်နီးချင်းများကို အားပေးတိုက်တွန်းရမည်။

၂၃။ သက်ကြီးရွယ်အိုများဆိုင်ရာနိုင်ငံတော်၏အခန်းကဏ္ဍမှာအောက်ပါအတိုင်းဖြစ်သည် -

(က) သက်ကြီးရွယ်အိုအားလုံး၏ အခွင့်အရေးများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးခြင်း၊

(ခ) မိသားစုမရှိ၍ ကြည့်ရှုစောင့်ရှောက်မှုပေးရန် လိုအပ်သည့် သက်ကြီးရွယ်အိုများအား ကိုယ်စိတ်နှစ်ပါး ကောင်းကျိုးချမ်းသာခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း။

(ဂ) သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် သင့်တင့်လျောက်ပတ်သော နှစ်စဉ်ရန်ပုံငွေ ခွဲဝေချထားပေးခြင်း၊

(ဃ) ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအား ရန်ပုံငွေမှ သင့်လျော်သော စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း၊

(င) လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများ အလေးစားခံရရေးနှင့် လုံခြုံသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးတို့အတွက် အခြေအနေများဖန်တီးပေးခြင်းနှင့် တွန်းအားပေးခြင်း၊

(စ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ချိုးဖောက်သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

### အခန်း(၈)
### ဝင်ငွေ ပုံမှန်ရရှိရေး

၂၄။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်ချင်စိတ်ရှိသော သက်ကြီးရွယ်အိုများအား သင့်လျော်သော အလုပ်အကိုင် ရှာဖွေပေးနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အချိန်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း၊ စွမ်းဆောင်နိုင်စွမ်းရှိသော အလုပ်အကိုင်များကိုလည်းကောင်း သက်ကြီးရွယ်အိုများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရန် ချေးငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုပေးနိုင်မည့် သင်တန်းများပေးရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများပေးသည့် အလုပ်ရှင်များကို သင့်လျော်သော အခွန်အခများ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်ပေးရမည်။

၂၅။ နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအတွက် အသက်အရွယ်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုခံစားခွင့်ရရှိနိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

### အခန်း(၉)
### သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှု

၂၆။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ သက်ရှည်ကျန်းမာ၍ သင့်လျော်သောနေရာတွင် နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုများအား လက်လှမ်းမီသမျှ ဖြည့်ဆည်းနိုင်ရေး ချိတ်ဆက်ပေးရမည်။

*ဆက်လက်ဖော်ပြပါမည်*

# KBZ BANK

## (၃၉၆) ဘဏ်ခြောက်

### မန္တလေးဘဏ်ခွဲ(၃၈)၊ မန်းမန္တလာ ဘဏ်ခွဲ

အမှတ်(ဘီ-၂)၊ (၃၅)လမ်း၊ (၇၀×၇၁)လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၆၉၂၃၅၊ ၆၉၂၃၆၊ ဖက်စ်(၀၂)၆၉၂၃၈၊ ၆၉၂၃၉

## (၃၉၇) ဘဏ်ခြောက်

### ဓနုဖြူမြို့ ဘဏ်ခွဲ

အမှတ်(၂၉)၊ ဘုရားလမ်းနှင့်ခေမာလမ်းထောင့်၊ (၅)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း(၀၄၆)၂၅၃၈၇၊ ၂၅၃၅၇၊ ဖက်စ်(၀၄၆)၂၅၁၉၀၊ ၂၅၂၀၁

## (၃၉၈) ဘဏ်ခြောက်

### သီလဝါ ဘဏ်ခွဲ – သန်လျင်

အမှတ်(၁၀၆)၊ Admin Building၊ သီလဝါစက်မှုဇုန်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၂၃၀၉၀၈၆၊ ၂၃၀၉၀၈၇၊ ဖက်စ်(၀၁)၂၃၀၉၀၉၁၊ ၂၃၀၉၀၉၂

## (၃၉၉) ဘဏ်ခြောက်

### အေးသာယာ ဘဏ်ခွဲ(၂)

အမှတ်(၄)၊ အေးသာယာစက်မှုဇုန်လမ်းမကြီး၊ (၄)ရပ်ကွက်၊ အေးသာယာမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
ဖုန်း(၀၈၁)၂၀၈၅၉၂၊ ၂၀၈၅၉၃၊ ဖက်စ်(၀၈၁)၂၀၈၅၉၆၊ ၂၀၈၅၉၇

## (၄၀၀) ပြည့် ဘဏ်ခွဲ

### ရန်ကုန် – အနောက်ရွှေဂုံတိုင်လမ်း ဘဏ်ခွဲ

အမှတ်(၁၃၃-ဘီ)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၅၆၄၂၉၊ ၅၅၆၄၅၂၊ ဖက်စ်(၀၁)၅၅၆၄၃၂၊ ၅၅၆၄၃၅

**တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com


ငွေဖြည့်အပိုဆု
၁၀၀%
အထိ ယူလိုက်ပါ
ငွေဖြည့်ပမာဏ
အပိုဆုပမာဏ
၁,၀၀၀ ကျပ် ၂၀၀ ကျပ်
၃,၀၀၀ ကျပ် ၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ် ၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ် ၁၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ် ၂၀,၀၀၀ ကျပ်
၃၀,၀၀၀ ကျပ် ၃၀,၀၀၀ ကျပ်
MPT ရှေ့သို့လှမ်းချီ မြန်မာပြည်
ဇွန်လ(၂၈)ရက် မှ
ဇူလိုင်လ(၂)ရက်နေ့ အထိ
အပိုဆုကြေးအား ဖုန်းငွေဖြည့်သည့်နေ့မှစ၍
၁၀ရက်အတွင်း အသုံးပြုနိုင်ပါသည်။
အပိုဆုကြေးအား
MPT မိုဘိုင်း အချင်းချင်း ဖုန်းခေါ်ဆိုခြင်း နှင့်
စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းတို့တွင်
သုံးစွဲနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှ စ၍ လက်ရှိနှုန်းထားများတွင်
အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


MAB Banking
For All Individual & Corporate Users
To make your BANKING Better
www.mabbank.com
95 (1) 398811~19,95 (1) 9010677
infoibanking@mabbank.com
မြန်မာ့ရှေ့ဆောင်ဘဏ်


UPG
ORIENT
Professional
Emulsion Paint
အရည်အသွေးကောင်းမွန်သော ORIENT Professional ကို ကွန်ကရစ်၊
ပလတ်စတာနှင့် အင်္ဂတေမျက်နှာပြင်များပေါ်တွင် အလှဆင်ရန်အတွက်အသုံးပြုနိုင်သည်။
4 YEARS
4 YEARS PERFORMANCE
EXTERIOR/ INTERIOR
WEATHER RESISTANCE
ALGAE RESISTANCE
384 designing colors
Through Tinting System
♦ ဆေးသားလိပ်ကွာထွက်ခြင်းနှင့် အမှုန့်ဖွာထွက်ခြင်းမရှိပါ။
♦ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည်။
♦ မှိုနှင့် ရေညှိတက်ခြင်းကိုခံနိုင်ရည်ရှိသည်။
♦ လေးနှစ်အာမခံဖြစ်သည်။
♦ ခဲနှင့် ပြဒါးပါဝင်မှုမရှိပါ။
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအဆောက်အအုံ (၁၀၀'×၄၀'×၁၂') RC တစ်ထပ်(၁လုံး)
(ခ) ဝန်ထမ်းအိမ်ရာ(၇၂'×၃၅'×၁၀')RC သုံးထပ်၊ လေးခန်းတွဲ(၂လုံး)
(ဂ) လူပျိုဆောင်(၂၆'×၆၀'×၁၀')RC တစ်ထပ်(၁လုံး)
(ဃ) ဖြန့်ချိရေးရုံး(၁၈'×၁၀'×၁၀') အုတ်ညှပ်အဆောက်အအုံ(၁လုံး)
(င) ၁၅၀၀' အရှည်၊ ၁၈' အကျယ်၊ ၁၀" ထု ကွန်ကရစ်လမ်းခင်းခြင်း
(စ) မီးကြိုးသွယ်တန်းခြင်း၊ လမ်းမီးဓာတ်တိုင်ပြုလုပ်ခြင်း ၁ဒသမ ၇ မိုင် ABC Cable (400 Vline)
(ဆ) အုတ်ခြံစည်းရိုးသွယ်တန်းခြင်း ၄၈၀ ပေ (Foundation ၃'×အမြင့် ၆') ကွန်ကရစ်တိုင်၊ဝင်ပေါက်၊ ဆိုင်းဘုတ်၊ ဂိတ်တံခါး (သံပန်း)ပြုလုပ်ခြင်း (၄.၅"ထုအုတ်ရိုးနှင့် RC Frame ဖြင့် )

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာဝယ်ယူရက်** - ၂၈-၆-၂၀၁၆ ရက်မှ ၂၇-၇-၂၀၁၆ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ကိုယ်ပွားသတင်းစာတိုက်၊ နန္ဒဝန် ရပ်ကွက်၊ မုံရွာမြို့
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရက်** - ၂၈-၇-၂၀၁၆ ရက် ၁၆း၀၀ နာရီ
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရန်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၆၅၃၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စမ်းသပ်စက်ရုံစု(မှော်ဘီ) အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(တင်သွင်းသည့်ဈေးနှုန်းတွင် ရောင်းချသူမှ ရောင်းချရငွေအတွက် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့်ကုန်သွယ်လုပ်ငန်းခွန် ၅% အား ထည့်သွင်းတွက်ချက်ပြီးသား အဆိုပြုဈေးနှုန်းဖြစ်ရမည်။)

(က) **စက္ကူကုန်ကြမ်း(ဝကြီး)** **၆၈၈၅၀ပိဿာ**
**အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၂၇-၆-၂၀၁၆ရက်မှ ၈-၇-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု(မှော်ဘီ) ဖုန်း-၀၁-၉၄၃၇၀၄၂၊ ၀၁-၉၄၃၇၀၄၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ ပဲခူးမြို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** — **လုပ်ငန်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝင်းအတွင်း — ဝန်ထမ်းနေအိမ် ၄ခန်းတွဲ (၂)ထပ် ၉၆'×၃၄'×၂၃' (RC)

၃။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် — ၂၉-၇-၂၀၁၆ရက် (သောကြာနေ့)
၄။ တင်ဒါစိစစ်ရွေးချယ်မည့်ရက် — ၃-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
၅။ တင်ဒါစိစစ်ရွေးချယ်မည့်အချိန် — နံနက် ၁၀း၀၀နာရီ
၆။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ — ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး အောင်မြေသာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ တင်ဒါနှင့် ပတ်သက်သည့် လိုအပ်သောစည်းကမ်းချက်များ၊ အသေးစိတ်အချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၀-၆-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ညွှန်ကြားရေးမှူးရုံး**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊**
**ဖုန်း-၀၅၂-၂၂၀၁၀၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အငယ်တန်းစာရေးနှင့်ရုံးအကူ/စာပို့ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူများစာရင်း ထုတ်ပြန်မည့်အကြောင်း အသိပေးကြေညာခြင်း

**(၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၈ရက်)**
**၂၀၁၆ခုနှစ် ဇွန် ၂၈ရက်**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ်(၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရရှိသော အငယ်တန်းစာရေးရာထူးနှင့် လစာနှုန်းကျပ်(၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) ရရှိသော ရုံးအကူ/စာပို့ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား ၂၉-၄-၂၀၁၆ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ရေးဖြေအောင်မြင်သူ (၉၀၄)ဦး၏ အမည်စာရင်းများအား နေပြည်တော်(ရုံးချုပ်)/ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ၂၉-၆-၂၀၁၆ ရက်မှစ၍ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများအား ၁၂-၇-၂၀၁၆ရက်တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ရာမိမိဖြေဆိုခဲ့သည့် သက်ဆိုင်ရာ နေပြည်တော်(ရုံးချုပ်)/ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်အခွန် ဦးစီးဌာနမှူးရုံးသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၁-၇-၂၀၁၆ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်ဘွဲ့ရလက်မှတ်(မူရင်း/မိတ္တူ)
(ဂ) ဒေသန္တရ ကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်းဆေးထောက်ခံချက်(မူရင်း)

၂။ လူတွေ့စစ်ဆေးခြင်းနှင့်ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-
(က) အမျိုးသားများ လည်ကတုံးအင်္ကျီအဖြူနှင့်ပုဆိုး
(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် ဝတ်ဆင်လာရမည်

၃။ ရေးဖြေအောင်မြင်သူများစာရင်းအားနေပြည်တော်(ရုံးချုပ်)/ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ကြေညာပေးသွားမည်ဖြစ်သည့်အပြင် ရွေးချယ်ခံရသူများအား လိပ်စာပါအတိုင်း **"စာ"** ဖြင့် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ **ပြည်တွင်းအခွန်များဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါစက်ရုံများအတွက် ဆောက်လုပ်ရေး၊ စက်ပစ္စည်းများနှင့် အခြားလုပ်ငန်းများအား (CIF, YGN) နိုင်ငံခြားငွေ (US$)(သို့မဟုတ်)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တည်နေရာ/အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **ဆောက်လုပ်ရေး** | **(၁၈) မျိုး** |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | (၇) မျိုး |
| | (၂) မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ) | (၅) မျိုး |
| | (၃) ဆေးဝါးစက်ရုံ(အင်ရောင်း) | (၅) မျိုး |
| | (၄) သုတေသနဌာန(ရန်ကုန်) | (၁) မျိုး |
| (ခ) | **စက်ပစ္စည်း** | **(၅၁) မျိုး** |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | (၁၄) မျိုး |
| | (၂) ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | (၁၂) မျိုး |
| | (၃) ဆေးဝါးစက်ရုံ(အင်ရောင်း) | (၁၂) မျိုး |
| | (၄) သုတေသနဌာန(ရန်ကုန်) | (၁၃) မျိုး |
| (ဂ) | **အခြားလုပ်ငန်းများ** | **(၃) မျိုး** |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | (၂) မျိုး |
| | (၂) သုတေသနဌာန(ရန်ကုန်) | (၁) မျိုး |

**တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၇-၂၀၁၆ရက် ညနေ ၄း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)၊ စီမံရေး**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း

**Singapore- Myanmar Vocational Training Institute (SMVTI)**

## သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် (၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသားကျောင်းသူများ လျှောက်ထားနိုင်သည်။
(၂) သင်တန်းကာလ(၆)လတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate)ရရှိပါမည်။
(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါမည်။
(၄) Engineering နှင့် Hospitalityand Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။
(၅) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံစာ၊ အမှတ်စာရင်းမူရင်းနှင့်မိတ္တူ၊ ကျောင်းသားနှင့်မိဘ၏ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်တကွ ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။
(၆) ပဏာမရွေးချယ်ခံရပြီး အောင်မြင်သူများ Interview ဖြေဆိုရန် လိုအပ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

**Courses for Hospitality & Tourism**
1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

**Courses for Engineering**
1. Electronics (Computer & Networking)
2. Electrical Technology (Electrical Appliances and Special Installations)
3. Residential Air-Conditioning
4. Building Fixtures and Equipment
5. General Welding
6. Mechatronics (Basic Servicing)

**သင်တန်းဖွင့်လှစ်မည့်ရက်**
နိုဝင်ဘာ ၇ရက် ၂၀၁၆ ခုနှစ်

**သင်တန်းနေရာ**
SMVTI အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်စုံစမ်းရန်ဖုန်း - ၀၉-၇၈၁၀၀၂၅၇၁ (Engineering)
၀၉-၇၈၁၀၀၂၅၇၂ (General Office)
၀၉-၇၈၁၀၀၂၅၇၃(Hospitality and Tourism)

လျှောက်လွှာများကို ၂၇-၆-၂၀၁၆ ရက်မှ ၈-၇-၂၀၁၆ ရက်အထိ နံနက် ၉နာရီမှ ညနေ ၄း၀၀ နာရီအထိ ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၁၃-၇-၂၀၁၆ ရက်ဖြစ်ပါသည်။

**မှတ်ချက်။** ။ **အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနရှိ တွန်းသင်္ဘော (Tug Boat) ပြင်ဆင်ရန်အတွက် 8mm သံပြား၊ 6mm သံပြား၊ 3" Angle, 2" Angle (6"x3") I-Beamများ ဝယ်ယူလိုပါသည်။ ပစ္စည်းများကို စစ်တွေသင်္ဘောကျင်းသို့ အရောက်ပေးပို့ရပါမည်။

**လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၆ ရက်(ရုံးချိန်အတွင်း)
**လျှောက်လွှာပိတ်ရက်** - ၇-၇-၂၀၁၆ ရက် ၁၆း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - ပင်မအလုပ်ရုံ(တောင်)မင်းကြီးလမ်း၊ ရွာမ-အင်းစိန်၊ ရန်ကုန်
**တင်ဒါဖွင့်မည့်ရက်** - ၁၁-၇-၂၀၁၆ ရက် ၁၃း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ် ၁၁၊ တံတားဦးစီးဌာန (ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၀၂၀၃၇၀၊ ၀၉-၂၅၄၂၂၂၀၀၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ (Myanmar Merchant Shipping Act) ပုဒ်မ ၂၉၄(ခ)၊ ပုဒ်မခွဲ(ခ)နှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ စက်မဲ့ကုန်တွဲ(Car go Barge)များအား တိုင်းတာစစ်ဆေးမှုခံယူရန် ညွှန်ကြားချက် (၁/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ညွှန်ကြားချက်အရ တိုင်းတာစစ်ဆေးမှုခံယူခြင်း၊ ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်လျှောက်ထားခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ရာ လက်ရှိအသုံးပြုလျက်ရှိသော စက်မဲ့ကုန်တွဲများသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ယခင်ထုတ်ပေးထားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ခုတ်မောင်းသွားလာခွင့်လက်မှတ်(Permit to Ply)သက်တမ်းမကုန်ဆုံးမီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် စစ်ဆေးမှုခံယူသွားရန် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိအသုံးပြုလျက်ရှိသာ စက်မဲ့ကုန်တွဲများ၊ စစ်ဆေးမှုခံယူရမည့်ကာလတွင် ရန်ကုန်နှင့်မန္တလေး ဆိပ်ကမ်းများ၊ ပြင်ပသို့ ရောက်ရှိနေသော အဝေးရောက်စက်မဲ့ကုန်တွဲများ၊ တည်ဆောက်ဆဲစက်မဲ့ကုန်တွဲများ၊ တည်ဆောက်မည့် စက်မဲ့ကုန်တွဲများနှင့်ပတ်သက်၍ တိုင်းတာစစ်ဆေးမှုခံယူခြင်းဆိုင်ရာများနှင့် ဌာနကဆက်လက် ဆောင်ရွက်သွားရမည့် အစီအစဉ်များအား www.dma-mm.org တွင် ဖော်ပြထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့် စက်အရံပစ္စည်းများ-**
Calibration Tip and USB Cable, Air Conditioner, Refinery Standard Gas, Air Compressor, Filled Water Transfer Pump with Motor, Global Maritime Distress and Safety System and VHF ဆက်သွယ်ရေးစက်၊ Water Pump with Motor Complete Set, Control Panel with Motor Control System.
(ခ) **ဓာတုဗေဒပစ္စည်းများ**- Hydrochloric Acid, Trichloroisocyanuric Acid
(ဂ) **ရုံးသုံးပစ္စည်းများ** (4-Items)

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရံပစ္စည်းများ-**
LRCA-2301 Transmitter (Cooler for High Pressure Absorber), Spare Parts for Instrument Air Compressor, Spare Parts for Process Air Compressor, Spare Parts for Refrigeration Compressor, Lubricator Element, Castable, Mechanical Seal, Spare Parts for RC Feed Pump (China), Cation Exchange Tank Complete Set(T-3214)with accessories, Reformer Tube & Gasket, Valve (PV-3104), Flow Transmitter, Level Transmitter, Temperature Element, Solenoid, Air Regulator, Cotton wick (Fine Spun, Commercial "fine grade"). Air Dryer for Instrument Compressor, Form Flex Coupling for Steam Turbine Pump, Diaphragm Control Valve with Positioner & Lever, Replacement of Centrifuge Test (ASTM.D-1796) Gas. Chromatograph Apparatus & Combustible Gas Detector, Governor For Force Draft Fan CO-1401 A Turbine, Spare Parts for MHI AP/AI Air Compressors, Lube Oil for Oxygen Compressor
(ခ) **ဓာတုဗေဒပစ္စည်းများ** - Ammonia Converter Catalyst ($2.3M^3$),
- Water Treatment Chemicals (35 Tons)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၇-၂၀၁၆ ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်ချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ် အမှတ်(၉) ရွာသစ်(န) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မနွယ်နွယ်လတ်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၉/ပဘန(နိုင်) ၁၈၄၄၄၁ ဖြစ်ပါကြောင်း။ **ဦးတင်စိုး ၉/ပဘန(နိုင်) ၁၈၄၄၄၁**

### ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ယင်းမာပင် အထက၊ နဝမတန်း(A)မှ မသီရိစန္ဒာ၊ နဝမတန်း(C)မှ မောင်အောင်မျိုးအောင်(ခ) မောင်သဲသက်ပိုင်ဦးနှင့် မစောပြည့်စန္ဒာတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၉/သစန(နိုင်) ၀၈၀၀၉၂ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

### ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ယင်းမာပင် အထက၊ အဋ္ဌမတန်း(C)မှ မောင်သန်းဝင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်(ခ)မောင်ဝင်း ၉/သစန(နိုင်)၁၇၀၇၅၆ ဖြစ်ပါကြောင်း။ **ဦးအောင်အောင်(ခ)မောင်ဝင်း**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး အထက သတ္တမတန်းမှ မဆန်းမီ၏ ဖခင်အမည်မှန်မှာ ၅/ကဘလ(နိုင်) ၁၃၂၅၈၁အရ ဦးကျော်မြင့်ထူး ဖြစ်ပါသည်။ **ဦးကျော်မြင့်ထူး (ဖခင်)**

### အမည်ပြောင်း

ဦးလှမိုး-ဒေါ်မြမြအေးတို့၏ သား အထက(၅)မ/ဒဂုံပဉ္စမတန်းမှ မောင်အေးမင်းထွန်းအား မောင်အောင်ထူးဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ထူးဟိန်း**

### မွေးသက္ကရာဇ်အမှန်

ဦးအောင်ကျော်မိုး၏သား ပျော်ဘွယ်မြို့နယ်၊ မြင်းတဲကျေးရွာ အထကခွဲ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲလွင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၁- ၁၉၉၉ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်မိုး ၉/ပဘန(နိုင်) ၀၆၇၆၅၄**

### ဖခင်အမည်မှန်

ပေါက်ခေါင်းအထက၊ အဋ္ဌမတန်း (D)မှ မောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေ ၇/ပခတ(နိုင်)၀၂၄၀၁၄ ဖြစ်ပါကြောင်း။ **ဦးထွန်းငွေ**

### ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အိုးဘိုကုန်း အထက နဝမတန်း(C)မှ မလဲ့ရည်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇေယျ ၇/ပခတ(နိုင်)၀၀၀၃၈၄ ဖြစ်ပါကြောင်း။ **ဦးအောင်ဇေယျ**

### ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အိုးဘိုကုန်း အထက နဝမတန်း(D)မှ မောင်မျိုးမျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့် ၇/ပခတ(နိုင်)၀၉၉၉၄၀ ဖြစ်ပါကြောင်း။ **ဦးဇော်မြင့်**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ် အမှတ်(၉) ရွာသစ်(န) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်ကိုဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/ပဘန(နိုင်) ၁၃၁၉၂၈ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း ၉/ပဘန(နိုင်)၁၃၁၉၂၈**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ် အမှတ်(၉) ရွာသစ်(န) အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မလဲ့လဲ့ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၉/ပဘန(နိုင်)၀၂၆၉၆၅ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းဦး ၉/ပဘန(နိုင်)၀၂၆၉၆၅**

### ဖခင်အမည်မှန်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လယ်ဝေးမြို့နယ်၊ အထက(၆)၊ သာဝတ္ထိ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝဏ္ဏဝင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း၉/လဝန(နိုင်)၀၉၁၉၉၇ဖြစ်ပါကြောင်း။ **ဦးကျော်ထွန်း ၉/လဝန(နိုင်)၀၉၁၉၉၇**

### ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ မြို့ချောင်း အထက(ခွဲ) ဆဋ္ဌမတန်း(B)မှ မပြုံးသရဖူနှင့် တတိယတန်း (B)မှ မပြုံးဇာကရီခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးခိုင် ၇/ညလပ(နိုင်)၁၂၃၅၃၄ဖြစ်ပါသည်။ **ဦးဇော်မိုးခိုင် ၇/ညလပ(နိုင်)၁၂၃၅၃၄**

**မီးသတိပြု**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဆဋ္ဌမအကြိမ်စည်းဝေး

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - JMC-U**

ရန်ကုန်  ဇွန် ၂၇

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးနှင့်ပတ်သက်၍ JMC-U ဒုတိယဥက္ကဋ္ဌ(၁)စောအိုင်းဇက်ဖိုးက "JMC-U အစည်းအဝေးမှာ ဆွေးနွေးတဲ့

*စာမျက်နှာ ၇ ကော်လံ ၁*



ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပစဉ်

- **ယူရိုငွေ ၃ ဒသမ ၁၅ သန်း တန်ဖိုးရှိ ကျောက်မျက်အတွဲပေါင်း (၆၀) ရောင်းချရ**

*စာမျက်နှာ - ၉*

- **Brexit ကနေ Grexit သို့ ဦးတည်လာမည်ကို စိုးရိမ်နေတဲ့ ဂရိနိုင်ငံ**

*စာမျက်နှာ - ၁၁*

- **စမ်းချောင်း ခတ္တာလမ်းအတွင်း အမျိုးသမီးတစ်ဦးထံမှ ရွှေ၊ ငွေ ဖုန်းများထောက်လုယူ**

*စာမျက်နှာ - ၁၃*

## ပြည်ပရောက်မြန်မာလုပ်သားများ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှု အဆင်ပြေစေရန် ဘဏ်ခွဲသွားရောက်ဖွင့်လှစ်ရန် စီစဉ်

ရန်ကုန်  ဇွန်  ၂၇

ပြည်ပအိမ်နီးချင်းနိုင်ငံအချို့တွင် ရွှေ့ပြောင်းလုပ်သားများ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှု အဆင်ပြေစေရန်နှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ စီးဆင်းမှုလွယ်ကူစေရန်အတွက် ဘဏ်ခွဲများ သွားရောက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းဘဏ်လုပ်ငန်းရှင်များထံမှ သိရသည်။

"လက်ရှိမှာ ကျွန်တော်တို့ဆောင်ရွက်ပေးနေတာ အမ်ပီယူ ခရက်ဒစ်ကတ်ပေါ့။ နိုင်ငံတကာကပါ လက်ခံတဲ့အဆင့် ရောက်လာရင် ဒီကတ်တွေ နိုင်ငံတကာအထိ ရောက်လာမယ်။ နိုင်ငံတကာအထိ သွားလို့မရသေးတဲ့အချိန်မှာ နိုင်ငံတကာကတ်တွေကို ခွင့်ပြုချက်ရတယ်ဆိုရင် ဗီဇာ၊ မာစတာကတ်လိုဟာမျိုးကို

*စာမျက်နှာ ၇ ကော်လံ ၁*

# ကိုပါအမေရိကပြိုင်ပွဲ ချီလီအသင်းအနိုင်ရရှိပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့




ချန်ပီယံ ချီလီအသင်း အောင်ပွဲခံနေစဉ်

■ **သီဟ**

၂၀၁၆ ကိုပါအမေရိကပြိုင်ပွဲကြီးကို အိမ်ရှင်အမေရိကန်က တာဝန်ယူခဲ့ပြီး ဗိုလ်လုပွဲစဉ်အဖြစ် အာဂျင်တီးနားနှင့် ချီလီတို့ ဇွန် ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ချီလီအသင်းအနိုင်ရရှိပြီး နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။ နှစ် ၁၀၀ ပြည့်ပြိုင်ပွဲကြီးကို မက်လိုက်ဖ်ကွင်းတွင်ကျင်းပခဲ့ပြီး ပရိသတ်ပေါင်း ရှစ်သောင်းနှစ်ထောင်ကျော် လာရောက်အားပေးခဲ့သည်။

ဗိုလ်လုပွဲနှင့်အညီ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့်ပွဲကို ကွင်းလယ်ဒိုင်အဖြစ် ဘရာဇီးနိုင်ငံသား ဟီဘာလိုပက်စ်က တာဝန်ယူကိုင်တွယ်ခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံးသည် တိုက်စစ်အသားပေးကစားကွက် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် ချီလီကွင်းလယ်ကစားသမား မာဆယ်လို ဒီယက်ဇ် နှစ်ဝါတန်နီဖြင့် ထုတ်ပယ်ခံရပြီး ပထမပိုင်းပြီးခါနီး ၄၃ မိနစ်တွင် အာဂျင်တီးနား နောက်တန်းကစားသမား မားကို့စ်ရိုဂျိုကို တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းပွဲ၌ နှစ်သင်းစလုံးတွင် ကမ္ဘာကျော်ဘောလုံးသမား အများအပြားရှိနေပြီး ယမန်နှစ်က တွေ့ဆုံမှုရလဒ်၏ မကျေပွဲနှင့်အတူ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ကွင်းလယ်ဒိုင်လိုပက်စ်က တင်းတင်းကျပ်ကျပ်ဖြင့် အနီကတ်များ အသုံးပြုခဲ့သလို အဝါကတ်များလည်း ပလူပျံခဲ့သည်။ မိနစ် ၉၀ ထိ ဂိုးမသွင်းနိုင်၍ အချိန်ပို ထပ်မံကစားခဲ့ရာ ရလဒ်မပေါ်ဘဲ ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့သည်။

ပယ်နယ်တီတွင် ချီလီအသင်းမှ ဗီဒယ် စတင်ကန်သွင်းခဲ့ရာ အာဂျင်တီးနားဂိုးသမား ရိုမီယို ပုတ်ထုတ်ကာကွယ်ခဲ့သည်။ အာဂျင်တီးနားမှ အသင်းခေါင်းဆောင် မက်ဆီ ကန်သွင်းရာတွင်လည်း ဂိုးမဝင်ဘဲ ဘေးထွက်ခဲ့သည်။ အာဂျင်တီးနားမှ လူးကပ်စ်ဘစ်လီယာ၏ သွင်းဂိုး ထပ်မံမဝင်ခဲ့မှုကြောင့် ချီလီအသင်း

*စာမျက်နှာ ၁၄ ကော်လံ ၁*

